ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန









## ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## စစ်ကိုင်းခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး

## ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ

## စီမံကိန်း အပိုင်း(၁)

ပြုစုသူ
ဦးခင်မောင်ထွေး *B.Sc(Forestry)*
လက်ထောက်ညွှန်ကြားရေးမှူး

မတ်လ၊ ၂၀၁၆ ခုနှစ်

ကန့်သတ်

**သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း**

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | စီမံကိန်းအကျဉ်းချုပ် | ၁ | ၆ |
| | အပိုင်း(၁)လက်ရှိအခြေအနေ | ၇ | ၇ |
| ၁ | **နိဒါန်း** | ၇ | ၇ |
| ၂ | **အခြေခံအချက်အလက်များ** | ၈ | - |
| | ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ | ၈ | ၁၆ |
| | ၂.၂ မြေအသုံးချမှု | ၁၆ | ၂၀ |
| | ၂.၃ သစ်တောသယံဇာတအရင်းအမြစ် | ၂၀ | ၂၀ |
| | ၂.၃.၁ သစ်တောအမျိုးအစားနှင့်ဧရိယာအကျယ်အဝန်း | ၂၀ | ၂၅ |
| | ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ | ၂၅ | ၂၅ |
| | ၂.၃.၂.၁ ကြိုးဝိုင်းတောများ | ၂၅ | ၂၆ |
| | ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ | ၂၆ | ၂၇ |
| | ၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျှက်ရှိသည့်အစိုးရမြေ) | ၂၇ | ၃၁ |
| | ၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ | ၃၁ | ၃၁ |
| | ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၃၁ | ၃၃ |
| ၃ | **လူဦးရေဆိုင်ရာ အချက်အလက်များ** | ၃၄ | ၃၅ |
| ၄ | **ယခင်အုပ်ချုပ်လုပ်ကိုင်ခြင်း** | ၃၆ | ၃၆ |
| | ၄.၁ ထုတ်လုပ်ခြင်း | ၃၆ | ၃၆ |
| | ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်း | ၃၆ | ၃၈ |
| | ၄.၃ လုပ်ငန်းဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း | ၃၉ | ၄၁ |
| | ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး | ၄၂ | ၄၂ |
| | ၄.၅ အခွန်တော်ငွေနှင့် အသုံးစရိတ် | ၄၂ | ၄၄ |
| ၅ | **ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း** | ၄၅ | - |
| | ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မှု | ၄၅ | - |
| | ၅.၂ လူမှုရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ | ၄၅ | - |
| | ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ | ၄၅ | ၄၆ |
| | ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်စည်းမျဉ်း စည်းကမ်းများ ဆိုင်ရာစီစဉ်ခန့်ခွဲမှု | ၄၆ | ၄၇ |
| | ၅.၅ ပြင်ပအကြောင်းရင်းများမှ အကျိုးသက်ရောက်မှု | ၄၇ | ၄၈ |
| | ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု | ၄၈ | ၄၉ |
| | ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၄၉ | - |
| | ၅.၈ လုပ်ငန်းဆိုင်ရာအခက်အခဲအတားအဆီးများ | ၄၉ | - |
| | ၅.၉ အထွေထွေ | ၄၉ | ၅၀ |
| ၆ | နိဂုံး | ၅၀ | ၅၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
| --- | --- | --- | --- |
| | | မှ | ထိ |
| | အပိုင်း (၂) အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု | ၅၂ | ၅၂ |
| ၇ | **သစ်တောမူဝါဒ** | ၅၂ | ၅၃ |
| ၈ | **အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ** | ၅၃ | - |
| | ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ (၁၀နှစ် ကာလအတွက်) | ၅၃ | - |
| | ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၃ | ၅၄ |
| ၉ | **အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း** | ၅၄ | ၅၅ |
| | ၉.၁ ထုတ်လုပ်ရေးသဘာဝသစ်တောများ | ၅၅ | - |
| | ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၅ | - |
| | ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၅၅ | - |
| | ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ် | ၅၅ | ၅၆ |
| | ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ | ၅၆ | - |
| | ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၆ | - |
| | ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၅၆ | - |
| | ၉.၂.၂.၁ စိုက်ခင်းအလုပ်တိုက်နယ် | ၅၆ | ၆၀ |
| | ၉.၂.၃အဖွဲ့အစည်း၊လုပ်ထုံးလုပ်နည်း၊ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာစီစဉ်ခန့်ခွဲမှု | ၆၁ | - |
| | ၉.၂.၄ ဘတ်ဂျတ်နှင့် ဘဏ္ဍာရေး | ၆၁ | - |
| | ၉.၃ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ | ၆၁ | - |
| | ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၆၁ | - |
| | ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၆၂ | ၆၇ |
| | ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော များအလုပ်တိုက်နယ် | ၆၇ | ၇၅ |
| | ၉.၃.၃ အဖွဲ့အစည်း၊လုပ်ထုံးလုပ်နည်း၊ဥပဒေနှင့်စည်းမျဉ်းစည်းကမ်း များဆိုင်ရာစီမံ ခန့်ခွဲမှု | ၇၅ | - |
| | ၉.၃.၄ ဘတ်ဂျတ်နှင့် ဘဏ္ဍာရေး | ၇၅ | ၇၆ |
| | ၉.၄ ရေဝေရေလဲသစ်တောများ | ၇၆ | - |
| | ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၇၆ | - |
| | ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၇၆ | - |
| | ၉.၄.၂.၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ် | ၇၇ | ၈၁ |
| | ၉.၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ | ၈၁ | - |
| | ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၈၁ | - |
| | ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၈၁ | - |
| | ၉.၅.၂.၁ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ် | ၈၁ | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၈၂ | - |
| | ၉.၆.၁ ဂေဟစနစ်များအုပ်ချုပ်လုပ်ကိုင်ခြင်း | ၈၃ | - |
| | ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၈၃ | - |
| | ၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ/အမျိုးအစား | ၈၃ | ၈၆ |
| | ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၈၆ | ၉၀ |
| | ၉.၆.၃ အဖွဲ့အစည်း၊လုပ်ထုံးလုပ်နည်း၊ဥပဒေနှင့်စည်း မျဉ်းစည်းကမ်းများ ဆိုင်ရာစီမံခန့်ခွဲမှု | ၉၀ | ၉၁ |
| | ၉.၆.၄ ဘတ်ဂျတ်နှင့် ဘဏ္ဍာရေး | ၉၁ | - |
| | ၉.၇ သစ်တောကာကွယ်ခြင်း | ၉၁ | - |
| | ၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း | ၉၁ | ၉၃ |
| | ၉.၇.၂ မီးကာကွယ်ခြင်း | ၉၃ | - |
| | ၉.၇.၃ ပိုးမွှားနှင့် ရောဂါအန္တရာယ်ကာကွယ်ခြင်း | ၉၃ | ၉၄ |
| | ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း | ၉၄ | - |
| | ၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း | ၉၄ | - |
| | ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး | ၉၄ | - |
| | ၉.၈.၁ လေ့ကျင့်ရေး | ၉၄ | - |
| | ၉.၈.၂ သုတေသန | ၉၄ | - |
| | ၉.၈.၃ ဖွံ့ဖြိုးရေး | ၉၄ | ၉၅ |
| | ၉.၉ သစ်တောအခြေခံလုပ်ငန်း | ၉၅ | - |
| | ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ | ၉၅ | - |
| | ၉.၉.၂ သမဝါယမပိုင်ကဏ္ဍ | ၉၅ | - |
| | ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ | ၉၅ | - |
| | ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ | ၉၅ | ၉၆ |
| | ၉.၁၀ သဘာဝဝန်းကျင်နှင့်ပတ်သက်၍ထည့်သွင်း စဉ်းစားရမည့်အချက်များ | ၉၆ | ၁၀၀ |
| | ၉.၁၁ အခြေခံအဆောက်အဦ | ၁၀၀ | ၁၀၁ |
| | ၉.၁၂ ဝန်ထမ်းအင်အားနှင့်ဘတ်ဂျတ် | ၁၀၂ | ၁၀၇ |
| | ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း | ၁၀၇ | ၁၁၀ |
| | ၉.၁၄ အထွေထွေ | ၁၁၀ | - |
| **၁၀** | **မြေပုံနှင့် နောက်ဆက်တွဲများ** | | |

# စီမံကိန်းအကျဉ်းချုပ်

**စီမံကိန်းအမည်**

၁။ ဤစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်အတွက် ရေးဆွဲထားသော စစ်ကိုင်းခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းဖြစ်ပါသည်။

**စီမံကိန်းကာလ**

၂။ စီမံကိန်းကာလမှာ (၁၀)နှစ် (၂၀၁၆-၂၀၁၇) ခုနှစ်မှ (၂၀၂၅-၂၀၂၆) ခုနှစ်ထိဖြစ်ပါသည်။

**စီမံကိန်းရည်ရွယ်ချက်**

၃။ စီမံကိန်းရေးဆွဲခြင်း၏ ရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

(၁) သစ်တောများကို အကောင်းဆုံး သစ်တောများအဖြစ် ရောက်ရှိအောင် စနစ်တကျ ပြုစု ပျိုးထောင်ရေး၊ ထိန်းသိမ်းကာကွယ်ရေးအတွက် စီမံအုပ်ချုပ် လုပ်ကိုင်ရန်၊

(၂) သစ်တောများ ဖွံ့ဖြိုးတိုးတက်ပြီး၊ ထာဝစဉ်တည်တံ့စေရေးအတွက် သစ်တောသိပ္ပံ နည်းလမ်းများဖြင့် အုပ်ချုပ်လုပ်ကိုင်ရန်၊

(၃) သဘာဝသစ်တောများ ပြုစုထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် တန်ဘိုးပိုမိုတိုးတက်လာစေရန်နှင့် လက်ရှိ လူထုအတွက်အပြင်၊ နောင်လာနောင်သားများအတွက်ပါ ပြည့်စုံလုံလောက်သည့် ထာဝစဉ် နှစ်စဉ်တောထွက် (Sustained Yield) ရရှိစေရန်၊

(၄) သစ်တောသယံဇာတများမှ ရရှိနိုင်မည့် စီးပွားရေးအကျိုးအမြတ်များကို လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအား မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်ရန်၊

(၅) သစ်တောများမှ လိုအပ်ချက်အပြည့်အဝ ထုတ်ယူအသုံးချခြင်း၊ ဇီဝမျိုးစုံ ထိန်းသိမ်းခြင်း၊ ဂေဟစနစ်မျှတမှုကို ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများ ထာဝစဉ်ဖွံ့ဖြိုး တိုးတက်မှုရရှိစေရန်၊

(၆) သစ်တောများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးလိုအပ်ချက်များကို အထောက်အကူ ဖြစ်စေရန်၊

(၇) သဘာဝသစ်တောများနှင့် ဇီဝမျိုးများပြုန်းတီးခြင်း၊ အိုဇုန်းလွှာပေါက်လာခြင်း၊ ဖန်လုံအာနိသင် တိုးမြင့်လာခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းထန်ခြင်း၊ စိုက်ပျိုးမြေများခြောက်သွေ့၍ မြေဆီလွှာ ဆုတ် ယုတ်ခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ ရေထု၊ လေထုညစ်ညမ်းခြင်းစသည့်သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုအန္တရာယ်များမှ ကာကွယ်ထိန်းသိမ်းရန်၊

(စ) ရေ၊ မြေ၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး၊ သစ်တောဖုံးလွှမ်းသည့် နယ်မြေများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များပါဝင်သည့်သဘာဝနယ်မြေများ ထိန်းသိမ်း ရေးတို့နှင့်စပ်လျဉ်းသည့် ရည်မှန်းချက်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

**စီမံခန့်ခွဲမှုအာဏာ**

၄။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ကိုရယူပြီး စီမံခန့်ခွဲမှုအာဏာများကို ကျင့်သုံးမည်ဖြစ်ပါသည်။

**စီမံကိန်းရေးဆွဲခြင်း**

၅။ စစ်ကိုင်းခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင် တည်ရှိပြီး၊ ပူပြင်းခြောက်သွေ့ သစ်တောများမှာ ရှေးခေတ်အခါမှစ၍ အသုံးပြုမှုများခဲ့သဖြင့် ပျက်စီးခဲ့ရပြီး၊ ၎င်းတို့ပျက်စီးခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ပါ ယိုယွင်းလာခဲ့ပါသည်။ ထိုပျက်စီးမှု၏ အကျိုးဆက်အဖြစ် ဒေသခံပြည်သူလူထုအပေါ် လူမှုစီးပွားရေးနယ်ပယ်များတွင် ထိခိုက်မှုများ ရှိလာပါသည်။ ဤဒေသတွင် နေထိုင်သူလူဦးရေ တိုးတက်လာသည်နှင့်အမျှ သစ်တောပျက်စီးမှု ပို၍မြန်လာပြီး ထိန်းသိမ်းကာကွယ်မှုမရှိပါက သဲကန္တာရအဖြစ်သို့ ရောက်ရှိ သွားနိုင်ပါသည်။

ဤအခြေအနေများကိုကာကွယ်ထိန်းသိမ်းရန် နိုင်ငံတော်မှ အပူပိုင်းဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ ပါသည်။ ၁၉၉၄–၉၅ ခုနှစ်မှ ၁၉၉၆–၉၇ ခုနှစ်အထိ ပထမသုံးနှစ်စီမံကိန်းမှ သက္ကရာဇ် ၂၀၁၈–၁၉ ခုနှစ်အထိ ၁၅ နှစ်စီမံကိန်းအဖြစ်ကာလ တိုးမြှင့်လုပ်ကိုင် စီမံဆောင်ရွက်လျှက်ရှိပါသည်။

ဤခရိုင်အတွင်း ရုပပထဝီဝင်အနေအထားအရ ရာသီဥတုပူပြင်းပြီး၊ မြေဆီလွှာများလည်း ညံ့ဖျင်းပါသည်။ ထို့ကြောင့် သဘာဝပေါက်ပင်နည်းပါး၍ ပင်ပု၊ ပင်ပြတ်၊ ရေနည်းခံပင်များသာ များပါသည်။ထို့အပြင် လူဦးရေများပြားလာသည်နှင့်အမျှ လောင်စာနှင့်သစ်အသုံးချမှု များပြားလာခဲ့ ပါသည်။ ရာသီဥတုအခြေအနေအရ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဘာဝတောများမှာ လူဦးရေနှင့် တိရစ္ဆာန်ဦးရေ တိုးလာသည်နှင့်အမျှ အပျက်အစီးများ လည်းများလာခဲ့ပါသည်။ စစ်ကိုင်းမြို့နယ်အတွင်း သဘာဝ ထိန်းသိမ်းရေးနယ်မြေဖြစ်သည့် မင်းဝံတောင် ဘေးမဲ့ကာကွယ်တောတစ်ခု တည်ရှိပါသည်။

စစ်ကိုင်းခရိုင်တွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများမရှိပါ။ သဘာဝ ထိန်းသိမ်းရေးနယ်မြေဖြစ်သည့် မင်းဝံတောင်ဘေးမဲ့ကာကွယ်တောအတွင်း သဘာဝတောများ ရှိသော်လည်း ပေါက်ရောက် ဖုံးလွှမ်းမှုဧရိယာ နည်းပါးပါသည်။ သဘာဝသစ်တောများ ထိန်းသိမ်းခြင်း၊ သစ်တော စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သစ်တော ဖုံးလွှမ်းသည့်ဧရိယာ တိုးတက်များပြားလာစေရန် နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနှင့် အဖက်ဖက်မှ အကျိုးခံစားနိုင်ရေးတို့အတွက် အစီအစဉ်တကျ စီမံကိန်း ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါသည်။

## စီမံကိန်း၏အကျိုးသက်ရောက်မှုများ

၆။ သစ်တောများသည် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရန် များစွာ အထောက်အကူပြုလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးသွားပါက လူနှင့်တကွဇီဝမျိုးစုံတို့ အသက်ရှင် နေထိုင်နိုင်ရေးအတွက် များစွာခက်ခဲမည်ဖြစ်ပါသည်။ သစ်တောများရှိခြင်းကြောင့် လေထု၊ ရေထု သန့်ရှင်းခြင်း၊ မြေဆီလွှာ တိုးတက်ကောင်းမွန်ခြင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ အခြေခံလိုအပ်ချက် ဖြစ်သော၊ အသုံးအဆောင်၊ သစ်၊ တိုင်၊ မျှော၊ ဝါး၊ လောင်စာနှင့် ဆေးဝါးများ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။ ထို့အပြင် သစ်နှင့်သစ်တောထွက် ပစ္စည်းများ နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာဖွံ့ဖြိုးတိုးတက်စေပါသည်။ သစ်တောများကို စနစ်တကျ ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သစ်တောများတည်တံ့စေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်နိုင်ငံတော်၏ အရေးပါသည့် ကဏ္ဍအသီးသီးတွင် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် အကျိုးဖြစ်ထွန်းစေပါသည်။

လူတို့၏စားဝတ်နေရေးအတွက် ကျန်းမာရေးသည် အလွန်အရေးကြီးပါသည်။ ကျန်းမာမှသာ အလုပ်လုပ်နိုင်ပြီး၊ အသက်ရှင်သန်ရေးအတွက် ရှာဖွေစားသောက်နိုင်မည်ဖြစ်ပါသည်။ လေကောင်း လေသန့်ကို ရှူရှိုက်ပြီး ရေကောင်းရေသန့် သောက်သုံးမှသာ ကျန်းမာရေးကောင်းမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက်လည်း မြေဆီဩဇာရရှိမှသာ ဖြစ်ထွန်းအောင်မြင်နိုင်ပါသည်။

မြေဆီလွှာ ဆုတ်ယုတ်ပျက်စီးပါက သီးနှံအထွက်နှုန်း လျော့ပါးခြင်း၊ အောင်လုံသန်စွမ်းမှု မရှိခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှု ထိခိုက်စေနိုင်ပါသည်။ စီးပွားရေးကျဆင်းသည်နှင့် လူမှုရေးပိုင်းတွင် ဆုတ်ယုတ်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေရာတွင် သစ်တောကဏ္ဍမှ အများဆုံး ရှာဖွေပေးနေရသဖြင့် သစ်တောများမပျက်စီးဘဲ ထာဝရတည်တံ့နေရန် အထူးပင် လိုအပ်ပါသည်။ သို့ဖြစ်၍ သစ်တောများဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးတို့ကို အမြော်အမြင်ကြီးမားစွာဖြင့် ယခုရေးဆွဲသည့်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းနှင့်အညီ စနစ်တကျအုပ်ချုပ် လုပ်ကိုင် သွားရမည်ဖြစ်ပေသည်။

## အကျယ်အဝန်းနှင့် လူဦးရေ

၇။ စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ် (မြင်းမူပူးတွဲ) အပါအဝင် မြို့နယ်ပေါင်း (၃) မြို့နယ်ရှိပါသည်။

စစ်ကိုင်းမြို့နယ်၏ဧရိယာအကျယ်အဝန်းမှာ (၃၁၀၅၀၂) ဧကဖြစ်ပါသည်။၂၀၁၄ခုနှစ်သန်းခေါင်စာရင်းအစီရင်ခံစာ ၃–င အရ စစ်ကိုင်းမြို့နယ်၏လူဦးရေမှာ (၃၀၇၁၉၄) ဦးဖြစ်ပါသည်။

မြင်းမူမြို့နယ်၏ဧရိယာအကျယ်အဝန်းမှာ (၁၉၁၆၅၄) ဧကဖြစ်ပါသည်။ ၂၀၁၄ခုနှစ်၊သန်းခေါင်စာရင်းအစီရင်ခံစာ ၃–င အရ မြင်းမူမြို့နယ်၏ လူဦးရေမှာ (၁၀၆၉၈၆) ဦးဖြစ်ပါသည်။

မြောင်မြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ (၁၁၁၄၆၈) ဧကဖြစ်ပါသည်။ ၂၀၁၄ခုနှစ်၊သန်းခေါင်စာရင်းအစီရင်ခံစာ ၃–င အရ မြောင်မြို့နယ်၏လူဦးရေမှာ (၁၀၆၄၁၁) ဦးဖြစ်ပါသည်။

စစ်ကိုင်းခရိုင်၏ ဧရိယာအကျယ်အဝန်းမှာ (၆၁၃၆၂၄) ဧကဖြစ်ပါသည်။ ၂၀၁၄ခုနှစ်၊သန်းခေါင်စာရင်းအစီရင်ခံစာ ၃–င အရ စစ်ကိုင်းခရိုင်၏လူဦးရေမှာ (၅၂၀၅၉၁) ဦးဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင်

၈။ စစ်ကိုင်းခရိုင်၏ မြေမျက်နှာသွင်ပြင်အနေအထားမှာ ခရိုင်တစ်ခုလုံး၏ ၈၅% ခန့်သည် ညီညာပြန့်ပြူးမှုရှိပြီး ကျန် ၁၅% မှာ တောင်နှင့်တောင်ကုန်းများ ဖြစ်ပါသည်။ စစ်ကိုင်းမြို့အနီး ဧရာဝတီမြစ်အနောက်ဘက်ကမ်း၌ တည်ရှိသော မင်းဝံတောင်တန်းနှင့် စစ်ကိုင်းတောင်တန်းတို့မှာ ထင်ရှားပါသည်။ စစ်ကိုင်း ခရိုင်၏ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ဆုံးနေရာမှာ စစ်ကိုင်း တောင်တန်းရှိ ရွှေမြင်တင်တောင်ဖြစ်ပြီး အမြင့်ပေ(၁၃၃၂)ရှိပါသည်။ မင်းဝံတောင်ရိုးမှာ မတ်စောက်မှု မရှိဘဲ ဆင်ခြေလျှောပြေပြစ်ပါသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် မြောင်မြို့နယ်၏ တောင်ဘက်တွင် ပေါင်းဆုံ ကြပါသည်။ အဆိုပါမြစ်များမှာ တစ်နှစ်ပတ်လုံး ရေစီးဆင်းလျှက်၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးနှင့် သစ်များသယ်ယူ ပို့ဆောင်ရေးတို့တွင် များစွာ အသုံးဝင်ပါသည်။ မူးမြစ်မှာ မိုးရာသီတွင် မော်တော်၊ စက်တပ်ရေယာဉ်များ ကူးသန်းသွားလာ နိုင်ပြီး၊ ဆောင်းရာသီနှင့် နွေရာသီများတွင် ရေနည်းသဖြင့် ဝါးဖောင်ငယ်များ မျှောချနိုင်ပါသည်။

## ရာသီဥတု

၉။ လွန်ခဲ့သော(၁၀)နှစ်တာကာလအတွင်း စစ်ကိုင်းခရိုင်၏ အမြင့်ဆုံးအပူချိန်မှာမှာ (၄၀.၉) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၁၃.၁)ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး၊ ပျှမ်းမျှအပူချိန်မှာ (၂၇.၄၅) ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ မိုးရေချိန်မှာ (၃၆.၅) လက်မဖြစ်ပါသည်။ ပျမ်းမျှစိုထိုင်းဆမှာ (၆၇.၇၅%) ဖြစ်ပါသည်။ နှစ်အလိုက် ရွာသွန်းခဲ့သည့် မိုးရေချိန်အား ဇယား(၂-၁-၄)ဖြင့် ဖော်ပြအပ်ပါသည်။

## မြေအသုံးချမှု

၁၀။ ၂၀၁၅ခုနှစ်တွင် စစ်ကိုင်းခရိုင်၏ သစ်တောမြေအသုံးချမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | ဧရိယာ(ဧက) | ခရိုင်ဧရိယာ၏ % |
|---|---|---|---|---|
| ၁။ | ကြိုးဝိုင်းတော | - | - | - |
| ၂။ | ကြိုးပြင်ကာကွယ်တော | - | - | - |
| ၃။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၁ | ၅၀၈၇၄ | ၈.၂၉ |
| | **စုစုပေါင်း** | **၁** | **၅၀၈၇၄** | **၈.၂၉** |

ဇစ်မြစ်- စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## သစ်တောအမျိုးအစားနှင့်သစ်၊ ကြိမ်၊ ဝါးများ

၁၁။ စစ်ကိုင်းခရိုင်အတွင်း အဓိကပေါက်ရောက်သည့် တောအမျိုးအစားမှာ အပူပိုင်းဒေသ တောခြောက်ဖြစ်ပါသည်။ ဆင်တုံးမနွယ်၊ တောရှောက်၊ တဖောင်းကြီး၊ တဖောင်းပြဿဒ်၊ ဆီးဖြူ၊ သဘော်မယ်ဇလီ၊ အုန္နဲ၊ ကသစ်၊ ဧကရာဇ်၊ကြောင်ပန်း၊ဒန့်ကျွဲ၊ သံမနိုင်ကျောက်မနိုင်၊ လက်ထုတ်၊ လက်ပံခါး၊ သက်ရင်းကြီး စသည့်ဆေးဘက်ဝင်ပင်များကိုလည်းတွေ့ရပါသည်။ဝါးအနည်းငယ်ရောနှောပေါက်ရောက်နေသည်ကို တွေ့ရပါ သည်။

## သစ်ပေါက်ရောက်မှုနှင့်သစ်ထုထည်

၁၂။ စစ်ကိုင်းခရိုင်အတွင်းကြိုးဝိုင်းတောများမရှိပါ။ မင်းဝံတောင် ဘေးမဲ့ကာကွယ်တောမှာလည်း သစ်ပင်ပေါက်ရောက်မှုအခြေအနေကို ဖော်ပြနိုင်ခြင်းမရှိပါ။ စစ်ကိုင်းခရိုင်သည် သစ်နှင့်သစ်မဟုတ်သည့် အခြားသစ်တောထွက် ပစ္စည်းများ ထွက်ရှိမှုမရှိပါ။

## လွန်ခဲ့သော ၁၀နှစ်တာကာလအတွင်း သစ်ထုတ်လုပ်မှု

၁၃။ လွန်ခဲ့သော ၁၀နှစ်တာကာလအတွင်း စစ်ကိုင်းခရိုင်တွင် ကျွန်းနှင့်သစ်မာထုတ်လုပ်မှု မရှိပါ။

## သစ်အခြေခံ စက်မှုလုပ်ငန်းများ

၁၄။ သစ်အခြေခံစက်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်လျှက်ရှိပြီး၊ နိုင်ငံပိုင် သစ်စက်ကြီး (၁)စက် နှင့် ပုဂ္ဂလိက ပိုင်သစ်စက်ကြီး (၅)လုံး၊ ပုဂ္ဂလိကပိုင်အချောထည်စက် (၇)လုံး၊ ပုဂ္ဂလိကပိုင် သစ်စက် သေး (၂၉)၊ လျှာထိုးစက် (၁)လုံးရှိပါသည်။ အသေးစား စက်မှုလက်မှုဦးစီးဌာနမှ ထုတ်လုပ်ပေးထားသော အသေးစား စက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်အရ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထား ရှိသော အိမ်တွင်းစက်မှုလက်မှု စက် (၁၈) လုံးရှိပါသည်။

## အလုပ်တိုက်နယ်များ

၁၅။ စစ်ကိုင်းခရိုင်အတွင်း ပေါက်ရောက်လျှက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု၊သစ်နှင့် သစ်တောထွက်ပစ္စည်းထွက်ရှိမှု အလားအလာ၊ ကုန်ကျစရိတ်နှင့်အကျိုးအမြတ်၊ဒေသခံပြည်သူတို့၏ သစ်နှင့် သစ်တောထွက်ပစ္စည်းလိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့် ရေမြေထိန်းသိမ်းမှု လိုအပ်ချက်စသည့် အချက်အလက်များကို အခြေခံပြီး အလုပ်တိုက်နယ်များ ဖွဲ့စည်းတည်ထောင်ပြီး စနစ်တကျစီမံ အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

စစ်ကိုင်းခရိုင်တွင် သစ်ထုတ်လုပ်နိုင်သည့် သဘာဝတောများမရှိသဖြင့် ထုတ်လုပ်ရေးအလုပ်တိုက်နယ် ဖွဲ့စည်းတည်ထောင်လုပ်ကိုင်နိုင်မှုမရှိပါ။ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်နိုင်မှုမရှိသည့်အတွက် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ် ဖွဲ့စည်းတည်ထောင် လုပ်ကိုင်နိုင်မှု မရှိပါ။

စိုက်ခင်းများအလုပ်တိုက်နယ်ကို ၂၀၀၆ခုနှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သည့် စီးပွားရေးစိုက်ခင်း (ကြက်ဆူ) (၇၅) ဧကအား အလုပ်တိုက်နယ် (၁)ခုဖွဲ့စည်း တည်ထောင်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်ကို စစ်ကိုင်းခရိုင်အတွင်း သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ နှစ်အလိုက် တည်ထောင်ထားရှိသော ကျေးရွာသုံးထင်းစိုက်ခင်းဧရိယာ (၁၀၁၉၅)ဧကအား အလုပ်တိုက်နယ် (၁)ခုဖွဲ့စည်းလုပ်ကိုင်သွားမည်ဖြစ်ပါသည်။

ရေဝေရေလဲအလုပ်တိုက်နယ်ကို မြင်းမူမြို့နယ်ရှိ လက်ပံဆည်ရေဝေရေလဲဧရိယာမှ သစ်တောဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်ထားရှိသော ရေဝေရေလဲစိုက်ခင်း (၂၀)ဧကနှင့် အခြားမြေ (၅၈၅)ဧကနှင့်မြောင်မြို့နယ်ရှိလက်ယက်မဆည်ရေဝေရေလဲဧရိယာမှာ သစ်တောဦးစီးဌာနနှင့်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ

စိုက်ပျိုးတည်ထောင်ထားရှိသော ရေဝေရေလဲစိုက်ခင်း (၂၈၀)ဧကနှင့် အခြားမြေ (၂၁၀)ဧက စုစုပေါင်း (၁၀၉၅) ဧက ကျယ်ဝန်းသော အလုပ်တိုက်နယ် (၁)ခု ဖွဲ့စည်းတည်ထောင်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

## သဘာဝထိန်းသိမ်းရေးနယ်မြေ

၁၆။ စစ်ကိုင်းခရိုင်အတွင်းမင်းဝံတောင်ဘေးမဲ့ကာကွယ်တော (၁)ခုရှိပါသည်။၁၉၇၁ခုနှစ်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅၉ ထုတ်ပြန်ပြီး (၅၀၈၇၄)ဧက ဖွဲ့စည်းခဲ့ပါသည်။စစ်ကိုင်းတောင်တန်းပေါ်ရှိ သဘာဝတောများတွင် ဇီဝမျိုးစုံမျိုးကွဲများကို ဂျီ၊ ငှက်မျိုးစုံတို့ကို ကာကွယ်ထိန်းသိမ်းရန် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်ပါသည်။

## တည်ထောင်ပြီးစိုက်ခင်းများ

၁၇။ စစ်ကိုင်းခရိုင်တွင် သစ်တောဦးစီးဌာနမှ တည်ထောင်ထားသော သစ်တောစိုက်ခင်းများ အနေဖြင့် စီးပွားရေး (ကြက်ဆူ) (၇၅)ဧက၊ ကျေးရွာသုံးထင်းစိုက်ခင်း (၁၀၆၁၉) ဧကနှင့် ရေဝေရေလဲစိုက်ခင်း (၂၀၀)ဧက ရှိပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်ထားသော သစ်တောစိုက်ခင်းများအနေဖြင့် ကျေးရွာသုံး ထင်းစိုက်ခင်း (၈၄၅) ဧက၊ တောင်တန်းစိုက်ခင်း (၃၄၉၀)ဧက၊ ရေဝေရေလဲစိုက်ခင်း (၈၀)ဧကနှင့် အခြား စိုက်ခင်း (၁၀)ဧကတို့ရှိပါသည်။

## စစ်ကိုင်းခရိုင်ဖွဲ့စည်းပုံ

၁၈။ စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ် (ခ)အဆင့်မြို့နယ် (၂)မြို့နယ်နှင့်မြင်းမူမြို့နယ်ပူးတွဲအဖြစ် မြောင်မြို့နယ် (ဂ)အဆင့်မြို့နယ် (၁)မြို့နယ် စုစုပေါင်း (၃)မြို့နယ်ပါဝင်ပါသည်။

စစ်ကိုင်းမြို့နယ်တွင် ဝန်ထမ်းအင်အား (၁၉)ဦး၊ မြင်းမူမြို့နယ် (မြောင်မြို့နယ်ပူးတွဲ)တွင်ဝန်ထမ်းအင်အား (၁၄)ဦး၊ စစ်ကိုင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ လက်ထောက်ညွှန်ကြားရေးမှူး (၁)ဦးအပါအဝင် ဝန်ထမ်းအင်အား (၁၆)ဦး စုစုပေါင်း ဝန်ထမ်းအင်အား (၄၉)ဦးဖြင့် ဖွဲ့စည်းထားပါသည်။

# အပိုင်း (၁)
# လက်ရှိအခြေအနေ

## ၁။ နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၏ (၂၀၀၆–၂၀၀၇)ခုနှစ်မှ (၂၀၁၅–၂၀၁၆)ခုနှစ်အထိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအား လက်ထောက်ညွှန်ကြားရေးမှူး ဦးအင်ဟုတ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆက်တို့မှ ရေးဆွဲခဲ့ပါသည်။

၂၀၁၆–၂၀၁၇ ခုနှစ်မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း များကို ပြုစုရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြောင်းလဲလာသည့် ခေတ်စနစ်များ နှင့်အညီ တစ်ပြေးညီ တစ်နိုင်ငံလုံးရှိ သစ်တောခရိုင်အားလုံးအတွက် ပြုစုရေးဆွဲနိုင်ရန် ဦးတည်၍ ၂၀၁၆–၂၀၁၇ ခုနှစ်မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ပြုစုရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို အထက်မြန်မာပြည်ရှိ ခရိုင်များအား ၂၀၁၅ ခုနှစ်မှ မေလ (၂၅)ရက်နေ့မှ (၂၇)ရက်နေ့အထိ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်၌လည်းကောင်း၊ အောက်မြန်မာပြည်ရှိခရိုင်များအား ၂၀၁၅ ခုနှစ်၊ ဇွန်လ (၈)ရက်မှ (၁၀)ရက်နေ့အထိ သစ်တော ဦးစီးဌာန၊ ဗဟိုသစ်တောဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန (CFDTC) မှော်ဘီ၌လည်းကောင်း နှစ်နေရာခွဲ၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲများမှ ရရှိသော ရလာဒ်များပေါ် အခြေခံ၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးမှ ဦးဆောင်၍ အောက်ပါသစ်တော ဦးစီးဌာနမှ အမှုထမ်းများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၏ ၂၀၁၆–၂၀၁၇ ခုနှစ်မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအား ပြောင်းလဲလာသည့် ခေတ် စနစ်များနှင့်အညီ ပြန်လည် ပြင်ဆင်ရေးဆွဲခြင်းဖြစ်ပါသည်။

| | | |
|---|---|---|
| (က) ဦးညွန့်လှိုင် | မြို့နယ်ဦးစီးဌာနမှူး | စစ်ကိုင်းမြို့နယ်သစ်တောဦးစီးဌာန |
| (ခ) ဦးစိုးတင့် | မြို့နယ်ဦးစီးဌာနမှူး | မြင်းမူမြို့နယ်သစ်တောဦးစီးဌာန |
| (ဂ) ဦးအောင်စိုးမြင့် | တောအုပ်ကြီး | စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန |
| (ဃ) ဒေါ်သန်းသန်း | ဌာနခွဲစာရေး | ॥ |
| (င) ဦးမျိုးနိုင် | တောအုပ် | ॥ |
| (စ) ဦးဇော်လွင်ဦး | တောအုပ် | ॥ |
| (ဆ) ဦးသန်းဆွေ | တောအုပ် | စစ်ကိုင်းမြို့နယ်သစ်တောဦးစီးဌာန |
| (ဇ) ဦးဝင်းနိုင် | တောအုပ် | ॥ |
| (ဈ) ဦးစိုးနိုင် | တောအုပ် | ॥ |
| (ည) ဦးသီဟဇော် | တောအုပ် | မြင်းမူမြို့နယ်သစ်တောဦးစီးဌာန |
| (ဋ) ဦးနီစိုင်းမောင် | တောအုပ် | ॥ |
| (ဌ) ဒေါ်တင်တင်ထွေး | အငယ်တန်းစာရေး | စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန |

# ၂။ အခြေခံအချက်အလက်များ

## ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ

### ၂.၁.၁ တည်နေရာ၊ ဧရိယာအကျယ်အဝန်းနှင့် ဥပဒေအကျိုးသက်ရောက်မှု

စစ်ကိုင်းခရိုင်သည် မြောက်ဘက်တွင် ရွှေဘိုခရိုင်၊ အရှေ့ဘက်တွင် မန္တလေးခရိုင်၊ တောင်ဘက်တွင် ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ပခုက္ကူခရိုင်နှင့် အနောက်ဘက်တွင် ပခုက္ကူခရိုင်၊ မုံရွာခရိုင် တို့ဖြင့် နယ်နမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

(က) စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်များ ပါဝင်ပါသည်။

(ခ) စစ်ကိုင်းခရိုင်သည် မြောက်လတ္တီတွဒ် ၂၀ံ ၃၈' မှ ၂၂ံ ၁၅' အကြားနှင့်အရှေ့ လောင်ဂျီတွဒ် ၈၄ံ ၄၅' မှ ၉၆ံ ၁၃' အကြားတွင်တည်ရှိပါသည်။

(ဂ) စစ်ကိုင်းခရိုင်၏ နယ်နိမိတ်အလားအလာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**မြောက်ဘက်။** စစ်ကိုင်းခရိုင် အနောက်မြောက်ဘက် အောင်ချမ်းသာရွာအနီး၊ မုံရွာ မြို့နယ်၊ အရာတော်မြို့နယ်နှင့် မြင်းမူမြို့နယ်၊ နယ်နိမိတ် ၃ ခု ဆုံသောနေရာမှ စတင်၍ အရှေ့ဘက်သို့ အရာတော်မြို့နယ်နှင့် မြင်းမူမြို့နယ်၊ နယ်နိမိတ်အတိုင်းသွားပြီး ကျီးကိုးပင်ရွာမြောက်ဘက် မူးမြစ်ဆိပ်ကမ်း၊ စစ်ကိုင်းမြို့နယ်၊ အရာတော်မြို့နယ်နှင့် မြင်းမူမြို့နယ်၊ နယ်နိမိတ် (၃)ခုဆုံရာအထိ၊ ထိုမှ မူးမြစ်ရိုးအတိုင်း မြောက်ဘက် သို့ဆန်တက်ပြီး၊ သရက်ချိုရွာအနီး၊ အရာတော်မြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ဝက်လက်မြို့နယ် နယ်နိမိတ် သုံးခုဆုံရာအထိ၊ ထိုမှ အရှေ့ဘက်သို့ စစ်ကိုင်းမြို့နယ်၊ ဝက်လက်မြို့နယ် နယ်နိမိတ်အတိုင်းသွားပြီး၊ စစ်ကိုင်း–ရွှေဘိုကားလမ်းကို မင်္ဂလာရေစင်အနီးတွင်လည်းကောင်း၊ မန္တလေး–မြစ်ကြီးနား ရထားလမ်းကို ခက်ခဘူတာ မြောက်ဘက် ၃ မိုင်ခန့်အကွာတွင်လည်းကောင်း၊ ဖြတ်သန်းသွားပြီး စဥ့်ကိုင်ရွာအနီး၊ ဧရာဝတီမြစ်ဆိပ်ကမ်းအထိ။

**အရှေ့ဘက်။** ဧရာဝတီမြစ် အနောက်ဘက်ကမ်း စဥ့်ကိုင်ရွာအနီး စစ်ကိုင်းမြို့ နယ်နှင့် ဝက်လက်မြို့နယ်၊ နယ်နိမိတ်ဆုံရာ ဧရာဝတီမြစ်ကြောင်းအတိုင်း တောင်ဘက်သို့စုန်ပြီး စစ်ကိုင်းမြို့ ဧရာဝတီမြစ်ဆိပ်ကမ်း စစ်ကိုင်းတံတားအထိ၊

**တောင်ဘက်။** မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ စစ်ကိုင်းခရိုင်၊ နယ်နိမိတ် (၃)ခု ဆုံရာမှ စစ်ကိုင်းတံတားထိပ်မှ အနောက်ဘက်သို့ ဧရာဝတီမြစ်ကြောင်း အတိုင်း စုန်ဆင်းပြီး စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ရွာအနီး စစ်ကိုင်းခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင် နယ်နိမိတ်(၃)ခု ဆုံရာထိ၊ ၄င်းနယ်နိမိတ် ဆုံမှ အနောက်ဘက်သို့ စစ်ကိုင်းခရိုင်နှင့် မြင်းခြံခရိုင် နယ်နိမိတ် ဧရာဝတီမြစ်ကြောင်းအတိုင်း မြင်းမူမြို့နယ်၊ လက္ကပင်ကျေးရွာအထိ၊ ၄င်းမှ အနောက်တောင်ဘက်သို့ စစ်ကိုင်းခရိုင်၊ မြင်းခြံခရိုင်၊ ပခုက္ကူခရိုင် နယ်နိမိတ်(၃)ခုဆုံရာအထိ၊ထိုမှစစ်ကိုင်းခရိုင်နှင့် ပခုက္ကူခရိုင် နယ်နိမိတ်

အတိုင်း အနောက်မြောက်ဘက်သို့ ချင်းတွင်းမြစ်အတွင်း ဆန်တက်ပြီး စစ်ကိုင်းခရိုင်၊ ပခုက္ကူခရိုင်နှင့် မုံရွာခရိုင် နယ်နိမိတ် (၃)ခုဆုံရာအထိ။

**အနောက်ဘက်။** ဆက်လက်၍ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ တောကျောင်းကြီး ကျေးရွာမှ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင် နယ်နိမိတ်အတိုင်း မြောက်ဘက်သို့ ဂွေးပင်တောရွာ အနောက်ဘက်အနီးတွင် မီးရထားလမ်း၊ ကားလမ်းများ ဖြတ်သန်းပြီး မုံရွာမြို့နယ်၊ အရာတော်မြို့နယ်နှင့် မြင်းမူမြို့နယ် နယ်နိမိတ် (၃)ခုဆုံရာအထိ။

ဤခရိုင်အတွင်း ထင်ရှားသည့်မြစ်များမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မူးမြစ် တို့ဖြစ်ပါသည်။ စစ်ကိုင်းခရိုင်၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့မှာ နယ်နိမိတ်သဖွယ် တည်ရှိပါသည်။ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ စစ်ကိုင်း တောင်တန်း နှင့် မင်းဝံတောင်ရိုးတို့သည် တောင်မြောက် သွယ်တန်းလျှက် တည်ရှိပါသည်။ စစ်ကိုင်း တောင်ရိုး၊ မင်းဝံတောင်ရိုးနှင့် မင်းကွန်းတောင်ရိုးတို့မှာ ဗုဒ္ဓ သာသနာထွန်းကားသဖြင့် စေတီ၊ ဘုရား၊ ကန်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းများနှင့် သာသနာရေးဆိုင်ရာ အဆောက်အဦးများဖြင့် ထင်ရှားပါသည်။ အခြားထင်ရှားသည့် တောင်ကုန်းမှာ အုန်းတော–ဆားတောင် ကားလမ်း အနောက်ဘက် မူးမြစ်အကြားရှိ ခြေရာတော် တောင်ကုန်း ဖြစ်ပါ သည်။ စစ်ကိုင်းခရိုင်၏ ဧရိယာ အကျယ်အဝန်းမှာ (၆၁၃၆၂၄) ဧကရှိပါသည်။

စစ်ကိုင်းခရိုင်တွင် ကြိုးဝိုင်းတောများမရှိပါ။ မင်းဝံတောင် ကာကွယ်တော တစ်ခုသာရှိပြီး လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ (၁၉၆၀)ပြည့်နှစ်စက်တင်ဘာ (၂၈)ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာ အမှတ် (၃၆၅)အရ ကာကွယ်တောအဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဧရိယာကို မင်းဝံ တောင် ဘေးမဲ့ကာကွယ်တောအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ (၁၉၇၁)ခု၊အောက်တိုဘာလ (၂၆)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၅၉)အရ သတ်မှတ် ပြဋ္ဌာန်းခဲ့ပြီး၊ ဧရိယာ (၅၀၈၇၄)ဧက ကျယ်ဝန်းပါသည်။ စစ်ကိုင်း ခရိုင်အတွင်း ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်းသည့်ကာလနှင့် အမိန့်ကြော်ငြာ စာများကို ဇယား (၂–၁–၁)တွင်ဖော်ပြအပ်ပါ သည်။

## ၂.၁.၂ မြေမျက်နှာသွင်ပြင်

စစ်ကိုင်းခရိုင်၏ မြေမျက်နှာသွင်ပြင် အနေအထားမှာ ခရိုင်တစ်ခုလုံး၏ ၈၅%ခန့်သည် ညီညာ ပြန့်ပြူးမှုရှိပြီး၊ ကျန်၁၅%မှာတောင်ကုန်း၊ တောင်တန်းများ ဖြစ်ပါသည်။ စစ်ကိုင်းမြို့အနီး ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသော မင်းဝံတောင်ရိုးနှင့် စစ်ကိုင်းတောင်တန်း တို့မှာ ထင်ရှားပါသည်။ စစ်ကိုင်းခရိုင်၏ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံး နေရာမှာ စစ်ကိုင်းတောင်တန်းရှိ ရွှေမြင်တင်တောင်ဖြစ်ပြီး အမြင့်ပေ (၁၃၃၂)ပေရှိပါသည်။ မင်းဝံတောင် ရိုးမှာ မတ်စောက်မှုမရှိဘဲ ဆင်ခြေလျော ပြေပြစ်ပါသည်။ စစ်ကိုင်းတောင်တန်းတွင် အချို့နေရာ များမှာ မတ်စောက်မှုရှိသော်လည်း အများအားဖြင့် ခင်ကြောများမှာ ပြေပြစ်မှု ရှိပါသည်။

## စစ်ကိုင်းခရိုင်အတွင်းကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေး နယ်မြေများ စာရင်း

ဇယား (၂-၁-၁)

| စဉ် | ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေးနယ်မြေအမည် | ဧရိယာ (ဧက) | အမိန့်ကြော်ငြာစာ အမှတ်နှင့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ကြိုးဝိုင်းတော | - | - | |
| ၂။ | ကြိုးပြင်ကာကွယ်တော | - | - | |
| ၃။ | သဘာဝထိန်းသိမ်းရေးနယ်မြေ မင်းဝံတောင်ဘေးမဲ့ကာကွယ်တော | ၅၀၈၇၄ | ၂၅၉(၂၆-၁၀-၁၉၇၁) | |
| | **ခရိုင်ပေါင်း** | **၅၀၈၇၄** | | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန

### ၂.၁.၃ ဘူမိဗေဒနှင့်မြေဆီလွှာ

စစ်ကိုင်းခရိုင်အတွင်း တွေ့ရှိရသော မြေအမျိုးအစားများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဇယား (၂-၁-၃)ဖြင့် ဖော်ပြအပ်ပါသည်။

### ၂.၁.၄ ရာသီဥတု

စစ်ကိုင်းခရိုင်၏ ၂၀၀၆ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ (၁၀)နှစ်တာကာလတွင် အမြင့်ဆုံး အပူချိန်မှာ (၄၀.၉) စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန်မှာ (၁၃.၁)စင်တီဂရိတ် ဖြစ်ပါသည်။ ပျှမ်းမျှမိုးရေချိန်မှာ (၃၆.၅) လက်မဖြစ်ပြီး၊ ပျမ်းမျှစိုထိုင်းဆရာခိုင်နှုန်း (၆၇.၇၅)ရာခိုင်နှုန်း ဖြစ်ပါသည်။

စစ်ကိုင်းခရိုင်၏ လအလိုက်ရာသီဥတုဆိုင်ရာ အချက်အလက်များကို ဇယား(၂-၁-၄) ဖြင့် လည်းကောင်း၊ နှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေကို ဇယား (၂-၁-၄) က တို့ဖြင့် လည်းကောင်း အသီးသီးဖော်ပြထားပါသည်။

**စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက်တွေ့ရှိရသော မြေအမျိုးအစားများ**

ဇယား (၂-၁-၃)

| စဉ် | မြို့နယ် အမည် | ကြိုးဝိုင်း အမည် | မြေအမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မြန်မာအမည် | FAO အမည် | Landuse အမည် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | စစ်ကိုင်း | | နုံးမြေ | *Fluvisols* | *Alluvial* | |
| | | | သဲကုန်းတောမြေ | *Arenosols* | *Dune Forest Beach sand* | |
| | | | ကျောက်ကြေမြေနု | *Lithosols* | *Primitive Crushed Stone* | |
| | | | စနယ်မြေ | *Vertisols* | *Compact* | |
| | | | တောခြောက်မြေ | *Nitosols* | *Light Forest (cinnamon)* | |
| | | | နီညိုတောမြေ | *Ferrasols (rhodic)* | *Red brown Forest* | |
| | | | ဝါညိုတောမြေ | *Ferrasols (xanthic)* | *Yellow Brown Forest* | |
| ၂။ | မြင်းမူ | | နုံးမြေ | *Fluvisols* | *Alluvial* | |
| | | | စနယ်မြေ | *Vertisols* | *Compact* | |
| | | | ဝါညိုတောမြေ | *Ferrasols (xanthic)* | *Yellow Brown Forest* | |
| | | | နီညိုတောမြေ | *Ferrasols (rhodic)* | *Red brown Forest* | |
| | | | သဲကုန်းတောမြေ | *Arenosols* | *Dune Forest Beach sand* | |
| ၃။ | မြောင် | | နုံးမြေ | *Fluvisols* | *Alluvial* | |
| | | | စနယ်မြေ | *Vertisols* | *Compact* | |
| | | | နီညိုတောမြေ | *Ferrasols (rhodic)* | *Red brown Forest* | |
| | | | ဝါညိုတောမြေ | *Ferrasols (xanthic )* | *Yellow Brown Forest* | |
| | | | သဲကုန်းတောမြေ | *Arenosols* | *Dune Forest Beach sand* | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန

## စစ်ကိုင်းခရိုင်၏ (၂၀၀၆–၀၇ ခုနှစ်မှ ၂၀၁၅–၁၆ ခုနှစ်အထိ) လအလိုက် မိုးရေချိန်

မိုးလေဝသစခန်းတည်နေရာ = စစ်ကိုင်းမြို့
(၂၀၀၆ ခုနှစ် မှ ၂၀၁၅ ခုနှစ်အထိ)

ဇယား (၂–၁–၄)

| လအမည် | မိုးရေချိန် (လက်မ) | ပျမ်းမျှအပူချိန် (စင်တီဂရိတ်) | အမြင့်ဆုံး အပူချိန် (စင်တီဂရိတ်) | အနိမ့်ဆုံး အပူချိန် (စင်တီဂရိတ်) | စိုထိုင်းဆ (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ဇန်နဝါရီ | ၀.၁၆ | ၂၂.၃ | ၃၂.၄ | ၁၃.၁ | ၆၇ |
| ဖေဖော်ဝါရီ | ၀.၀၉ | ၂၄.၂ | ၃၅.၈ | ၁၃.၅ | ၆၀ |
| မတ် | ၀.၁၅ | ၂၇.၉ | ၃၉.၅ | ၁၇.၃ | ၅၃ |
| ဧပြီ | ၁.၅၄ | ၃၀.၆ | ၄၀.၉ | ၂၀.၃ | ၅၄ |
| မေ | ၆.၆၅ | ၃၀.၂ | ၃၉.၇ | ၂၀.၈ | ၆၈ |
| ဇွန် | ၄.၄ | ၃၀.၂ | ၃၇.၈ | ၂၂.၉ | ၇၁ |
| ဇူလိုင် | ၂.၀၇ | ၂၉.၇ | ၃၆.၅ | ၂၃.၄ | ၇၁ |
| သြဂုတ် | ၅.၅၆ | ၂၉.၅ | ၃၆.၃ | ၂၃.၀ | ၇၃ |
| စက်တင်ဘာ | ၇.၃၈ | ၂၉.၃ | ၂၆.၁ | ၂၃.၀ | ၇၅ |
| အောက်တိုဘာ | ၇.၄၅ | ၂၈.၀ | ၃၅.၈ | ၂၁.၀ | ၇၉ |
| နိုဝင်ဘာ | ၀.၃၅ | ၂၅.၃ | ၃၃.၈ | ၁၇.၀ | ၇၃ |
| ဒီဇင်ဘာ | ၀.၆၀ | ၂၂.၂ | ၃၁.၆ | ၁၅.၄ | ၆၉ |

ဇစ်မြစ်–စစ်ကိုင်းမြို့၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## နှစ်အလိုက်မိုးရွာသွန်းခဲ့မှုအခြေအနေ

ဇယား (၂–၁–၄)က

| ခုနှစ် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|---|
| မိုးရေချိန် လက်မ | ၅၉.၈၁ | ၄၇.၀၃ | ၂၃.၁၉ | ၂၄.၉၇ | ၄၇.၀၅ | ၃၉.၅၇ | ၂၂.၆၈ | ၄၀.၀၈ | ၂၇.၃၂ | ၂၈.၇ |

ဇစ်မြစ်–စစ်ကိုင်းမြို့၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန


စစ်ကိုင်းခရိုင်အတွင်း လအလိုက် ပျမ်းမျှမိုးရေချိန်
(၂၀၀၆–၂၀၀၇ ခုနှစ်မှ ၂၀၁၅–၂၀၁၆ ခုနှစ်အထိ)
၀.
၁.
၂.
၃.
၄.
၅.
၆.
၇.
၈.
ဇန်နဝါရီ
ဖေဖော်ဝါရီ
မတ်
ဧပြီ
မေ
ဇွန်
ဇူလိုင်
ဩဂုတ်
စက်တင်ဘာ
အောက်တိုဘာ
နိုဝင်ဘာ
ဒီဇင်ဘာ
မိုးရေချိန် (လက်မ)


စစ်ကိုင်းခရိုင်အတွင်း လအလိုက် ပျမ်းမျှ အမြင့်ဆုံးအပူချိန်
(၂၀၀၆ -၂၀၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်ထိ)
အပူချိန်
၀
၅
၁၀
၁၅
၂၀
၂၅
၃၀
၃၅
၄၀
၄၅
ဇန်နဝါရီ
ဖေဖော်ဝါရီ
မတ်
ဧပြီ
မေ
ဇွန်
ဇူလိုင်
ဩဂုတ်
စက်တင်ဘာ
အောက်တိုဘာ
နိုဝင်ဘာ
ဒီဇင်ဘာ
ပျမ်းမျှအပူချိန် (စင်တီဂရိတ်)
အမြင့်ဆုံး အပူချိန် (စင်တီဂရိတ်)

## ၂.၁.၅ ဇလဗေဒ ရေစီးရေလာနှင့် ရေရရှိမှု

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် မြန်မာနိုင်ငံမြောက်ဖျားပိုင်းတွင် မြစ်ဖျားခံ၍ တောင်ဘက်သို့ စီဆင်းလာကာ စစ်ကိုင်းခရိုင်၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် နယ်နိမိတ်သဖွယ် တည်ရှိနေပါသည်။ မူးမြစ်သည် ကသာခရိုင်၊ ဗန်းမောက်မြို့နယ်မှ မြစ်ဖျားခံ၍ စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်ကြား နယ်နိမိတ် အတိုင်း ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပါသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် မြောင်မြို့နယ်၏ တောင်ဘက်တွင် ပေါင်းဆုံပါသည်။ အဆိုပါမြစ်များမှာရေကြောင်း သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်သွားလာရေးနှင့် သစ်ဖောင်များ သယ်ယူပို့ဆောင်ရေးတို့တွင် များစွာ အသုံးဝင်ပါသည်။

မူးမြစ်မှာမိုးရာ သီတွင်မော်တော်၊ စက်တပ်လှေငယ်များဖြင့် ကူးသန်းသွားလာနိုင်ပြီး ဆောင်းရာသီနှင့် နွေရာသီများတွင် ရေနည်းသဖြင့် ဝါးဖောင်ငယ်များသာ မျှောချနိုင်ပါသည်။ စစ်ကိုင်းခရိုင်သည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မူးမြစ်တို့ပေါင်း ဆုံရာဒေသ ဖြစ်သဖြင့် မြစ်ဝှမ်းလွင်ပြင်များ ဖြစ်ပေါ်လျှက် ဧရိယာကျယ်ပြန့်ပါသည်။ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့တွင် သစ်တောဖုံးလွှမ်းမှု ဧရိယာမရှိဘဲ၊ လယ်ယာကိုင်း ကျွန်းနှင့်စားကျက်မြေများသာရှိပါသည်။ စစ်ကိုင်းမြို့နယ်တွင်သာ သစ်တော ဖုံးလွှမ်းသည့်ဧရိယာ အနည်းငယ်ခန့် ရှိပါသည်။

စစ်ကိုင်းမြို့နယ်မှ မြောက်ဘက် ၆ မိုင်ခန့်အကွာ စစ်ကိုင်းတောင်ခြေရှိ ရေခါးကျေးရွာအနီးတွင် (၁၇၀)ဧကခန့် ကျယ်ဝန်းသောရေခါးအင်း တစ်ခုရှိပါသည်။ အဆိုပါ အင်းတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ နိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံမှ ပရိဗီမင်အားဆေးများ ထုတ်လုပ်ရန် ကုန်ကြမ်းဖြစ်သော စပီရူလိုင်းနား (ခေါ်) စိမ်းပြာရေညှိများကို (၁၉၉၃) ခု မတ်လ (၃)ရက်နေ့မှစ၍ ထုတ်လုပ်လျှက်ရှိပါသည်။ ထို့ပြင် အဆိုပါ အင်းမှပင် ဆိုဒီယမ် ဆာလ်ဖိတ် (ဆားခါး) များကို ၁၉၈၄-၈၅ ခုနှစ်မှစတင်၍ နှစ်စဉ် ထုတ်လုပ်လျှက်ရှိပါသည်။ ၂၀၀၃ ခုနှစ်မှစ၍ ရေညှိရှာဖွေရာတွင် အခက်အခဲရှိသဖြင့် ဆိုဒီယမ် ဆာလ်ဖိတ် (ဆားခါး) ထုတ်လုပ်မှု မရှိတော့ပါ။

## ၂.၁.၆ အပင်များ

စစ်ကိုင်းမြို့နယ်ရှိ မင်းဝံတောင် ဘေးမဲ့ကာကွယ်တောအတွင်း ကျရောက်သော စစ်ကိုင်းတောင်တန်းနှင့် မင်းဝံတောင်ရိုးတွင် ရှေးယခင်က တောများရှိခဲ့သော်လည်း လူဦးရေ တိုးတက်လာခြင်းနှင့် စည်းကမ်းမဲ့စွာ သစ်ပင်များခုတ်ယူ သုံးလာကြခြင်း ကြောင့်လည်းကောင်း၊ တောများခုတ်ထွင်ရှင်းလင်းကာ၊ ယာခင်းများ စိုက်ပျိုးလာ ကြ၍လည်းကောင်း၊ တောများပြုန်းလာကာယခုအခါ တောများ အနည်းငယ်ခန့်သာ သစ်ပင်ငယ်များ ပေါက်ရောက် ဖုံးလွှမ်းလျှက်ရှိပါသည်။ စစ်ကိုင်းတောင်ရိုး၏ တောင်ဘက်စွန်းမှ မြောက်ဘက် ပတ္တမြားစေတီဝန်းကျင်ထိ နှင့် မင်းကွန်းမှ ကျောက်ပန်းလမ်း မြောက်ဘက်ရှိ ရွှေမြင်တင်တောင် ပတ်ဝန်းကျင်တဝိုက်တို့တွင်သာ သစ်ပင်ငယ်များ ဖုံးလွှမ်းလျက်ရှိပြီး၊ ဧရိယာဧက (၅၀၀၀)ခန့် ရှိပါသည်။ ကျန်နေရာများမှာ ယာခင်း များနှင့် တောင်ကတုံးများဖြစ်နေပါသည်။ စစ်ကိုင်းတောင်တန်းရှိ ရွှေမြင်တင်တောင် တဝိုက်တွင် ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်း၊ ထောက်ကြံ့၊ ဇီးဖြူ ၊ ဖန်ခါး၊ နဘဲ ၊ လျှော်ဖြူ၊ ဘန့်ဘွေး၊ ထနောင်း၊ ရှား၊ ဒဟတ်၊ သေးငယ်သည့် မျှင်ဝါးများ ပေါက်

ရောက်ပါသည်။ တောမျိုးအနေဖြင့် အထက်ရွက်ပြတ်ရောနှောသော တောခြောက် အညံ့စား ဖြစ်ပါသည်။ စစ်ကိုင်းတောင်တန်း၏ တောင်ဘက်ပိုင်း သာသနိက အဆောက် အအုံများ တည်ရှိရာ ဝန်းကျင်ဒေသများအတွင်း ပေါက်ရောက်ပင်များမှာ သန်း၊ ဒဟတ်၊ နဘဲ၊ လျှော်ဖြူ၊ သစ်ပုဂံ၊ မန်ကျည်း၊ ယင်းမာ၊ ထင်းပေါက်၊ ရှား၊ သစ်ပုတ်၊ ဖျောက်ဆိပ်၊ တမာ၊ ငွေး၊ ထနောင်း၊ မယ်ဇလီ၊ ငုစပ်၊ သစ်ပုလွေ၊ ကုက္ကို၊ ကျွန်းခေါက်နွယ် စသည့်သစ်မျိုးများဖြစ်ပြီး အပင်ကြီးများ မရှိသလောက် နည်းပါး ပါသည်။ တောမျိုးအနေဖြင့် တောခြောက်ဖြစ်ပါသည်။ ဆေးဖတ်ဝင် အပင်များအနေဖြင့် တောရှောက်၊ ဆင်တုံးမနွယ်၊ သက်ရင်ကြီး၊ လက်တုတ်ကြီး၊ တဇောင်းပြဿဒ်၊ ဆီးဖြူ၊ သဘော်မယ်ဇလီ၊ အုတ်နဲ၊ ကသစ်၊ ဇကရာဇ်၊ ကြောင်ပန်း၊ ဒန့်ကျွဲ၊ သံမနိုင်ကျောက်မနိုင် စသည့်အပင်များ ပေါက်ရောက်တွေ့ရှိရပါသည်။ စစ်ကိုင်းခရိုင်ရှိ သဘာဝတောများအတွင်း ပေါက်ရောက်သည့် အပင်များစာရင်းကို အတွဲ (၂) ဇယား (၂-၁-၆) ဖြင့် ဖော်ပြအပ်ပါသည်။

## ၂.၁.၇ သားငှက်တိရစ္ဆာန်များ

စစ်ကိုင်းမြို့နယ်အတွင်း မင်ဝံတောင် ဘေးမဲ့ကာကွယ်တောရှိသော်လည်း ယခင်က သစ်တော ပေါက်ရောက်မှု ကောင်းမွန်ခြင်းမရှိသဖြင့် တောရိုင်းတိရစ္ဆာန်များ ခိုအောင်း နေထိုင်နိုင်ရန် အခြေအနေ မရှိပါ။ သို့သော် ယခုအခါ လက်ရှိပေါက်ရောက်နေသည့် သဘာဝတောကို ကောင်း မွန်စွာ ထိန်းသိမ်းသဖြင့် သမင်၊ ဂျီ၊ နှင့် ယုန်များတွေ့ရှိ လာရပါသည်။

ခရိုင်အတွင်း မြစ်များ၊ အင်းများနှင့် တောတောင်များတွင် ငှက်အမျိုးမျိုးတို့ လာရောက် ကျက်စားကြသည်ကို ရာသီအလိုက် တွေ့ရှိရပါသည်။ စစ်ကိုင်းခရိုင်အတွင်း တွေ့ရှိရသော တောရိုင်း တိရစ္ဆာန်နှင့် ငှက်များ၏ စာရင်းကို အတွဲ (၂) ဇယား (၂-၁-၇) ဖြင့် ဖော်ပြပါသည်။

## ၂.၁.၈ အခြေခံအဆောက်အဦ

### ၂.၁.၈.၁ အဆောက်အဦ၊ လမ်းနှင့် တံတားများ

စစ်ကိုင်းခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနပိုင် အဆောက်အအုံများ စာရင်းကို အတွဲ (၂) ဇယား (၂-၁-၈-၁)က တွင်ဖော်ပြအပ်ပါသည်။ ခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနပိုင် လမ်းများနှင့်တံတားများ ဖော်ပြရန်မရှိပါ။

### ၂.၁.၈.၂ ဆက်သွယ်ရေး

ခရိုင်အတွင်း ဆက်သွယ်ရေးအသုံးပြုမှုကို အောက်ပါအတိုင်း ဇယား (၂-၁-၈-၂) ဖြင့် မြို့နယ်အလိုက် ဖော်ပြအပ်ပါသည်-

## ခရိုင်အတွင်းရှိ မြို့နယ်အလိုက် ဆက်သွယ်ရေးစနစ်အသုံးပြုမှုဇယား

ဇယား (၂-၁-၈-၂)

| စဉ် | ခရိုင်/ မြို့နယ် | အသုံးပြုသည့်ဆက်သွယ်ရေးစနစ်များ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | တယ်လီဖုန်း | ကြိုးမဲ့ ကြေးနန်း | ဖက်စ် | ရေဒီယို တယ်လီဖုန်း | ADSL အင်တာနက် တပ်ဆင်မှု | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | စစ်ကိုင်းခရိုင် | ၀၇၂-၂၂၂၃၆ | - | ၀၇၂ - ၂၂၂၃၆ | - | ၀၇၂-၂၁၁၇၇ | |
| ၂ | စစ်ကိုင်း | ၀၇၂-၂၂၃၅၅ | - | - | - | - | |
| ၃ | မြင်းမူ | ၀၇၁-၄၀၃၉၆ | - | ၀၇၁ - ၄၀၃၉၆ | - | - | |
| ၄ | မြောင် | - | - | - | - | - | |

ဇစ်မြစ် - စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

### ၂.၁.၈.၃ စက်နှင့်စက်ပစ္စည်းကိရိယာများ

ခရိုင်အတွင်းလက်ရှိ သုံးစွဲနေသော မော်တော်ယာဉ်၊ စက်နှင့်စက်ကိရိယာများ၏ အရေအတွက်နှင့် လက်ရှိအခြေအနေများကို အတွဲ(၂) ဇယား(၂-၁-၈-၃)တွင် ဖေါ်ပြအပ်ပါသည်။

### ၂.၁.၉သစ်တောအခြေခံလုပ်ငန်းများ

ခရိုင်အတွင်းရှိ အခြေခံစက်မှုလုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်းများအပေါ် အခြေခံသည့်များစာရင်းကို အတွဲ (၂) ဇယား (၂-၁-၉)တွင် ဖေါ်ပြအပ်ပါသည်။

## ၂.၂ မြေအသုံးချမှု

### ၂.၂.၁ လက်ရှိမြေအသုံးချမှု

စစ်ကိုင်းခရိုင်အတွင်းရှိလက်ရှိမြေအသုံးချမှုအခြေအနေများကို ဧရိယာအားဖြင့်ဇယား (၂-၂-၁) တွင် ဖော်ပြအပ်ပါသည်။မြေယာအသုံးချ ဇုန်နယ်မြေခွဲခြားထားမှုကို ဇယား (၂-၁-၁)က တွင် ဖေါ်ပြအပ်ပါသည်။

## စစ်ကိုင်းခရိုင်အတွင်းလက်ရှိ မြေအသုံးချမှုစာရင်း

ဧယား (၂.၂.၁)
(ဇက)

| အမှတ်စဉ် | မြို့နယ် | ကြိုးဝိုင်းတော | ကြိုးပြင်ကာကွယ်တော | သစ်တောဖုံးလွှမ်းလျက်ရှိသောအစိုးရမြေ (ကြိုးပြင်တော) | သဘာဝထိန်းသိမ်းရေးနယ်မြေ | လယ်မြေ/ယာမြေ | အခြားမြေ | စုစုပေါင်းဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁။ | စစ်ကိုင်း | – | – | – | ၅၀၈၇၄ | ၂၀၆၀၄၈ | ၅၃၅၈၀ | ၃၁၀၅၀၂ | |
| ၂။ | မြင်းမူ | – | – | – | – | ၁၆၅၀၂၅ | ၂၆၂၉ | ၁၉၁၆၅၄ | |
| ၃။ | မြောင် | – | – | – | – | ၉၁၀၉၀ | ၂၀၃၇၈ | ၁၁၁၄၆၈ | |
| | **ခရိုင်စုစုပေါင်း** | **–** | **–** | **–** | **၅၀၈၇၄** | **၄၆၂၁၆၃** | **၁၀၀၅၈၇** | **၆၁၃၆၂၄** | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## စစ်ကိုင်းခရိုင်အတွင်း လက်ရှိမြေယာအသုံးချဧရိယာမြေခွဲစာရင်း

ဇယား (၂–၂–၁) က
(ဧက)

| စဉ် | မြို့နယ် | ထုတ်လုပ်ရေးဧရိယာ | ရေဝေရေလဲထိန်းသိမ်းဧရိယာ | စိုက်ခင်းများဧရိယာ | | | လယ် | သဘာဝမြေဧရိယာ | ဒေသ | သယံဇာတ | ဖွံ့ဖြိုး | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဌာန | ပုဂ္ဂလိက | စက်မှု | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| ၁။ | စစ်ကိုင်း | – | – | ၂၅ | (၁၇၂၅) | – | – | ၅၀၈၇၄ | ၇၆၃၅ | – | – | ၅၈၅၃၄ | – |
| ၂။ | မြင်းမူ | – | ၈၆၅ | ၅၀ | – | – | – | – | ၂၂၆၅ | – | – | ၃၁၈၀ | – |
| ၃။ | မြောင် | – | ၂၃၀ | – | – | – | – | – | ၂၉၅ | – | – | ၅၂၅ | – |
| | **ခရိုင်ပေါင်း** | **–** | **၁၀၉၅** | **၇၅** | **(၁၇၂၅)** | **–** | **–** | **၅၀၈၇၄** | **၁၀၁၉၅** | **–** | **–** | **၆၂၃၉** | **–** |

ဇစ်မြစ်–စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊

ရှင်းလင်းချက်။ ပုဂ္ဂလိကစိုက်ခင်းများဧရိယာ (၁၇၂၅)ဧကသည်သဘာဝနယ်မြေဧရိယာအတွင်းပါဝင်ကျရောက်ပါသည်။

## ၂.၂.၂ သစ်တောဖုံးလွှမ်းမှုအခြေအနေ

စစ်ကိုင်းခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှု အခြေအနေများကို သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲမှ ပြုစုထားသည့် ကိန်းဂဏန်းများအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | တောအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း (%) |
|---|---|---|---|
| ၁ | ရွက်အုပ်ပိတ်တော | ၁၇ | ၀.၀၀ |
| ၂ | ရွက်အုပ်ပွင့်တော | ၁၁၂၃ | ၀.၁၈ |
| ၃ | ရေလွှမ်းမိုးဧရိယာ | ၃၀၁၈၄ | ၄.၉၂ |
| ၄ | အခြားသစ်တောဖုံးလွှမ်းမြေ | ၈၃၁၇၂ | ၁၃.၅၅ |
| ၅ | အခြားအသုံးချမြေ | ၄၉၉၁၂၈ | ၈၁.၃၄ |
| | **စုစုပေါင်း** | **၆၁၃၆၂၄** | **၁၀၀.၀၀** |




(ဇစ်မြစ် - GIS Section ၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန)

## ၂.၂.၃ မြေအသုံးချမှုဆိုင်ရာပြောင်းလဲမှုများ

စစ်ကိုင်းခရိုင်အတွင်း မြေအသုံးချမှုဆိုင်ရာပြောင်းလဲမှုများစာရင်းမရှိ၍ ဖော်ပြနိုင်ခြင်းမရှိပါ။ အတွဲ(၂)ဇယား(၂.၂.၃)ကနှင့် (၂.၂.၃)ခတို့တွင်ဖော်ပြအပ်ပါသည်။

### ၂.၂.၄ ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှု စာရင်းချုပ်

ဖော်ပြရန်မရှိပါ။

### ၂.၂.၅ ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများအတွင်းရှေ့ သတ္တု တူးဖော်ခွင့်ပြုသော ဧရိယာ စာရင်း

ဖော်ပြရန်မရှိပါ။

### ၂.၃ သစ်တောသယံဇာတအရင်းအမြစ်

### ၂.၃.၁ သစ်တောအမျိုးအစားနှင့် ဧရိယာအကျယ်အဝန်း

စစ်ကိုင်းခရိုင်၊ မင်းဝံတောင် ဘေးမဲ့ကာကွယ်တောအတွင်း တွေ့ရှိရသော တော အမျိုးအစားနှင့် ဧရိယာအကျယ်အဝန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

| စဉ် | သစ်တောအမျိုးအစား | ဧရိယာ (ဧက) | ရာခိုင်နှုန်း (%) |
|---|---|---|---|
| ၁ | ရွက်ပြတ်ရောနှောသောတောခြောက် | ၄ | ၀.၈၀ |
| ၂ | အင်တိုင်းတော/တောခြောက် | ၁၃၃၉ | ၂.၆၃ |
| ၃ | ခြုံပုတ်တော | ၁၁၉၂၅ | ၂၃.၄၄ |
| ၄ | လယ်/ယာများ၊ကွက်လပ်နှင့်အခြားမြေများ | ၃၇၃၄၈ | ၇၃.၄၁ |
| ၅ | ရေပြင်ဧရိယာ | ၂၅၈ | ၀.၅၁ |
| | စုစုပေါင်း | ၅၀၈၇၄ | ၁၀၀ |




(ဇစ်မြစ်– GIS Section ၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန )

### ၂.၃.၁.၁ သဘာဝတောများ

စစ်ကိုင်းခရိုင်အတွင်း ဘေးမဲ့ကာကွယ်တော (၁)ခုသာရှိပြီး၊ ကြိုးဝိုင်းတောများ မရှိပါ။ ဘေးမဲ့ကာကွယ်တောအတွင်းရှိ တောအမျိုးအစားနှင့် ဧရိယာအကျယ် အဝန်းကို အတွဲ(၂) ဇယား (၂-၃-၁-၁) တွင် ဖော်ပြအပ်ပါသည်။

### ၂.၃.၁.၂ သစ်တောစိုက်ခင်းများ

မြို့နယ်တစ်ခုစီအတွက် သစ်တောဦးစီးဌာန စိုက်ခင်းစာရင်းကို သစ်မျိုး၊ စိုက်ခင်း အမျိုးအစား၊ တည်ထောင်သည့်ခုနှစ်အလိုက် စိုက်ခင်းတစ်ခုစီ၏ ဧရိယာများ အတွဲ(၂) ဇယား (၂-၃-၁-၂)ကတွင်ဖေါ်ပြအပ်ပါသည်။စစ်ကိုင်းခရိုင်တွင်သစ်တောဦးစီးဌာနမှတည်ထောင်ထားသော သစ်တောစိုက်ခင်းစာရင်းကို ဇယား (၂-၃-၁-၂)ခ တွင် ဖော်ပြအပ် ပါသည်။

**စစ်ကိုင်းခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနတည်ထောင်ထားသည့် စိုက်ခင်းစာရင်းချုပ်**

ဇယား (၂-၃-၁-၂)ခ

| စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | စီးပွားရေးစိုက်ခင်း | ကြက်ဆူ | ၇၅ | |
| | | **ပေါင်း** | **၇၅** | |
| ၂။ | ကျေးရွာထင်းစိုက်ခင်း | ယူကလစ်၊ မယ်ဇလီ၊ ရှား၊ ကန္တာစိမ်း ၊ ဆီနီကယ်၊ တမာ၊ အော်ရီရှား၊ ထနောင်း၊ ကြက်ဆူ | ၁၀၆၁၉ | |
| | | **ပေါင်း** | **၁၀၆၁၉** | |
| ၃။ | ရေဝေရေလဲစိုက်ခင်း | ယူကလစ်၊ မယ်ဇလီ၊ ကန္တာစိမ်း၊ တမာ၊ ဘောဇကိုင်း၊ ကုက္ကို၊မြန်မာရှား | ၂၀၀ | |
| | | **ပေါင်း** | **၂၀၀** | |
| | **စုစုပေါင်း** | | **၁၀၈၉၄** | |

ဇစ်မြစ် -စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန

စစ်ကိုင်းခရိုင်တွင် မြို့နယ်တစ်ခုစီအတွက် အပူပိုင်းဒေသ စိန်းလမ်းစိုပြည်ရေး ဦးစီးဌာနမှ စိုက်ခင်းစာရင်းကို သစ်မျိုး၊ စိုက်ခင်းအမျိုးအစား၊ တည်ထောင်သည့် နှစ်အလိုက် စိုက်ခင်း တစ်ခုစီ၏ ဧရိယာများကို အတွဲ (၂) ဇယား (၂-၃-၁-၂)ဂ တွင် ဖော်ပြထားပါ သည်။

စစ်ကိုင်းခရိုင်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင် ထားသော စိုက်ခင်းများ၏ စာရင်းချုပ်ကို ဇယား (၂-၃-၁-၂)ဃ တွင် ဖော်ပြထားပါသည်။ စစ်ကိုင်း ခရိုင်တွင် မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိကစိုက်ခင်း များစာရင်း (ကျွန်းနှင့် သစ်မာမျိုးစုံ)ကို ဖော်ပြရန်မရှိပါ၊ မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိက စိုက်ခင်း များစာရင်း (ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား) ဖော်ပြရန် မရှိပါ။

## စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိကစိုက်ခင်းများစာရင်း

**ကျွန်းနှင့် သစ်မာမျိုးစုံ**

ဇယား (၂-၃-၁-၂)င

| စဉ် | တည်ထောင်သည့်ခုနှစ် | မြို့နယ် | ခွင့်ပြုမိန့်ရသူအမည် | သစ်မျိုး | ခွင့်ပြုမိန့်အမှတ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော | | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | | | အမည် | အကွက်အမှတ် | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | ........ မရှိပါ........ | | | | | |
| | | ပေါင်း | | | | | | | |
| | စုစုပေါင်း | | | | | | | | |

# စစ်ကိုင်းခရိုင်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်ထားသည့်စိုက်ခင်းစာရင်းချုပ်

ဇယား (၂-၃-၁-၂)ဃ

| စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကျေးရွာထင်းစိုက်ခင်း | ဆီနီဂေါ်၊ ကန္တာစိမ်း၊ ယူကလစ်၊ တမာ၊ အော်ရီရှား မြန်မာရှား၊ ဆူးဖြူ | ၈၄၅ | |
| | | **ပေါင်း** | **၈၄၅** | |
| ၂ | တောင်တန်းစိုက်ခင်း | ယူကလစ်၊တမာ၊ကုက္ကိုလ်၊ဘောစကိုင်း၊ ရှား၊ လဲမှို့ ကန္တာစိမ်း၊ မယ်ဇလီ၊ ဆီနီကောရှား၊ နာနတ်ရိုင်း၊ ဖျောက်ဆိပ် | ၃၄၉၀ | |
| | | **ပေါင်း** | **၃၄၉၀** | |
| ၃ | ရေဝေရေလဲစိုက်ခင်း | ယူကလစ်၊ မြန်မာရှား၊ တမာ | ၈၀ | |
| ၄ | အခြား | ယူကလစ်၊မယ်ဇလီ၊ တမာ | ၁၀ | |
| | | **စုစုပေါင်း** | **၄၅၁၅** | |

ဇစ်မြစ်-စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊

## စစ်ကိုင်းခရိုင်အတွင်း မြို့နယ်များအလိုက် တည်ထောင်ထားသည့်ပုဂ္ဂလိကစိုက်ခင်းများစာရင်း

ရာဘာ၊ ဆီအုန်း၊ ကြံနှင့်အခြား ဇယား (၂-၃-၁-၂)င

| စဉ် | တည်ထောင်သည့်ခုနှစ် | မြို့နယ် | ခွင့်ပြုမိန့်ရသူအမည် | သစ်မျိုး | ခွင့်ပြုမိန့်အမှတ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | | | အမည် | အကွက်အမှတ် | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | ........ ...ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ထားခြင်းမရှိပါ . . ....... | | | | | | | |

ဇစ်မြစ် - စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန

**၂.၃.၁.၃ အခြားသစ်တောများ**

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ အကျယ်အဝန်းကို တည်ထောင်သည့် ခုနှစ်အလိုက် အတွဲ(၂)ဇယား (၂-၃-၁-၃)တွင် ဖော်ပြအပ်ပါသည်။ စစ်ကိုင်းခရိုင်တွင် ကျေးလက်နေ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြစ်သည့် ထင်း၊ တိုင်၊ မျောများ ရရှိစေရန် နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန်ချက်နှင့် အညီ ကျေးလက်အိမ်ယာ ထူထောင်ရေးလုပ်ငန်းကို ၂၀၀၉-၁၀ ခုနှစ်မှစတင်၍ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ အသေးစိတ်စာရင်းကို အတွဲ(၂)ဇယား (၂-၃-၁-၃)က တွင် လည်းကောင်း၊ တစ်ရွာ တစ်ဧကစာရင်းကို အတွဲ(၂)ဇယား(၂-၃-၁-၃)ခ တွင် လည်းကောင်း ဖော်ပြအပ်ပါသည်။

**၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ**

**၂.၃.၂.၁ ကြိုးဝိုင်းတောများ**

ဤခရိုင်အတွင်းကြိုးဝိုင်းသစ်တောများမရှိပါ။

**၂.၃.၂.၁.၁ထုတ်လုပ်ရေးသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁ သဘာဝတောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၃ မျိုးဆက်မှု**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၄ ပင်ထောင်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၅ထုထည်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၂ သစ်တောစိုက်ခင်းများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၂.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ ။

**၂.၃.၂.၁.၁.၂.၂ သစ်ကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ ။

**၂.၃.၂.၁.၁.၂.၃ စိုက်ခင်းဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၂ ရေဝေရေလဲစိုက်ခင်းများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

ဖော်ရန်မရှိပါ။

**၂.၃.၂.၁.၅အခြားသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂ကြိုးပြင်ကာကွယ်တောများ** (အဆိုပြုကြိုးပြင်ကာကွယ်တောများအပါအဝင်)

စစ်ကိုင်းခရိုင်တွင် ကြိုးပြင်ကာကွယ်တောများမရှိပါ ။

**၂.၃.၂.၂.၁ ထုတ်လုပ်ရေးသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁ သဘာဝတောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၁ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၂ သစ်ကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၃ မျိုးဆက်မှု**

**၂.၃.၂.၂.၁.၁.၄ ပင်ထောင်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၅ ထုထည်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၂ သစ်တောစိုက်ခင်းများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၂.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၂.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၂.၃ စိုက်ခင်းဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၂ ရေဝေရေလဲ သစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၃ ဒေသထောက်ပံ့ရေးသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၄ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၅ အခြားသစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃ ကြိုးပြင်တောများ** (သစ်တောဖုံးလွှမ်းလျက်ရှိသည့်အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေ)

**၂.၃.၂.၃.၁ ထုတ်လုပ်ရေးသစ်တောများ**

**၂.၃.၂.၃.၁.၁ သဘာဝတောများ**

စစ်ကိုင်းခရိုင်တွင်သဘာဝသစ်တောများဖုံးလွှမ်းလျက်ရှိသည့် အစိုးရမြေ မရှိပါ။

**၂.၃.၂.၃.၁.၁.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၁.၁.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၁.၁.၃ မျိုးဆက်မှု**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၁.၁.၄ ပင်ထောင်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၁.၁.၅ထုထည်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၃.၁.၂ သစ်တောစိုက်ခင်းများ**

**၂.၃.၂.၃.၁.၂.၁ကြီးထွားနှုန်း**

စစ်ကိုင်းခရိုင်တွင်သစ်တောစိုက်ခင်းများ (စီးပွားရေး)ကြက်ဆူ၏ ကြီးထွား နှုန်းကို တိုင်းတာချက်အရ ပျမ်းမျှအမြင့် ကြီးထွားနှုန်း ၄ ပေ ၆ လက်မနှင့် လုံးပတ် (၄)လက်မခန့်ရှိကြောင်း တွေ့ရှိရပါသည်။

**၂.၃.၂.၃.၁.၂.၂ သေကြေပျက်စီးနှုန်း**

စစ်ကိုင်းခရိုင်တွင် သစ်တောစိုက်ခင်းများ (စီးပွားရေး) ကြက်ဆူသည် လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များကြောင့် သေကြပျက်စီးမှုများသည်ကို စစ်ဆေး တွေ့ရှိရပါသည်။

**၂.၃.၂.၃.၁.၂.၃ စိုက်ခင်းဇယား**

စစ်ကိုင်းခရိုင်တွင် စီးပွားရေးစိုက်ခင်း (စီးပွားရေးကြက်ဆူ) (၇၅) ဧက တည်ထောင်ထားပါသည်။ အသေးစိတ်စာရင်းကို ဇယား(၂-၃-၂-၃-၁-၂-၃) တွင် ဖြည့်စွက် ဖော်ပြအပ်ပါသည်။

**စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာနမှ တည်ထောင်ထားသော စီးပွားရေးစိုက်ခင်းဇယား**

ဇယား (၂-၃-၂-၃-၁-၂-၃)

| အမှတ်စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်းအပင်အရေအတွက် | ပျှမ်းမျှ လုံးပါတ်လက်မ | ပျှမ်းမျှ အမြင့်(ပေ) | အမြင့်ဆုံးအပင်များ၏ပျှမ်းမျှအမြင့်(ပေ) | ဒေသအညွှန်း/ဒေသအတန်းအစား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | စက်မှုကုန်ကြမ်း | ခြံစည်းရိုးကြက်ဆူ | ၂၀၀၆ | ၂၅ | ၇၅၀၀ | ၂ | ၃ | ၄ | ၄ | |
| ၂ | ။ | ။ | ၂၀၀၆ | ၂၅ | ၇၅၀၀ | ၂ | ၃ | ၅ | ၄ | |
| ၃ | ။ | ။ | ၂၀၀၆ | ၂၅ | ၇၅၀၀ | ၂ | ၃ | ၅ | ၄ | |
| | | စုစုပေါင်း | | ၇၅ | ၂၂၅၀၀ | | | | | |

ဇစ်မြစ် - စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ၂.၃.၂.၃.၂ ရေဝေရေလဲ သစ်တောများ

မြင်းမူမြို့နယ်၊ လက်ပံဆည် ရေဝေရေလဲဧရိယာအတွက် သစ်တောဦးစီးဌာနမှ ရေဝေရေလဲစိုက်ခင်း (၂၀၀)ဧကတည်ထောင်ပြီး ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ မိုးရာသီ တွင် လက်ပံဆည်၏ ရေဝေရေလဲစိုက်ခင်း (၂၀၀)ဧကတွင် ယူကလစ် (၁၀၀၀၀)ပင် ပြန်လည်ဆယ်တင် ဖာထေးစိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

မြင်းမူမြို့နယ် လက်ပံဆည် ရေဝေရေလဲဧရိယာအတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရေဝေရေလဲစိုက်ခင်း (၈၀)ဧကတည်ထောင်ပြီး ဖြစ်ပါသည်။ လက်ပံဆည်အတွင်း သဲနုန်းပို့ချမှု လျော့နည်းစေရန် လက်ပံဆည် ရေဝေရေလဲဧရိယာအား စိုက်ခင်းတည်ထောင်ရခြင်းဖြစ်ပါသည်။

မြောင်မြို့နယ်၊ လက်ယက်မဆည် ရေဝေရေလဲ ဧရိယာအတွက် သစ်တောဦးစီး ဌာနမှ ရေဝေရေလဲ စိုက်ခင်း(၂၀)ဧက တည်ထောင်ပြီး ဖြစ်ပါသည်။ လက်ယက်မဆည်အတွင်း သဲနုန်းပို့ချမှုလျော့နည်းစေရန် လက်ယက်မဆည် ရေဝေရေလဲ ဧရိယာအား စိုက်ခင်းတည်ထောင်ရခြင်း ဖြစ်ပါသည်။ လက်ယက်မဆည်၏ ရေဝေရေလဲဧရိယာရှိ ရေဝေရေလဲစိုက်ခင်း (၂၀)ဧကတွင် ၂၀၁၅ ခုနှစ်၊ မိုးရာသီ၌ ယူကလစ်(၂၀၀)ပင် ပြန်လည်ဆယ်တင် ဖာထေး စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ရေဝေရေလဲစိုက်ခင်းများ အသေးစိတ်စာရင်းကို ဇယား (၂.၃.၂.၃.၂) တွင် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

**စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာနမှ တည်ထောင်ထားသော ရေဝေရေလဲစိုက်ခင်းဇယား**

ဇယား (၂-၃-၂-၃-၂)က

| အမှတ်စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်းအပင်အရေအတွက် | ပျှမ်းမျှ | | အမြင့်ဆုံးအပင်များ၏ ပျှမ်းမျှအမြင့် (ပေ) | ဒေသအညွှန်း/ဒေသအတန်းအစား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | လုံးပါတ်လက်မ | အမြင့် (ပေ) | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ရေဝေရေလဲ | ဆီးနီကယ်ရှား | ၁၉၉၅ | ၂၀ | ၄၀၀၀ | ၁၈ | ၁၅ | ၁၇၄ | ၄ | |
| ၂ | ။ | တမာ | ၂၀၀၅ | ၅၀ | ၁၅၀၀ | ၁ | ၂ | ၂ | ၄ | |
| ၃ | ။ | တမာ | ၂၀၀၆ | ၅၀ | ၁၅၀၀၀ | ၄ | ၆ | ၈ | ၄ | |
| ၄ | ။ | မြန်မာရှား | ၂၀၀၇ | ၅၀ | ၁၅၀၀၀ | ၃ | ၄ | ၆ | ၄ | |
| ၅ | ။ | မြန်မာရှား | ၂၀၀၈ | ၅၀ | ၁၅၀၀၀ | ၂ | ၃ | ၄ | ၄ | |
| | | **စုစုပေါင်း** | | **၂၂၀** | **၆၄၀၀၀** | | | | | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## စစ်ကိုင်းခရိုင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်ထားသော ရေဝေရေလဲစိုက်ခင်းဇယား

ဇယား (၂-၃-၂-၃-၂)ခ

| အမှတ်စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်းအပင်အရေအတွက် | ပျှမ်းမျှ လုံးပါတ်လက်မ | ပျှမ်းမျှ အမြင့် (ပေ) | အမြင့်ဆုံးအပင်များ၏ပျှမ်းမျှအမြင့် (ပေ) | ဒေသအညွှန်း/ဒေသအတန်းအစား | မှတ်ချက်လက်ရှိဧက |
|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ရေဝေရေလဲ | ယူကလစ်၊ရှား | ၂၀၁၄ | ၃၀ | ၆၀၀၀ | - | ၂ ' ၆" | ၃ | ၄ | ၂၈ |
| ၂ | ။ | ။ | ၂၀၁၅ | ၅၀ | ၁၀၀၀၀ | - | ၁ ' ၆" | ၂ | ၄ | ၅၀ |
| | | **စုစုပေါင်း** | | **၈၀** | **၁၆၀၀၀** | **-** | | | **-** | **၇၈** |

ဇစ်မြစ် - စစ်ကိုင်းခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

### ၂.၃.၂.၃.၃ ဒေသထောက်ပံ့ရေးသစ်တောများ

ကြိုးပြင်တောများအတွင်း ဒေသထောက်ပံ့ရေးအတွက် သစ်တောဦးစီးဌာနမှ ကျေးရွာထင်းစိုက်ခင်း (၉၄၀၀)ဧကတည်ထောင်ပြီးဖြစ်ပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျေးရွာသုံးထင်း စိုက်ခင်း (၇၉၅)ဧက တည်ထောင်ပြီးဖြစ်ပါသည်။ အဆိုပါ ကျေးရွာထင်းစိုက်ခင်းများ၏ အသေးစိတ်စာရင်းကိုအတွဲ (၂) ဇယား (၂-၃-၂-၃-၃)ကနှင့် (၂-၃-၂-၃-၃)ခတို့တွင် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

### ၂.၃.၂.၃.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ

စစ်ကိုင်းမြို့နယ်၊ ခြေရာတော်တောင်၌ (၁၉၉၆) ခုနှစ် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစိုက်ခင်း (၂၅)ဧကအား (၂၀၀၄) ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၉)ရက်နေ့တွင် အတည်ပြုခဲ့သော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် (၂၀၀၅) ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ် ထုတ်ပေးခဲ့ပါသည်။ အသုံးပြုသူများအဖွဲ့ (၅)ဦးတွင် လုပ်ကိုင်သူ (၂)ဦးမှာ သေဆုံးသွားခဲ့ပြီး ကျန်အသုံးပြုသူများမှ (၂)ဦးမှာလည်း အကြောင်း အမျိုးမျိုးကြောင့် ဆက်လက် လုပ်ကိုင်နိုင်ခြင်း မရှိတော့ပါသဖြင့် ကျန်ရှိသူ (၁)ဦးနှင့် စီမံချက်ပါအတိုင်း ဆက်လက်လုပ်ကိုင်လိုသူ (၇)ဦးပါဝင်သော အသုံး ပြုသူများအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ရန် ဆက်လက်စည်းရုံး ဆောင်ရွက်လျှက်ရှိပါသည်။

**၂.၃.၂.၃.၅အခြားသစ်တောများ**

စစ်ကိုင်းခရိုင်အတွင်း အဓိကလမ်းမကြီးများ လမ်းဘေးဝဲ/ယာတွင် (၂၀၀၄–၂၀၀၅) ခုနှစ်မှ (၂၀၁၅–၂၀၁၆) ခုနှစ်အထိ စိုက်ပျိုးပြီးစီးမှုကို အတွဲ(၂)တွင်ဇယား(၂–၃–၂–၃–၅)က ဖြင့် ဖော်ပြအပ်ပါသည်။

**၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ**

စစ်ကိုင်းခရိုင်အတွင်း ဝါး၊ ကြိမ်နှင့် အခြားသစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ ထုတ်လုပ်နိုင်မှု အလားအလာလည်း မရှိပါ။

**၂.၃.၃.၁ ဝါးများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၃.၂ ကြိမ်များ**

ဖော်ပြရန်မရှိပါ။

**၂.၃.၃.၃အခြားသစ်တောထွက်ပစ္စည်းများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ**

စစ်ကိုင်းခရိုင်အတွင်း မင်းဝံတောင် ဘေးမဲ့ကာကွယ်တော (၁)ခုရှိပါသည်။ ၁၉၇၁ ခုနှစ် တွင် တည်ထောင်ပြီး ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန် ဖြစ်ပါသည်။ ဂျီနှင့် ငှက်မျိုးစုံ စသည်တို့ကို အဓိက ကာကွယ်ထိန်းသိမ်း ထားပါသည်။

**၂.၃.၄.၁ ဂေဟစနစ်များအုပ်ချုပ်လုပ်ကိုင်မှု**

စစ်ကိုင်းခရိုင်အတွင်း သစ်တောထိန်းသိမ်းရေးတွင် ဂေဟစနစ်များ အုပ်ချုပ် လုပ်ကိုင်မှု မရှိသေးပါ။

**၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်မှု**

စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်တွင် မင်းဝံတောင် ဘေးမဲ့ကာကွယ်တော တည်ရှိပြီး၊ ဧရိယာ အကျယ်အဝန်း (၅၀၈၇၄)ဧက ကျယ်ဝန်းပါသည်။ မင်းဝံတောင်ဘေးမဲ့ ကာကွယ်တော ဧရိယာတွင် စတင်ဖွဲ့စည်းစဉ်က စစ်ကိုင်းမြို့နယ်၏ ရပ်ကွက် (၆)ခု၊ ကျေးရွာ(၃၆)ရွာအား ထည့်သွင်း ဖွဲ့စည်းထားရှိသဖြင့် လက်ရှိအချိန်တွင် မြေအသုံးချမှု များပြားလာခြင်းကြောင့် သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့မှ ပြန်လည်တိုင်းတာခြင်းများ ဆောင်ရွက်လျှက် ရှိပါသည်။ မင်းဝံတောင် ဘေးမဲ့ ကာကွယ်တောဧရိယာတွင် အချို့နေရာများ၌ သစ်တောများ ကင်းမဲ့ပြီး၊ အချို့နေရာ များ၌ သစ်တောသစ်ပင် အနည်းငယ်သာ ပေါက်ရောက်မှုရှိပါသည်။ လူများနှင့် နီးကပ်မှုရှိသဖြင့် သားရိုင်းတိရစ္ဆာန်များ ခိုအောင်းနေနိုင်မှု နည်းပါး ပါသည်။ ဂျီ၊ ယုန်၊ တောကြက်၊ တောဝက်တိရစ္ဆာန်များ အနည်းငယ် ရှိသည်မှလွဲ၍ အခြားတောရိုင်း တိရစ္ဆာန်များမတွေ့ရှိရပါ ။

အဆိုပါ ဘေးမဲ့တောကို ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်ရန် သစ်တောဦးစီးဌာန၊ သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲမှ စနစ်တကျ အုပ်ချုပ် လုပ်ကိုင်သွားသင့်ပါသည်။ သစ်တောဦးစီးဌာနမှမင်းဝံတောင် ဘေးမဲ့ကာကွယ်တောအတွင်း ကျေးရွာသုံး ထင်းစိုက်ခင်း(၁၂၉၉)ဧက တည်ထောင်စိုက်ပျိုးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းပျက်စီးခဲ့ရာလက်ရှိတွင်ကျေးရွာ၌ ထင်းစိုက်ခင်း (၈၆၄)ဧက တည်ရှိ

ပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မင်းဝံတောင်ဘေးမဲ့ကာကွယ်တော အတွင်း တောင်တန်းစိုက်ခင်း (၃၄၉၀)ဧကနှင့် အခြားစိုက်ခင်း (၁၀၀)ဧက၊ ကျေးထင်း စိုက်ခင်း (၅၀)ဧကတည်ထောင်စိုက်ပျိုးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်း ပျက်စီးခဲ့ရာလက်ရှိတွင်တောင်တန်းစိုက်ခင်း (၁၅၆၀) ဧကနှင့် အခြားစိုက်ခင်း (၁၀၀)ဧက ကျေးထင်းစိုက်ခင်း (၅၀)ဧက တည်ရှိပါသည်။ မင်းဝံတောင် ဘေးမဲ့ကာကွယ်တောတွင် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တည်ထောင်စိုက်ပျိုး ခဲ့သည့်စိုက်ခင်းများ၏ အသေးစိတ်စာရင်းကို ဇယား(၂-၃-၄-၂)က၊ (၂-၃-၄-၂)ခတွင် ဖော်ပြ အပ်ပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မင်းဝံတောင်ဘေးမဲ့ ကာကွယ်တောအတွင်း (၂၀၀၉-၂၀၁၀)ခုနှစ်မှ (၂၀၁၅-၂၀၁၆)ခုနှစ်အထိ သဘာဝတော ကျန် (၁၀၀၀၀)ဧကအား ထိန်းသိမ်းကာကွယ်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

**မင်းဝံတောင်ဘေးမဲ့ကာကွယ်တောအတွင်း သစ်တောဦးစီးဌာနမှ**
**တည်ထောင်ထားရှိသော ကျေးရွာသုံးထင်းစိုက်ခင်းဇယား**

ဇယား(၂.၃.၄.၂)က

| အမှတ်စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာ(ဧက) | စုစုပေါင်းအပင်အရေအတွက် | ပျှမ်းမျှ | | အမြင့်ဆုံးအပင်များ၏ပျှမ်းမျှအမြင့်(ပေ) | ဒေသအညွှန်း/ဒေသအတန်းအစား | မှတ်ချက်လက်ရှိဧက |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | လုံးပါတ်လက်မ | အမြင့်(ပေ) | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ကျေး/ထင်း | မယ်ဇလီ | ၁၉၈၃ | ၂၅ | ၇၅၀၀ | ၁၀ | ၁၆ | ၁၈ | ၄ | ၂၅ |
| ၂ | ။ | မယ်ဇလီ | ၁၉၈၅ | ၂၀ | ၆၀၀၀ | ၁၁ | ၁၈ | ၂၀ | ၄ | ၄ |
| ၃ | ။ | မယ်ဇလီ | ၁၉၈၅ | ၁၇ | ၅၁၀၀ | - | - | - | - | - |
| ၄ | ။ | မယ်ဇလီ၊ ရှား | ၁၉၈၅ | ၁၂၈ | ၃၈၄၀၀ | - | - | - | - | - |
| ၅ | ။ | မယ်ဇလီ၊ ရှား | ၁၉၈၅ | ၃၄ | ၁၀၂၀၀ | - | - | - | - | - |
| ၆ | ။ | မယ်ဇလီ | ၁၉၈၅ | ၂၀၀ | ၆၀၀၀၀ | - | - | - | - | - |
| ၇ | ။ | ယူကလစ် | ၁၉၈၈ | ၁၀ | ၃၀၀၀ | ၁၄ | ၃၆ | ၄၃ | ၃ | ၁၀ |
| ၈ | ။ | ရှား၊ ယူကလစ် | ၁၉၉၁ | ၇၅ | ၂၂၅၀၀ | ၁၇ | ၂၀ | ၂၄ | ၂ | ၇၅ |
| ၉ | ။ | ရှား၊ မယ်ဇလီ | ၁၉၉၃ | ၁၀ | ၃၀၀၀ | - | - | - | - | - |
| ၁၀ | ။ | ယူကလစ် | ၁၉၉၄ | ၂၀ | ၆၀၀၀ | - | - | - | - | - |
| ၁၁ | ။ | ယူကလစ်၊ | ၁၉၉၄ | ၁၀ | ၃၀၀၀ | - | - | - | - | - |
| ၁၂ | ။ | ရှား၊ယူကလစ်၊တမာ | ၁၉၉၅ | ၁၀၀ | ၃၀၀၀၀ | ၁၆ | ၃၁ | ၃၈ | ၂/၃ | ၁၀၀ |
| ၁၃ | ။ | ယူကလစ် | ၁၉၉၆ | ၁၅၀ | ၄၅၄၅၀ | ၈ | ၂၉ | ၃၅ | ၄ | ၁၅၀ |
| ၁၄ | ။ | အော်ရီရှား+တမား | ၁၉၉၆ | ၂၀၀ | ၆၀၆၀၀ | ၄ | ၂၅ | ၂၉ | ၄ | ၂၀၀ |
| ၁၅ | ။ | ယူကလစ်+ဆီနီကယ် | ၁၉၉၇ | ၁၅၀ | ၄၅၄၅၀ | ၉ | ၅ | ၁၁ | ၄ | ၁၅၀ |
| ၁၆ | ။ | မြန်မာရှား+ဆီနီကယ် | ၁၉၉၇ | ၁၀၀ | ၃၀၃၀၀ | ၉ | ၉ | ၁၁ | ၄ | ၁၀၀ |
| ၁၇ | ။ | ယူကလစ် | ၂၀၁၅ | ၅၀ | ၆၀၀၀၀ | - | - | - | - | ၅၀ |
| | | **စုစုပေါင်း** | | **၁၂၉၉** | **၃၇၆၅၀၀** | | | | | **၈၆၄** |

ဇစ်မြစ် - စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန

# မင်းဝံတောင်ဘေးမဲ့ကာကွယ်တောအတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်ထားရှိသော စိုက်ခင်းဇယား

ဇယား (၂-၃-၄-၂)ခ

| အမှတ်စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်းအပင်အရေအတွက် | ပျှမ်းမျှ | | အမြင့်ဆုံးအပင်များ၏ပျှမ်းမျှအမြင့် (ပေ) | ဒေသအညွှန်း/ဒေသအတန်းအစား | မှတ်ချက်လက်ရှိဧက |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | လုံးပါတ်လက်မ | အမြင့် (ပေ) | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | တောင်တန်း | ယူကလစ်၊ ကုက္ကို | ၁၉၉၈ | ၅၀၀ | ၁၅၀၀၀၀ | ၂၀ | ၁၄ | ၁၆ | | ၁၈၇ |
| ၂ | ။ | ဆီနီဂေါ+ယူကလစ် | ၁၉၉၉ | ၃၀၀ | ၉၀၀၀၀ | ၁၅ | ၁၃ | ၁၅ | - | ၁၃၅ |
| ၃ | ။ | ဆီနီဂေါ+ယူကလစ် | ၂၀၀၀ | ၄၀၀ | ၁၂၀၀၀၀ | ၂၂ | ၁၈ | ၂၃ | - | ၁၄၄ |
| ၄ | ။ | ဆီနီဂေါ၊မယ်ဇလီ | ၂၀၀၁ | ၄၀၀ | ၁၂၀၀၀၀ | ၂၂ | ၁၉ | ၂၂ | - | ၁၈၀ |
| ၅ | ။ | ဆီနီဂေါ | ၂၀၀၂ | ၄၀၀ | ၁၂၀၀၀၀ | ၁၅ | ၁၃ | ၁၃ | - | ၁၂၈ |
| ၆ | ။ | ဆီနီဂေါ | ၂၀၀၃ | ၄၀၀ | ၁၂၀၀၀၀ | ၂၄ | ၁၈ | ၂၀ | - | ၂၀၄ |
| ၇ | ။ | ဆီနီဂေါ | ၂၀၀၄ | ၄၀၀ | ၁၂၀၀၀၀ | ၁၅ | ၁၃ | ၁၈ | - | ၁၈၀ |
| ၈ | ။ | ဆီနီဂေါ၊ယူကလစ် | ၂၀၀၅ | ၄၀၀ | ၈၀၀၀၀ | ၁၈ | ၁၅ | ၁၅ | - | ၁၈၄ |
| ၉ | ။ | ယူကလစ် | ၂၀၀၆ | ၄၀ | ၈၀၀၀ | ၁၈ | ၁၅ | ၁၈ | - | ၁၂ |
| ၁၀ | ။ | ယူကလစ်၊မယ်ဇလီ | ၂၀၀၇ | ၅၀ | ၁၀၀၀၀ | ၁၃ | ၁၅ | ၁၈ | - | ၂၅ |
| ၁၁ | ။ | ယူကလစ် | ၂၀၀၈ | ၅၀ | ၁၀၀၀၀ | ၁၃ | ၁၆ | ၁၇ | - | ၃၁ |
| ၁၂ | ။ | ယူကလစ်၊မယ်ဇလီ | ၂၀၁၀ | ၅၀ | ၁၀၀၀၀ | ၁၄ | ၁၅ | ၁၈ | - | ၅၀ |
| ၁၃ | ။ | ယူကလစ် | ၂၀၁၂ | ၅၀ | ၁၀၀၀၀ | ၈ | ၁၀ | ၁၂ | - | ၅၀ |
| ၁၄ | ။ | ယူကလစ်၊မယ်ဇလီ | ၂၀၁၃ | ၅၀ | ၁၀၀၀၀ | ၆ | ၁၀ | ၁၁ | - | ၅၀ |
| ၁၅ | အခြား | ယူကလစ်၊မယ်ဇလီ | ၂၀၀၉ | ၅၀ | ၁၅၀၀၀ | ၁၃ | ၁၆ | ၁၇ | - | ၅၀ |
| ၁၆ | ။ | ယူကလစ်၊မယ်ဇလီ | ၂၀၀၉ | ၅၀ | ၁၅၀၀၀ | ၁၀ | ၁၆ | ၁၇ | - | ၅၀ |
| ၁၇ | ကျေး/ထင်း | ယူကလစ် | ၂၀၁၂ | ၅၀ | ၁၅၀၀၀ | ၈ | ၁၂ | ၁၅ | - | ၅၀ |
| | | **ပေါင်း** | | **၃၆၄၀** | **၁၀၂၃၀၀၀** | | | | | **၁၇၁၀** |

ဇစ်မြစ် - စစ်ကိုင်းခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

### ၃.၁ လူဦးရေ

စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်အလိုက် လူဦးရေစာရင်းကို ဇယား (၃-၁) တွင် ဖော်ပြအပ်ပါသည်။

**စစ်ကိုင်းခရိုင်/မြို့နယ် အလိုက်လူဦးရေစာရင်း (၂၀၁၄) ခုနှစ်**

ဇယား (၃-၁)

| စဉ် | မြို့နယ် | အိမ်ထောင်စု ဦးရေ | မြို့ပြလူဦးရေ | | | ကျေးလက်လူဦးရေ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | စစ်ကိုင်း | ၆၅၁၃၄ | ၃၈၅၅၁ | ၄၂၈၈၁ | ၈၁၄၃၂ | ၁၀၄၈၆၉ | ၁၂၀၈၉၃ | ၂၂၅၇၆၂ |
| ၂ | မြင်းမူ | ၂၅၃၀၄ | ၇၇၁၉ | ၈၈၃၉ | ၁၆၅၅၈ | ၄၁၂၃၀ | ၄၉၁၉၈ | ၉၀၄၂၈ |
| ၃ | မြောင် | ၂၄၂၆၂ | ၃၅၂၃ | ၄၂၇၂ | ၇၇၉၅ | ၄၄၁၅၄ | ၅၄၄၆၂ | ၉၈၆၁၆ |
| | **ခရိုင်ပေါင်း** | **၁၁၄၇၀၉** | **၄၉၇၉၃** | **၅၅၉၉၂** | **၁၀၅၇၈၅** | **၁၉၀၂၅၃** | **၂၂၄၅၅၃** | **၄၁၄၈၀၆** |

ဇစ်မြစ်- ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာ ၃-င စစ်ကိုင်း

ဇယား (၃-၁-၁)

| စဉ် | ခရိုင် | အိမ်ထောင်စု ဦးရေ | လူဦးရေ | | | | စုစုပေါင်း | မြို့နေ | ကျေးလက်နေ |
|---|---|---|---|---|---|---|---|---|---|
| | | | ၁၈နှစ်အောက် | | ၁၈နှစ်အထက် | | | | |
| | | | ကျား | မ | ကျား | မ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | စစ်ကိုင်းခရိုင် | ၁၁၄၇၀၉ | ၆၂၉၀၆ | ၆၁၀၁၁ | ၁၇၇၁၄၀ | ၂၁၉၅၃၄ | ၅၂၀၅၉၁ | ၁၀၅၇၈၅ | ၄၁၄၈၀၆ |

ဇစ်မြစ်- ၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်းအစီရင်ခံစာ ၃-င စစ်ကိုင်း

## ၃.၂ ကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု

စစ်ကိုင်းခရိုင်အတွင်း လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှု အခြေအနေကို ဇယား(၃-၂)တွင် ဖော်ပြအပ်ပါသည်-

**စစ်ကိုင်းခရိုင်အတွင်းကဏ္ဍအလိုက် အလုပ်အကိုင် ရရှိမှုဇယား (၂၀၁၄)ခုနှစ်**

ဇယား (၃-၂)

| စဉ် | ကဏ္ဍ | လူဦးရေ | | စုစုပေါင်း | ကဏ္ဍအလိုက် ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | အစိုးရဝန်ထမ်း | ၇၂၇၃ | ၇၉၉၆ | ၁၅၂၆၉ | ၆.၂ |
| ၂ | အလုပ်သမား (ပုဂ္ဂလိက/အဖွဲ့အစည်း) | ၃၆၅၅၁ | ၂၃၈၅၈ | ၆၀၄၀၉ | ၂၄.၅ |
| ၃ | လုပ်ငန်းရှင် | ၆၀၂၅ | ၂၂၇၉ | ၈၃၀၄ | ၃.၄ |
| ၄ | ကိုယ်ပိုင်လုပ်ငန်း | ၇၅၉၆၃ | ၄၆၇၉၁ | ၁၂၂၇၅၄ | ၄၉.၈ |
| ၅ | မိသားစုလုပ်ငန်းတွင် လုပ်ကိုင် သူ | ၁၃၀၃၆ | ၂၆၅၆၂ | ၃၉၃၉၈ | ၁၆.၁ |
| | **စုစုပေါင်း** | **၁၃၈၈၄၈** | **၁၀၇၄၈၆** | **၂၄၆၃၃၄** | **၁၀၀.၀** |

ဇစ်မြစ် - ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအစီရင်ခံစာ ၃-င (စစ်ကိုင်း)

**စစ်ကိုင်းခရိုင်အတွင်းရှိကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းချုပ်**

**(၂၀၁၄-၂၀၁၅ ခုနှစ်)**

ဇယား (၃-၃)ခ

| စဉ် | မြို့နယ် | ကျေးရွာ အုပ်စု ပေါင်း | အိမ်ထောင်စု | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | စစ်ကိုင်း | ၈၁ | ၅၆၉၉၃ | ၁၀၄၈၆၉ | ၁၂၀၈၉၃ | ၂၂၅၇၆၂ | |
| ၂ | မြင်းမူ | ၄၈ | ၂၅၂၇၈ | ၄၁၂၃၀ | ၄၉၁၉၈ | ၉၀၄၂၈ | |
| ၃ | မြောင် | ၅၂ | ၂၃၁၅၂ | ၄၄၁၅၄ | ၅၄၄၆၂ | ၉၈၆၁၆ | |
| | **စုစုပေါင်း** | **၁၈၁** | **၁၀၅၄၂၃** | **၁၉၀၂၅၃** | **၂၆၈၃၂၇** | **၄၁၄၈၀၆** | |

ဇစ်မြစ်- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ၄။ ယခင်အုပ်ချုပ်လုပ်ကိုင်မှု

### ၄.၁ ထုတ်လုပ်ခြင်း

#### ၄.၁.၁ သစ်ထုတ်လုပ်ခြင်း

စစ်ကိုင်းခရိုင်အတွင်း သစ်ထုတ်လုပ်မှုလုံးဝမရှိသဖြင့် စာရင်းဇယားများ ဖော်ပြရန် မရှိပါ။

#### ၄.၁.၂ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

စစ်ကိုင်းခရိုင်တွင် လွန်ခဲ့သည့် (၁၀) နှစ်ကာလအတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုမရှိသော်လည်း ခရိုင်အတွင်းဖြတ်သန်းဖြတ်လာရောက်ရှိလာသည့် သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများအား အခွန်ကောက်ခံရရှိမှုအပေါ်အခြေခံ၍ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုစာရင်းကိုဇယား (၄-၁-၂) ဖြင့်နှစ်အလိုက် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

### ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်း

စစ်ကိုင်းခရိုင်၏ လွန်ခဲ့သော (၁၀) နှစ်တာကာလအတွင်း သစ်တောစိုက်ခင်းများတွင် ဆောင်ရွက် ခဲ့သော သစ်တောစိုက်ပျိုးပြုစုရေး လုပ်ငန်းများကို ဇယား (၄-၂) တွင် ဖော်ပြအပ်ပါသည်။ သဘာဝ တောများတွင် သစ်တောဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ခြင်း မရှိပါ။ သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ဆောင်ရွက်ကျင့်သုံးခဲ့သော သစ်တောစိုက်ပျိုးပြုစုအုပ်ချုပ်လုပ်ကိုင်မှုစနစ်မှာ အပြောင်ရှင်းထွန်ယက်၍လည်းကောင်း၊ ကျင်းများတူးဖော်၍လည်းကောင်း၊ ဌာနဆိုင်ရာ နည်းစနစ် နှင့် ဌာနဆိုင်ရာ တောင်ယာပူးတွဲနည်းစနစ်ဖြစ်သည့် သီးနှံသစ်တောရောနှော စိုက်ပျိုးသည့်စနစ် (Agroforestry System) များ ဖြစ်ပါသည်။

# ယခင်စီမံကိန်းကာလအတွင်းအခြားသစ်တောထွက်ပစ္စည်းများလျာထားချက်နှင့်အမှန်ထုတ်လုပ်မှုစာရင်း

ဇယား (၄–၁–၂)

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၀၆–၀၇ | | ၂၀၀၇–၀၈ | | ၂၀၀၈–၀၉ | | ၂၀၀၉–၁၀ | | ၂၀၁၀–၁၁ | | ၂၀၁၁–၁၂ | | ၂၀၁၂–၁၃ | | ၂၀၁၃–၁၄ | | ၂၀၁၄–၁၅ | | ၂၀၁၅–၁၆ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် |
| (၁) | (၂) | (၃) | (၄) | | (၅) | | (၆) | | (၇) | | (၈) | | (၉) | | (၁၀) | | (၁၁) | | (၁၂) | | (၁၃) | |
| ၁ | ကျွန်း | ကုဗတန် | – | – | – | – | – | – | – | – | – | – | – | ၉.၅၃ | | ၁၂၀.၆ | | ၁၃.၂၇ | | ၉၇.၈၂ | | ၂၆.၁၄ |
| ၂ | သစ်မာ | ။ | – | – | – | – | – | – | – | – | – | – | – | ၉၉.၆၁ | | ၁၂၆.၉ | | ၁၄၅.၆ | | ၃၆၆.၃ | | ၁၉၀.၃၁ |
| ၃ | ကျွန်းနှင့် သစ်မာတိုင် | တန် | – | ၂၁၆ | – | ၄၅ | – | ၅၆ | – | ၂၄ | – | – | – | ၂၆ | – | ၂၆၄ | – | ၅၇၃ | – | ၁၈၀ | – | ၇၀ |
| ၄ | ကျွန်းနှင့် သစ်မာမျော | ။ | – | – | – | – | – | ၃ | – | – | – | ၁၅.၀၆ | – | – | – | ၄၆ | – | ၇၄၃ | – | – | – | ၁၁၀ |
| ၅ | ထင်း | ကုဗတန် | – | ၂၀ | – | – | – | ၇ | – | ၇ | – | ၃.၆ | – | ၁၁၄.၅ | – | ၂၄၅.၂ | – | ၂၂၂ | – | ၂၂၂ | – | ၃.၂၄ |
| ၆ | မီးသွေး | ။ | – | ၁၆၃ | – | – | – | ၅ | – | – | – | ၉.၉၂ | ၁၀ | ၃၆.၂၇ | ၁၀ | ၁၄၂.၇ | ၁၁ | ၁၁ | ၁၂ | ၁၂ | ၁၃ | ၁၃ |
| ၇ | ဝါး | လုံးရေ (၀၀၀) | ၂၅၀ | ၂၅၇ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၁၂ | ၄၀၀ | ၄၉၀ | ၃၅၀ | ၃၉၂ | ၃၇၀ | ၃၈၅ | ၃၈၀ | ၃၈၄ | ၃၈၃ | ၃၈၃ | ၃၈၇ | ၃၈၇ | ၃၉၂ | ၇၃၉၃.၃၃ |
| ၈ | ကြိမ် | ။ | – | – | – | – | – | – | – | – | – | – | ၇၀ | ၇၀ | ၇၁ | ၇၂ | ၇၂ | ၇၂ | ၇၃ | ၇၃ | ၇၅ | ၇၅ |
| ၉ | သနပ်ခါး | ပိဿာ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၀၁၀ | ၇၀၄၀ | ၇၀၄၀ | ၇၀၉၂ | ၇၀၉၂ | ၇၁၇၅ | ၇၁၇၅ | ၇၁၈၈ | ၇၁၈၈ |
| ၁၀ | ရှားစေး | ပိဿာ | – | ၃၂၈ | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၁ | ကရမက် | ။ | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၂ | သက်ကွယ် | ဗျစ် (သန်း) | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၃ | ငှက်သိုက် | ပိဿာ (၀၀၀) | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၄ | ဖာလာစေ့ | ။ | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၅ | ပျားရည် | ပိဿာ | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၆ | တောင်နံကြီး | ပိဿာ (၀၀၀) | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၇ | သစ်တော်စေ့ | ပိဿာ | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၈ | ကညင်ဆီ | ပိဿာ (၀၀၀) | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| ၁၉ | သီဟိုဠ်စေ့ | ။ | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

# စစ်ကိုင်းခရိုင်အတွင်း ဆောင်ရွက်ခဲ့သော သစ်တောလုပ်ငန်းများစာရင်း

ဇယား (၄-၂)

| စဉ် | နှစ် | ကျွန်းသင်းသတ်ခြင်း/ ကျွန်းစိုရိုက်မှတ်ခြင်း (ပင်) | သစ်မာပင်ထောင်ရိုက်ခြင်း (ပင်) | ပဝတ္တိမျိုးဆက်ခြင်း (ဧက) | ဓမ္မတာမျိုးဆက်ခြင်း (ဧက) | အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း (ဧက) | ပေါင်းသင်ရှင်းလင်းခြင်း (ဧက) | ပင်ကြပ်နှုတ်ခြင်း (ဧက) | နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း (ဧက) | သစ်တောလမ်းပြင်ဆင်ခြင်း (မိုင်) | ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း (မိုင်) | အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း (မိုင်) | မီးကာကွယ်ခြင်း (ဧက) | ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း (စ/မိုင်) | ပင်ပူးချာကိုင်းချိုင်ခြင်း (ဧက) | ဒေသခံအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း (ဧက) | သဘာဝတောတန်ဘိုးမြှင့်စိုက်ခင်းတည်ထောင်ခြင်း (ဧက) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) |
| ၁ | ၂၀၀၆-၀၇ | - | - | ၁၂၅ | - | - | ၃၅၀ | - | - | - | - | - | ၁၇၅ | - | - | - | - |
| ၂ | ၂၀၀၇-၀၈ | - | - | ၅၀ | - | - | ၃၅၀ | - | - | - | - | - | ၂၂၅ | - | - | - | - |
| ၃ | ၂၀၀၈-၀၉ | - | - | ၅၀ | - | - | ၂၀၀ | - | - | - | - | - | ၂၇၅ | - | - | - | - |
| ၄ | ၂၀၀၉-၁၀ | - | - | ၅၀ | - | - | ၁၀၀ | - | - | - | - | - | ၂၇၅ | - | - | - | - |
| ၅ | ၂၀၁၀-၁၁ | - | - | - | - | - | - | - | - | - | - | - | ၂၂၅ | - | - | - | - |
| ၆ | ၂၀၁၁-၁၂ | - | - | - | - | - | - | - | - | - | - | - | ၁၀၀ | - | - | - | - |
| ၇ | ၂၀၁၂-၁၃ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၈ | ၂၀၁၃-၁၄ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၉ | ၂၀၁၄-၁၅ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၁၀ | ၂၀၁၅-၁၆ | - | - | ၁၀၀ | - | - | - | - | - | - | - | - | ၁၀၀ | - | - | - | - |

ဇစ်မြစ်- စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ၄.၃ ဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း

နိုင်ငံတော်၏ သစ်တောများကို စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန် ရည်ရွယ်၍ "သစ်တောဌာန"ကို ၁၈၅၆ ခုနှစ်တွင် စတင်ဖွဲ့စည်း တင်ထောင်ခဲ့ပါသည်။ အုပ်ချုပ်မှုစနစ်အရ ၁၉၇၂ ခုနှစ်တွင် သစ်တောဌာနကို "သစ်တောဦးစီးဌာန" အဖြစ် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအရ အဆင်ဆင့် ပြောင်းလဲတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ရာ လက်ရှိဖွဲ့စည်းပုံမှာ အရာထမ်းခွင့်ပြုအင်အား (၅၈၇)ဦးနှင့် ခန့်ထား (၄၉၃)ဦး၊ အမှုထမ်း ခွင့်ပြုအင်အား (၁၅၀၄၉) ဦးတွင် ခန့်ထား(၈၀၃၅)ဦး၊ စုစုပေါင်း ခွင့်ပြုဝန်ထမ်း (၁၅၆၃၆)ဦးတွင် ခန့်ထားဝန်ထမ်းဦးရေ (၈၅၂၈)ဦးရှိပါသည်။ သစ်တောဦးစီးရုံးချုပ်၊ ခရိုင်/ဒေသကြီး/ မြို့နယ်ညွှန်ကြားရေးမှူးရုံး(၁၅)ခု၊ ခရိုင်ဦးစီး ဌာနရုံး (၅၀)ခု၊ မြို့နယ်ဦးစီးဌာနရုံး (၃၂၁) ခုနှင့် သစ်တော တက္ကသိုလ်တို့ပါဝင်သည်။

သစ်တောဦးစီးဌာနသည် သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်၍ ဟန်ချက်ညီဆောင်ရွက်ပေးရန်၊ နိုင်ငံတော်၏ သစ်တောထွက်ပစ္စည်း တိုးတက်အောင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် တရားမဝင်သစ်ထုတ်လုပ်မှုများကို တားဆီးကာကွယ် ထိန်းချုပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ယခင် သစ်တောဦးစီးဌာနဖွဲ့စည်းပုံအရ စစ်ကိုင်းခရိုင်သည် သစ်တောခရိုင်တစ်ခုအနေဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း မရှိဘဲ၊ ရွှေဘိုတောအုပ်နယ်၊ မြင်းခြံတောအုပ်နယ်တို့၏ အစိတ်အပိုင်းများ အဖြစ်ပါဝင်ခဲ့ပါသည်။ ၁၉၈၃ခုနှစ်တွင် ခရိုင်ရုံးများ ဖျက်ဆီးပြီးနောက် မြို့နယ်ရုံးများကို အုပ်ချုပ်ရေးမြို့နယ်များအလိုက်ပြန်လည်ဖွဲ့စည်းခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်တို့တွင်မြို့နယ် သစ်တောဦးစီးဌာနများ သီးခြားဖွဲ့စည်းအုပ်ချုပ်ခဲ့ပါသည်။ ၁၉၈၈ခုနှစ်၊ အရေးအခင်းပြီး နောက်ပိုင်းတွင် မြို့နယ်စုများဖွဲ့စည်းသည့်အခါ စစ်ကိုင်းမြို့နယ်စု သစ်တောဦးစီးဌာနကိုဖွဲ့စည်းခဲ့ပါသည်။ စစ်ကိုင်းမြို့နယ်စု လက်အောက်တွင် စစ်ကိုင်းနှင့် မြင်းမူမြို့နယ် သစ်တောဦးစီးဌာနများ ပါဝင်ပါသည်။ ထိုစဉ်က မြို့နယ်စုရုံး အလုပ်များကို မြို့နယ်ရုံးဝန်ထမ်းအင်အားမှ ယာယီတွဲဘက်ရယူ ဆောင်ရွက်ခဲ့ရပါသည်။ မြို့နယ်စုများကို ခရိုင်အဖြစ် အခေါ်အဝေါ် ပြောင်းလဲသည့်အခါ စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနဟု ပြောင်းလဲ သုံးနှုန်းခဲ့ပါသည်။ ထို့နောက် (၁၉၉၅) ခုနှစ် ဧပြီ(၁)ရက်နေ့မှ စတင်၍ ခရိုင်ရုံးဖွဲ့စည်းပုံကို (ဂ)အဆင့် သတ်မှတ်ခွင့်ပြုခဲ့သဖြင့် သီးခြားခရိုင်ရုံး ဝန်ထမ်းအင်အားဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရပါသည်။ စစ်ကိုင်းခရိုင် အတွင်းရှိ သစ်တောဝန်ထမ်းများနှင့် ရုံးဝန်ထမ်းများဖွဲ့စည်းပုံကို ဇယား(၄-၃)တွင် ဖော်ပြအပ်ပါသည်။ စစ်ကိုင်းခရိုင်၊ သစ်တော ဦးစီးဌာနတွင် တာဝန်ယူအုပ်ချုပ်ခဲ့သော ခရိုင်သစ်တောအရာရှိများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါ သည်။

## စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာနတွင် (၂၀၀၆–၀၇ မှ ၂၀၁၅–၁၆ခုနှစ်အထိ) စီမံကိန်းကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ခရိုင်မှူး/မြို့နယ်မှူးများ၏အမည်စာရင်း

| စဉ် | ခရိုင်မှူး/မြို့နယ်မှူး အမည် | တာဝန်ယူသည့်ကာလ | | မှတ်ချက် |
|---|---|---|---|---|
| | | မှ | ထိ | |
| (၁) | (၂) | (၃) | (၄) | (၅) |
| | **စစ်ကိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး** | | | |
| ၁ | ဦးအင်ဟုတ် | ၂၄–၅–၂၀၀၄ | ၄–၄–၂၀၀၈ | လ/ထညွှန်မှူး |
| ၂ | ဦးမြင့်လွင် | ၄–၄–၂၀၀၈ | ၂၉–၈–၂၀၀၈ | လ/ထညွှန်မှူး (အစမ်းခန့်) |
| ၃ | ဦးသန်းဆက် | ၂၉–၈–၂၀၀၈ | ၂၈.၂.၂၀၁၁ | လ/ထညွှန်မှူး |
| ၄ | ဦးအေးထွန်း | ၁၃.၃.၂၀၁၁ | ၂.၅.၂၀၁၁ | လ/ထညွှန်မှူး |
| ၅ | ဦးကျော်ထွန်း | ၂.၅.၂၀၁၁ | ၂၄.၄.၂၀၁၃ | လ/ထညွှန်မှူး |
| ၆ | ဦးသန့်ဇင် | ၂၄.၄.၂၀၁၃ | ၅.၁၁.၂၀၁၄ | လ/ထညွှန်မှူး |
| ၇ | ဦးသောင်းဦး | ၁၀.၁၁.၂၀၁၄ | ၁၂.၁၂.၂၀၁၄ | လ/ထညွှန်မှူး (ခတ္တတွဲ) |
| ၈ | ဦးခင်မောင်ထွေး | ၁၂.၁၂.၂၀၁၄ | ယနေ့အထိ | လ/ထညွှန်မှူး |
| | **စစ်ကိုင်းမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူးရုံး** | | | |
| ၁ | ဦးအုန်းသန်း | ၁–၇–၂၀၀၆ | ၂၈–၁၁–၂၀၀၆ | တောအုပ်ကြီး |
| ၂ | ဦးမြဝင်းကောင်း | ၂၉–၁၁–၂၀၀၆ | ၂၅–၂–၂၀၀၇ | –။– |
| ၃ | ဦးဇော်မြင့်ထွန်း | ၁၉–၃–၂၀၀၇ | ၇–၈–၂၀၀၇ | –။– |
| ၄ | ဦးဆန်းမြင့်ထွန်း | ၈–၈–၂၀၀၇ | ၈–၆–၂၀၀၉ | –။– |
| ၅ | ဦးမြင့်ဝင်း | ၁၃–၇–၂၀၀၉ | ၂–၄–၂၀၁၀ | –။– |
| ၆ | ဦးကျော်ဝင်း | ၃–၄–၂၀၁၀ | ၃၁–၅–၂၀၁၀ | –။– |
| ၇ | ဦးကျော်ကျော်ဦး | ၁–၆–၂၀၁၀ | ၂၈–၁၀–၂၀၁၁ | –။– |
| ၈ | ဦးကျော်ဖုန်းဝေ | ၁၃–၁၀–၂၀၁၃ | ၆–၇–၂၀၁၄ | –။– |
| ၉ | ဦးညွှန့်လှိုင် | ၇–၇–၂၀၁၄ | ယနေ့ထိ | –။– |
| | **မြင်းမူမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူးရုံး** | | | |
| ၁ | ဦးအောင်စိုးမိုး | ၁၁–၁၂–၂၀၀၆ | ၁၇–၈–၂၀၀၇ | တောအုပ်ကြီး |
| ၂ | ဦးအေးမင်းလှိုင် | ၁၇–၈–၂၀၀၇ | ၁၅–၆–၂၀၀၉ | –။– |
| ၃ | ဦးဝင်းဇော် | ၁၅–၆–၂၀၀၉ | ၆–၇–၂၀၁၁ | –။– |
| ၄ | ဦးတင်စိုး | ၆–၇–၂၀၁၁ | ၁၉–၅–၂၀၁၄ | –။– |
| ၅ | ဦးစိုင်းမှန့် | ၁၉–၅–၂၀၁၄ | | –။– |
| ၆ | ဦးစိုးတင့် | | | |

ဇစ်မြစ် – စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန

ဇယား (၄–၃)

## စစ်ကိုင်းခရိုင်ဝန်ထမ်းဖွဲ့စည်းပုံဇယား

**ခရိုင်သစ်တောဦးစီးဌာန**
**စစ်ကိုင်းခရိုင်**
**လက်ထောက်ညွှန်ကြားရေးမှူး**

**လက်ထောက်ညွှန်ကြားရေးမှူးရုံး**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| တောအုပ်ကြီး | ၁ ဦး | ၁ ဦး |
| တောအုပ် | ၂ ဦး | ၂ ဦး |
| တောခေါင်း | ၄ ဦး | ၄ ဦး |
| ရုံးအဖွဲ့ | ၁၃ ဦး | ၈ ဦး |
| ပေါင်း | ၂၀ ဦး | ၁၅ ဦး |

**မြို့နယ်သစ်တောဦးစီးဌာန**
**စစ်ကိုင်းမြို့နယ် (ခ)**
**( တောအုပ်ကြီး )**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| တောအုပ် | ၄ ဦး | ၅ ဦး |
| တောခေါင်း | ၈ ဦး | ၇ ဦး |
| တောကြပ် | ၄ ဦး | ၃ ဦး |
| ရုံးအဖွဲ့ | ၄ ဦး | ၃ ဦး |
| ပေါင်း | ၂၀ ဦး | ၁၈ ဦး |

**မြောင်မြို့နယ်ပူးတွဲ**

**မြို့နယ်သစ်တောဦးစီးဌာန**
**မြင်းမူမြို့နယ် (ခ)**
**(တောအုပ်ကြီး)**

| | ခွင့်ပြု | ခန့်ထား |
|---|---|---|
| တောအုပ် | ၅ ဦး | ၅ ဦး |
| တောခေါင်း | ၁၀ ဦး | ၅ ဦး |
| တောကြပ် | ၄ ဦး | – |
| ရုံးအဖွဲ့ | ၄ ဦး | ၄ ဦး |
| ပေါင်း | ၂၄ ဦး | ၁၄ ဦး |

စစ်ကိုင်းခရိုင်အတွင်းရှိ သစ်တောသယံဇာတ အရင်းအမြစ်များကို မြို့နယ်အလိုက် ဘိနယ်များ (၁၁)ခုခွဲ၍ သစ်တောဘိနယ်တာဝန်ခံများ တာဝန်ပေးအပ်၍ စီမံအုပ်ချုပ်သွားမည်ဖြစ်ပါ သည်။ စစ်ကိုင်းမြို့နယ်တွင် ဘိနယ်(၄)ခု၊ မြင်းမူမြို့နယ်တွင် ဘိနယ်(၄)ခု၊ မြောင်မြို့နယ်တွင် ဘိနယ် (၃)ခုဖြင့် ဖွဲ့စည်းအုပ်ချုပ်သွားပါမည်။ မြို့နယ်အလိုက် ဘိနယ်အုပ်ချုပ်မှုအခြေအနေ အသေးစိတ်ကို အတွဲ (၂)၊ ဇယား (၄-၃)ကတွင် ဖော်ပြအပ်ပါသည်။

## ၄.၄ လေ့ကျင့်ရေး / သုတေသန နှင့် ဖွံ့ဖြိုးရေး

စစ်ကိုင်းခရိုင်အတွင်းရှိ သစ်တောဝန်ထမ်းများအား အရည်အသွေးမြင့်မား စေရေးအတွက် မော်ဘီမြို့၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာ ပေးရေးသင်တန်းကျောင်း၊ ပုသိမ်ကြီးမြို့၊ ဗဟိုသစ်တော လုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့် ပညာပေးရေးသင်တန်းကျောင်းခွဲနှင့် ပြင်ဦးလွင်မြို့၊ သစ်တောလုပ်ငန်း အတတ်သင် ကျောင်းတို့တွင်ဖွင့်လှစ်သည့် အခြေခံနှင့် အဆင့်မြင့်အရာရှိ သင်တန်း၊ အခြေခံ သစ်တောပညာ(အထူး)သင်တန်း၊ အခြေခံသစ်တော ပညာသင်တန်း သစ်တောကာကွယ်ခြင်း သင်တန်း၊ သစ်တောပျိုးဥယျာဉ် သင်တန်း၊ သစ်တော စိုက်ခင်းသင်တန်း၊ သစ်တောလမ်းဖေါက်ခြင်း သင်တန်း၊ စက်ကိရိယာကိုင်တွယ် ထိန်းသိမ်းခြင်းသင်တန်း၊ သစ်မျိုးပြန့်ပွားရေးသင်တန်း၊ သစ်တောတိုင်းတာ စာရင်းကောက် ယူခြင်း သင်တန်းအစုအဖွဲ့ပိုင် သစ်တောဖွံ့ဖြိုး တိုးတက်မှုသင်တန်း၊ ပူးပေါင်းပါဝင်သော တိုးချဲ့ပညာပေးခြင်း နည်းစနစ်သင်တန်း၊ အခြေခံဘဏ္ဍာရေးစည်းမျဉ်းနှင့် ငွေစာရင်း ပြုစု ထိန်းသိမ်းခြင်း မွန်းမံသင်တန်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း သင်တန်းများကို အခါအခွင့်သင့်သလို တက်ရောက်သင်ကြား စေခဲ့ပါသည်။ ထို့အပြင် အခါအားလျော်စွာ ကျင်းပသော အခြားသင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း ရွေးချယ်စေလွှတ် တက်ရောက်စေခဲ့ပြီး အတွေ့အကြုံများရရှိစေကာ၊ အရည်အသွေး မြင့်တင်ပေးခဲ့ပါသည်။ ဝန်ထမ်းများပြည်တွင်း ပြည်ပ သင်တန်း/လေ့လာရေး/အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ပြီးစီးမှုကိုအတွဲ (၂)၊ ဇယား (၄-၄) တွင် ဖေါ်ပြထားပါသည်။

ရေဆင်းသစ်တောသုတေသနဌာနမှ စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်အတွင်း ဆီနီကယ်၊ ရှား စိုက်ပင်များမှ အစေးထုတ်ယူမှု သုတေသနဆောင်ရွက်ခဲ့သည်မှအပ အခြားသုတေသနလုပ်ငန်းများ ဆောင်ရွက်မှုမရှိပါ။

## ၄.၅ အခွန်တော်နှင့် အသုံးစရိတ်

စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန၏ (၂၀၀၆-၀၇) ခုနှစ်မှ (၂၀၁၅-၁၆) ခုနှစ်ထိ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး အခွန်တော်ရရှိငွေနှင့် အသုံးစရိတ်များကို နှစ်အလိုက် ဇယား (၄-၅) တွင်ဖေါ်ပြ အပ်ပါသည်။

# အခွန်တော်ငွေနှင့်အသုံးစရိတ်
## (၂၀၀၆–၂၀၀၇ ခုနှစ်မှ ၂၀၁၅–၂၀၁၆ ခုနှစ်အထိ)

**ပြည်ထောင်စု** ဇယား (၄–၅)

| ခုနှစ် | အခွန်တော်ငွေ (ကျပ်ထောင်ပေါင်း) | | | | | အသုံးစရိတ် (ကျပ်ထောင်ပေါင်း) | | | | | | | | အခွန်တော်အပေါ်သုံးစွဲမှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ငွေလုံးငွေရင်း | | | သာမန် | | | | စုစုပေါင်း | |
| | သစ် | ထင်း/ မီးသွေး | ဝါး/ ကြိမ် | အခြား | ပေါင်း | အဆောက်အဦ | သစ်တောစိုက်ခင်း | ပေါင်း | ဝန်ထမ်းလစာနှင့်ခရီးစရိတ် | လုပ်အားခများ | အခြားအသုံးစရိတ် | ပေါင်း | | |
| (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ၂၀၀၆–၀၇ | ၂၆၁၇.၈ | ၁၀၈.၂ | ၉၄၆.၂ | ၁၃၂၈.၅ | ၅၀၀၀.၇ | – | ၁၅၀၀.၅ | ၁၅၀၀.၅ | ၂၀၂၅၈.၂ | ၄၀၄၂.၆ | ၂၅၂.၀ | ၂၄၅၅၂.၈ | ၂၆၀၅၃.၃ | ၅၂၀.၉ |
| ၂၀၀၇–၀၈ | ၁၃၃၃၇.၅ | – | ၁၇၄၈.၉ | ၁၅၀၄.၈ | ၁၆၅၉၀.၂ | – | ၁၅၄၂၀.၀ | ၁၅၄၂၀.၀ | ၂၁၁၄၂.၁ | ၅၂၂၂.၁ | ၁၈၆.၀ | ၂၆၅၅၀.၂ | ၄၁၉၇၀.၂ | ၂၅၂.၉ |
| ၂၀၀၈–၀၉ | ၃၆၇၄.၈ | ၂၀.၉ | ၁၉၁၄.၃ | ၃၇၃၇.၂ | ၉၃၄၇.၂ | – | ၅၈၇.၅ | ၅၈၇.၅ | ၂၁၂၈၉.၇ | ၅၃၈၈.၀ | ၈၃၃.၀ | ၂၇၅၁၀.၇ | ၂၈၀၉၈.၂ | ၃၀၀.၆ |
| ၂၀၀၉–၁၀ | ၁၇၁၀.၂ | ၇.၃ | ၁၈၅၀.၀ | ၄၂၁.၉ | ၃၉၈၉.၄ | – | – | – | ၂၅၀၇၇.၂ | ၅၄၄၉.၈ | ၇၉၅.၀ | ၃၁၃၂၂.၀ | ၃၁၃၂၂.၀ | ၇၈၅.၁ |
| ၂၀၁၀–၁၁ | ၃၇၉၅.၅ | ၁၅.၅ | ၁၂၀၀.၀ | ၂၀၁၆၁.၄ | ၂၅၁၇၂.၄ | – | – | – | ၃၅၂၂၇.၃ | ၅၂၇၇.၅ | ၁၄၁၁၁.၀ | ၅၄၆၁၅.၈ | ၅၄၆၁၅.၈ | ၂၁၆.၉ |
| ၂၀၁၁–၁၂ | ၅၀၉၀.၃ | – | – | – | ၅၀၉၀.၃ | – | – | – | – | ၃၅၉၂.၄ | – | ၃၅၉၂.၄ | ၃၅၉၂.၄ | ၇၀.၆ |
| ၂၀၁၂–၁၃ | ၄၇၆၁၀.၇ | – | – | – | ၄၇၆၁၀.၇ | – | – | – | – | ၅၉၅၃.၆ | – | ၅၉၅၃.၆ | ၅၉၅၃.၆ | ၁၂.၅ |
| ၂၀၁၃–၁၄ | ၂၈၆၈.၈ | – | – | – | ၂၈၆၈.၈ | ၁၇၄.၄ | – | ၁၇၄.၄ | – | ၅၃၈၆.၄ | – | ၅၃၈၆.၄ | ၅၃၈၆.၄ | ၁၈၇.၇ |
| ၂၀၁၄–၁၅ | ၁၆၀၅၁.၇ | – | – | – | ၁၆၀၅၁.၇ | – | – | – | ၈၄၈.၀ | ၇၀၃.၃ | – | ၁၅၅၁.၃ | ၁၅၅၁.၃ | ၉.၆ |
| ၂၀၁၅–၁၆ | ၁၅၆၁၇.၀ | – | – | – | ၁၅၆၁၇.၀ | – | – | – | ၆၆၄.၀ | ၁၆၄၇.၉ | – | ၂၃၁၁.၉ | ၂၃၁၁.၉ | ၁၄.၈ |

ဇစ်မြစ်–စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊

မှတ်ချက်။ ။ ၂၀၁၅ ခုနှစ် အခွန်တော်ငွေနှင့် အသုံးစရိတ်သည် ဇန်နဝါရီလကုန်အထိ ဖော်ပြထားခြင်း ဖြစ်ပါသည်။

## အခွန်တော်ငွေနှင့်အသုံးစရိတ်
## (၂၀၀၆–၂၀၀၇ ခုနှစ်မှ ၂၀၁၅–၂၀၁၆ ခုနှစ်အထိ)

**တိုင်းဒေသကြီး** ဇယား (၄–၅)က

| စဉ် | ခုနှစ် | အခွန်တော်ငွေ (ကျပ်ထောင်ပေါင်း) | | | | | အသုံးစရိတ် (ကျပ်ထောင်ပေါင်း) | | | | | | | | အခွန်တော် အပေါ် သုံးစွဲမှု % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ငွေလုံးငွေရင်း | | | သာမန် | | | | | |
| | | သစ် | ထင်း/ မီးသွေး | ဝါး/ ကြိမ် | အခြား | ပေါင်း | အဆောက်အဦ | သစ်တောစိုက်ခင်း | ပေါင်း | ဝန်ထမ်းလစာနှင့်ခရီးစရိတ် | လုပ်အားခများ | အခြားအသုံးစရိတ် | ပေါင်း | စုစုပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| ၁ | ၂၀၀၆–၀၇ | – | – | – | – | – | – | – | – | – | – | – | – | – | |
| ၂ | ၂၀၀၇–၀၈ | – | – | – | – | – | – | – | – | – | – | – | – | – | |
| ၃ | ၂၀၀၈–၀၉ | – | – | – | – | – | – | – | – | – | – | – | – | – | |
| ၄ | ၂၀၀၉–၁၀ | – | – | – | – | – | – | – | – | – | – | – | – | – | |
| ၅ | ၂၀၁၀–၁၁ | – | – | – | – | – | – | – | – | – | – | – | – | – | |
| ၆ | ၂၀၁၁–၁၂ | ၁၅၈.၀ | ၁၈၅၅.၀ | ၁၁၇၅.၀ | – | ၃၁၈၈.၀ | – | – | – | ၃၅၈၇၅.၂ | ၄၄၁၇.၂ | ၁၄၀၉.၀ | ၄၁၇၀၁.၄ | ၄၁၇၀၁.၄ | ၁၃၀၈.၁ |
| ၇ | ၂၀၁၂–၁၃ | – | ၄၁၆.၅ | ၁၈၇၂.၀ | ၈၉၇၅.၀ | ၁၁၂၆၃.၅ | – | – | – | ၅၅၅၇၂.၂ | ၆၁၈၈.၀ | ၁၀၂၀.၀ | ၆၂၇၈၀.၂ | ၆၂၇၈၀.၂ | ၅၅၇.၄ |
| ၈ | ၂၀၁၃–၁၄ | – | ၂၃၅.၂ | ၁၈၆၉.၀ | ၂၉၄၆၄.၅ | ၃၁၅၆၈.၇ | – | – | – | ၆၇၅၈၀.၀ | ၆၃၈၉.၃ | ၇၁၅.၀ | ၇၄၆၈၄.၃ | ၇၄၆၈၄.၃ | ၂၃၆.၆ |
| ၉ | ၂၀၁၄–၁၅ | ၁.၀ | ၂၃၆.၄ | ၁၈၉၁.၀ | ၁၀၅၅၈.၄ | ၁၂၆၈၆.၈ | – | ၆၉၅၅.၀ | ၆၉၅၅.၀ | ၇၆၆၄၃.၀ | ၁၁၈၅၉.၀ | ၃၉၁၀.၀ | ၉၂၄၁၂.၀ | ၉၉၃၆၇.၀ | ၇၈၃.၂ |
| ၁၀ | ၂၀၁၅–၁၆ | ၁၂၄၃.၄၄၃ | ၂၀.၈၂၇ | ၁၉၃၇.၅ | ၇၆၀၃.၈၂၅ | ၁၀၈၀၅.၅၉၅ | – | ၂၁၄၅ | ၂၁၄၅ | ၉၃၃၃၄.၅ | ၇၈၆၂.၀ | ၅၃၅၃.၁၅ | ၁၀၆၅၄၉.၆၅ | ၁၀၈၆၉၄.၆၅၀ | ၁၀၀၅.၉ |

ဇစ်မြစ်–စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊

မှတ်ချက်။ ။ ၂၀၁၅ ခုနှစ် အခွန်တော်ငွေနှင့် အသုံးစရိတ်သည် ဇန်နဝါရီလကုန်အထိ ဖော်ပြထားခြင်း ဖြစ်ပါသည်။

၄၄

# ၅။ ယခင် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း

## ၅.၁ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

စစ်ကိုင်းခရိုင်အတွက် နှစ်အလိုက်သတ်မှတ်ပေးသော နှစ်စဉ်သစ်တောလုပ်ငန်း ရည်မှန်းချက်ပြည့်မှီအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၅.၂ လူမှုရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာများ

စစ်ကိုင်းခရိုင်အတွင်း ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများ မရှိပါ၊ သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရာတွင် မြေနေရာ အခက်အခဲရှိသည်။ မြင်းမူမြို့နယ်တွင် သစ်တောမြေမရှိသဖြင့် ထီးဆောင်းစားကျက်မြေ (၁၇၂၅)ဧကတွင် (၁၉၇၄)ခုနှစ်မှစတင်၍ သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့ရာ (၁၉၇၄)ခုနှစ်မှာပင် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနမှ ကန့်ကွက်သဖြင့် စားကျက်မြေ (၆၇၅)ဧကပြန်လည်လွှဲပြောင်းပေးခဲ့ရပါသည်။မြင်းမူမြို့နယ်သမဝါယမအသင်းသို့ ဘက်စုံမွေးမြူရေးအတွက် ဧက (၁၅ဝ)ကို (၁၉၈၅)ခုနှစ်တွင် ထပ်မံ လွှဲပြောင်းပေးခဲ့ရသဖြင့် သစ်တောဦးစီးဌာနမှ စိုက်ခင်းတည်ထောင် စိုက်ပျိုးနိုင်သည့်ဧကမှာ (၉ဝဝ)ဧကသာ ကျန်ရှိပါသည်။ အဆိုပါ ကျန်မြေဧက (၉ဝဝ)အတွင်း တောင်သူ(၄)ဦးမှ ၄င်းတို့ ပိုင်ဆိုင်ခွင့်ရှိသည့် မြေများကို အထောက်အထားများတင်ပြ၍သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနတွင် ချန်လှပ်ကွက်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုထားကြောင်း တွေ့ရပါသည်။

သို့ပါ၍သစ်တော စိုက်ပျိုးပြုစုထိန်းသိမ်း ရေးလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ရန် ရေရှည်တွင် တောင်သူများနှင့်ရင်ဆိုင် ကြုံတွေ့ရသည့် လူမှုရေးဆိုင်ရာ မြေယာပြဿနာ များကို သက်ဆိုင်ရာများနှင့် စနစ်တကျ နည်းလမ်းရှာကြံ၍ ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

## ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ

စစ်ကိုင်းခရိုင်အတွင်း သစ်တောများကို ပိုင်နိုင်စွာ စီမံအုပ်ချုပ်နိုင်မှုမပြုနိုင်ခဲ့ပါ။ (၁၉၉၆) ခုနှစ်အတွင်း မင်းဝံတောင် ဘောမဲ့ကာကွယ်တောတွင် စိုက်ခင်းတည်ထောင်ရန် တူးဖော်ထားသော ကျင်းများကို တောင်သူများမှ ဝင်ရောက်ဖျက်ဆီးမှုများရှိခဲ့ပါသည်။ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်မှုအရတောင်သူများနှင့်ပြဿနာမပေါ်ပေါက်ရေးကိုရှေ့ရှုဆောင်ရွက်ခဲ့ရသဖြင့် ထိရောက်စွာ အရေးယူမှုမပြုနိုင်ခဲ့ဘဲ၊ စိုက်ခင်းနေရာများရွှေ့ပြောင်း ပေးခဲ့ရပါသည်။

၂၀၁၅ ခုနှစ်၊ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ ဘက်စုံသုံးစိုက်ခင်း (၅ဝ)ဧကအတွက် မယ်ဇလီချောင်းကျေးရွာအနီး မင်းဝံတောင် ဘောမဲ့ကာကွယ်တောအတွင်း မြေနေရာ ရွေးချယ်၍ မြေတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်သည့်အခါ တစ်စုံတစ်ဦးမှ ကန့်ကွက်ခြင်းမရှိဘဲ ပန္နက်ရိုက်ခြင်း၊ ကျင်းတူး ခြင်းလုပ်ငန်းများ ဆောင်ရွက်သောအခါ၌ မယ်ဇလီချောင်း ကျေးရွာနေ ဒေါ်ငွေးလှိုင်ပါ (၁၀)ဦးနှင့် မယ်ဇလီချောင်းကျေးရွာ အုပ်ချုပ် ရေးမှူးတို့သည် လွန်ခဲ့သော နှစ်(၄ဝ)ခန့်ကတည်းက ၄င်းတို့လုပ်ကိုင် စားသောက်နေသော ယာမြေနေရာ ဖြစ်သဖြင့် တားမြစ်မှုများ ရှိလာသည့်အတွက် စိုက်ခင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အနှောက်အယှက်ပြုလာနိုင်သည့် အနေအထားများ တွေ့ရှိရပါသဖြင့် လွတ်ကင်းသည့် စိုက်ခင်းမြေနေရာအား ပြန်လည်ရွေးချယ်၍ စိုက်ခင်းပုံစံ (၁) ပြန်လည်

ပြင်ဆင်တင်ပြရခြင်းများ ရှိခဲ့ပါသည်။ သို့ပါ၍ စစ်ကိုင်းခရိုင်တွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းချက်များပေါ်ပေါက်ခဲ့ရပါသည်။

ခရိုင်အတွင်းသစ်တောစိုက်ခင်းလုပ်ငန်းများဆောင်ရွက်ရာတွင်စိုက်ခင်းတည်ထောင်သည့် ပထမနှစ်၊ ဒုတိယနှစ်များတွင် သစ်တောဦးစီးဌာနဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်နိုင်သဖြင့်ကောင်းစွာအောင်မြင်မှုများ ရရှိသော်လည်း နောက်ပိုင်း နှစ်များတွင် ဆက်လက် ထိန်းသိမ်းမှုအပိုင်း၌ အားနည်းမှုရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ခင်းများအတွင်း လူများ၏ဖျက်ဆီးမှု၊ ကျွဲ၊ နွား၊သိုး၊ ဆိတ် စသည့် တိရစ္ဆာန်များ၏ ကျော်နင်းမှုများကြောင့် ပျက်စီးမှုများဖြစ်ရပြီး အောင်မြင်မှုရာနှုန်းများ ကျဆင်းခဲ့ရပါသည်။ စိုက်ခင်းအများစုမှာ လမ်းမကြီးများ၊ ကျေးရွာများနှင့်နီးကပ်စွာ တည်ရှိသဖြင့် သစ်တောဝန်ထမ်းများအနေဖြင့် နိုင်နင်းစွာ ထိန်းသိမ်းအုပ်ချုပ်နိုင်ခြင်း မရှိပါ။ သို့ပါ၍ သမင်မွေးရင်းကျားစားရင်းဖြင့် နှစ်ကြာမြင့်လာသည်နှင့် စိုက်ခင်းများ ဆုတ်ယုတ်ပျက်စီးမှုများနှင့် ကြုံတွေ့ရပါသည်။

သစ်တောစိုက်ခင်းများနှင့် သဘာဝအလျောက်ပေါက်ရောက်နေသည့် သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရန် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများဖြင့်သာ ထိန်းသိမ်းအုပ်ချုပ် ခြင်းဖြင့် အောင်မြင်မှုမရနိုင်ပါ။ ဒေသခံပြည်သူလူထုအနေဖြင့်သစ်တောသစ်ပင်များမှ သဘာဝ ပတ်ဝန်းကျင်၊ လူမှုစီးပွားရေးဆိုင်ရာများအပေါ် အကျိုးပြုမှုများကို သိရှိနားလည်ပြီး သစ်တောဝန်ထမ်းများနှင့် လက်တွဲပါဝင်ပူးပေါင်းထိန်းသိမ်းရန် အထူးပင် လိုအပ်လှပါသည်။ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဌာနဆိုင်ရာညွှန်ကြားချက်နှင့်အညီယခုအခါစစ်ကိုင်းခရိုင်အတွင်း နိုင်ငံတော်နှင့်ပြည်သူများ အကြား အကျိုးကျေးဇူးများ မျှတစွာ ခံစားစေနိုင်သည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်နိုင်ရေး စည်းရုံး အကောင်အထည် ဖော်လျှက်ရှိပါသည်။ ထို့ပြင် သစ်တောသစ်ပင်များ ထာဝစဉ်စိမ်းလန်း စိုပြည်ရေးအတွက် သစ်တောစိုက်ပျိုးပြုစု ကာကွယ်ထိန်းသိမ်းရေးတွင် ကျောင်းသားလူငယ်များမှအစပြည်သူလူထုတစ်ရပ်လုံးမှ အသိတရားရှိရှိဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြ စေရန် ပညာပေး စည်းရုံးမှုများ လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

## ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု

စစ်ကိုင်းခရိုင်တွင် (၃)မြို့နယ်ရှိသည့်အနက် စစ်ကိုင်း၊ မြင်းမူ (၂) မြို့နယ်မှာ မြို့နယ်သစ်တောဦးစီးဌာနရုံးများ ဖွင့်လှစ်ပြီးဖြစ်၍၊ မြောင်မြို့နယ် တစ်ခုတည်းသာ မြို့နယ်ရုံးဖွင့်ရန် ကျန်ရှိပါသည်။ နောင်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများနှင့် အထောက်အကူပြု လုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်နိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနရုံး ဖွင့်လှစ်သွားရန် လိုအပ်ပါသည်။ ခရိုင်အတွင်းလက်ရှိခွင့်ပြုထားသည့် ဝန်ထမ်းအင်အားတွင် တောအုပ်အပြည့်အဝ ခန့်ထားပေးသော်လည်း တောခေါင်းအင်အားလုံလောက်မှုမရှိပါ။ ခရိုင်ရုံးလက်ထောက်ညွှန်ကြားရေးမှူးနှင့်တကွ မြို့နယ်ဦးစီးဌာနမှူးများအနေဖြင့် ဌာနဆိုင်ရာရုံးလုပ်ငန်း၊ သစ်တောလုပ်ငန်းဆိုင်ရာကိစ္စအဝဝကို သစ်တော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ကြပါသည်။ သို့ပါ၍ စစ်ကိုင်းခရိုင်အနေဖြင့် ပြဿနာတစ်စုံတစ်ရာမရှိဘဲ၊ ကျရောက်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ခဲ့ကြပါသည်။ လက်ရှိ ဝန်ထမ်းအင်အားအရ နေအိမ်ပြည့်စုံ လုံလောက်မှုရှိပါသည်။

ခရိုင်သစ်တောလက်ထောက်ညွှန်ကြားရေးမှူးရုံးမှာ ယခင်တိုင်း သစ်တောဦးစီးဌာန အဆောက်အဦတွင် ဖွင့်လှစ်ထားရှိပြီး အဆင်ပြေမှုရှိပါသည်။ မြင်းမူမြို့နယ်၊ ဦးစီးဌာနမှူးရုံးမှာလည်း ရုံးသစ်ဆောက်လုပ်ပြီးဖြစ်ပါသည်။ စစ်ကိုင်းခရိုင် သစ်တောဦးစီဌာန၊ ဂန်ထမ်းများအနေဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည် မြန်မာ့သစ်တောမူဝါဒ သဘောထား ကြေငြာချက်ပါ အဓိကကျသည့် အချက် (၆) ချက်ဖြစ်သော ကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့စေခြင်း၊ အခြေခံ စားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း၊ ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းနှင့် ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်စေခြင်းစသည့် ရည်မှန်းချက်များကိုအောင်မြင်စွာ အကောင်အထည်ဖေါ်နိုင်ရေးအတွက် အထက်အဆင့်ဆင့်မှ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျှက်ရှိကြပါသည်။

## ၅.၅ ပြင်ပအကြောင်းရပ်များ၏ အကျိုးသက်ရောက်မှု

စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်အားလုံးတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြကြောင်း တွေ့ရှိ ရပါသည်။ မွေးမြူသည့်တိရစ္ဆာန်များမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ ဖြစ်ကြပါသည်။ စစ်ကိုင်းခရိုင်သည် ဆိတ်ဦးရေအများဆုံးမွေးမြူသည့် စာရင်းတွင်ပါဝင်ပါသည်။ မြို့နယ်အလိုက် မွေးမြူသည့် တိရစ္ဆာန်များအနက် ခိုင်းကျွဲနှင့် ခိုင်းနွားဦးရေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

| စဉ် | မြို့နယ် | ခိုင်းကျွဲပေါင်း (ကောင်) | ခိုင်းနွားပေါင်း (ကောင်) |
|---|---|---|---|
| ၁။ | စစ်ကိုင်း | ၁၂၁ | ၄၃၅၈၄ |
| ၂။ | မြင်းမူ | ၁၂၀ | ၅၃၉၆၄ |
| ၃။ | မြောင် | ၇၇၆ | ၆၃၅၉၅ |
| | **စုစုပေါင်း** | **၁၀၁၇** | **၁၆၁၁၄၃** |

မိုးနည်းခြောက်သွေ့ဒေသ သစ်တောများပျက်စီးရခြင်းတွင် မွေးမြူရေး တိရစ္ဆာန်များကြောင့်လည်း အကြောင်းအချက်တစ်ရပ် အဖြစ်ပါဝင်ပါသည်။ ထိုတိရစ္ဆာန်များ၏ တစ်နေ့တာအစားအစာ စားသုံးမှုမှာ ကျွဲတစ်ကောင်လျှင် ပေါင် ၈၀၊ နွားတစ်ကောင်အတွက် ၃၅ ပေါင်၊ သိုးနှင့် ဆိတ်တစ်ကောင်အတွက် ၁၀ ပေါင်ခန့်စီလိုအပ်ကြောင်း သိရှိရပါသည်။ အထက်ပါခိုင်းကျွဲနှင့် ခိုင်းနွားများ၏ တစ်နေ့တာစားသုံးမှုကို တွက်ချက်ပါက အောက်ပါအတိုင်း ရရှိပါသည်။

(၁) ခိုင်းကျွဲ ၁၀၁၇ ကောင် x တစ်ကောင် ပေါင် ၈၀ ၈၁၃၆၀ ပေါင်
(၂) ခိုင်းနွား ၁၆၁၁၄၃ ကောင် xတစ်ကောင် ပေါင် ၃၅ ၅၆၄၀၀၀၅ ပေါင်

**ပေါင်း ၅၇၂၁၃၆၅ ပေါင် (၂၅၉၅.၁၇ တန်)**

ခိုင်းကျွဲ၊ ခိုင်းနွား (၂)မျိုးတည်းပင် တစ်နေ့လျှင် အစားအစာလိုအပ်မှုတန်ချိန် ၂၅၉၅.၁၇ တန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။ ဒေသတွင်ကျန်ရှိသော နွားမ၊ နွားကလေး၊ သိုး၊ ဆိတ်များ အတွက်ပါ တွက်ချက်ပါက တစ်နေ့တာစားသုံးမှု အစားအစာ တန်ချိန် တစ်သောင်းကျော် လိုအပ်မည်ဟု ခန့်မှန်းရပါသည်။ ထိုလိုအပ်ချက် (၅၀%)ကိုမူ စိုက်ပျိုးရေးမှ ထွက်ရှိသည့် ပြောင်း၊ ပဲမှော်၊ ကောက်ရိုး စသည်တို့မှ ရရှိနိုင်မည်ဟု တွက်ဆပါသည်။ ကျန် (၅၀%)ကို မြက်၊ သစ်ရွက်များ စားသုံးကြမည်ဟု ခန့်မှန်းဖြစ်ပါသည်။ ဖေါ်ပြပါ တိရစ္ဆာန်များ၏ အဓိက အစားအစာများမှာ

မြက်နှင့်သစ်ရွက်များဖြစ်သဖြင့် ပတ်ဝန်းကျင်ရှိတောများမှ မြက်၊ သစ်ရွက်များကို အားထားစားသုံးကြမည်ဖြစ်ပါသည်။ ထို့ကြောင့်မြေဆီလွှာဖုံးလွှမ်းသည့်မြက်များပျက်စီးရသကဲ့သို့ အပင်မရွေး စားသုံးတတ်သည့် သိုးနှင့် ဆိတ်များ ကိုက်ဖြတ်ခံရသဖြင့် အပင်များကြီးထွားရန် လွန်စွာအဟန့်အတားဖြစ်စေပါသည်။ ဤဒေသရှိ တိရစ္ဆာန်များကို လွှတ်ကျောင်းစနစ်ဖြင့် ထိန်းကျောင်းခြင်းကြောင့်၊ ၄င်းတို့ အလေးချိန်ကြောင့် မြေများကျစ်လစ်မာကြောပြီး အပင်ကြီး ထွားမှုကို နှောင့်နှေးစေပါသည်။ ရာသီဥတုမှန်ကန်မှုမရှိသဖြင့် အချို့နှစ်များတွင်ထနောင်း၊ ညောင်မှစ၍ တမာပင်ထိခုတ်ယူ ကျွေးမွေးရသဖြင့် သစ်တောသစ်ပင် ထိခိုက်ပျက်ဆီးမှု ပိုမိုတိုးစေကြောင်း တွေ့ရှိရပါသည်။ အပူပိုင်းဒေသသစ်တောများ ပျက်စီးရခြင်း အကြောင်းရင်းတွင် ထန်းချက်လုပ်ငန်းလည်း ပါဝင်ပါသည်။ စစ်ကိုင်းခရိုင်အတွင်း ထန်းပင်ပေါင်း (၂)သိန်းခန့်ရှိမည်ဟု ခန့်မှန်းပါသည်။ ထန်းပင်တစ်ပင်မှ ပျမ်းမျှထန်းလျက် (၁)နှစ် ပိဿာ (၅)ပိဿာနှုန်းဖြင့် ပိဿာ တစ်သိန်းခန့် ထွက်နိုင်ပါသည်။ ထန်းလျက် ပိဿာ (၁၀၀) ရရန် ထင်းလှည်း ၂.၅ စီး (ခေါင်ပိတ် ကုဗပေ– ၇၄.၂၅) လိုအပ်ကြောင်း သိရသဖြင့် တစ်နှစ်အတွက် ထင်းလှည်း (၁၅၀၀) လိုပါ မည်။ ကုဗပေအားဖြင့် (၁၈၅၆၂၅)၊ တန်အားဖြင့် (၃၇၁၂.၅)တန် လိုမည်ဖြစ်ပါသည်။ ယင်းလိုအပ်ချက် ထင်းကို ပတ်ဝန်းကျင်တောများမှ အမြစ်ပါမကျန် တူးဖော်သုံးစွဲကြသဖြင့် တောများပျက်စီး ပြုန်းတီးမှုများဖြစ်ရပါသည်။ လူဦးရေနှင့် တိရစ္ဆာန်ဦးရေ တိုးလာသည်နှင့်အမျှ တောပျက်စီးမှု များလည်း များလာနိုင်ပါသည်။

## ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု

### ထင်းလိုအပ်ချက်စာရင်း

| စဉ် | လူနေမှု | အိမ်ထောင်စု | ပျမ်းမျှ ထင်းလိုအပ်ချက် | | မှတ်ချက် |
|---|---|---|---|---|---|
| | | | တစ်အိမ်ထောင်နှုန်း | လိုအပ်ချက် (တန်) | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | မြို့နေ | ၂၄၈၃၃ | ၁.၄ | ၃၄၇၆၆ | |
| ၂ | တောနေ | ၈၉၈၇၆ | ၂.၅ | ၂၂၄၆၉၀ | |
| | **စုစုပေါင်း** | **၁၁၄၇၀၉** | **–** | **၂၅၉၄၅၆** | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

သို့သော် စစ်ကိုင်းခရိုင်အနေဖြင့် ထင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် သစ်တောများ မရှိပါ။ ထင်းလိုအပ်ချက်ကို ခရိုင်အတွင်း စိုက်ပျိုးပြီး ဖြစ်သောကျေး/ထင်း စိုက်ခင်းများမှ စနစ်တကျ ထောက်ပံ့ပေးနိုင်မှုမရှိပါ။ ထင်းသုံးစွဲမှု ပမာဏလျော့ချနိုင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်–

(က) ထင်းအစား အခြားလောင်စာများဖြစ်သော လယ်/ယာစွန့်ပစ်ပစ္စည်းများနှင့် လွှစာမှုန့်၊ နွားချေး၊ အမှိုက်သစ်ရွက်များတိုးချဲ့သုံးစွဲရေး၊

(ခ) လျှပ်စစ်မီးများတိုးချဲ့သုံးစွဲရေး၊

(ဂ) ထင်းအကုန်အကျသက်သာသောမီးဖိုများတိုးချဲ့သုံးစွဲရေး

(ဃ) ကျေးရွာများတွင် ထင်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် မိမိအိမ်ဝင်းခြံအတွင်း အိမ်ထောင်စုပိုင် သစ်ပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေး၊

(င) ကျေးရွာများတွင် ကျေးလက်အိမ်ရာ ထူထောင်ရေးကျေးရွာပိုင် ထင်းစိုက်ခင်းများ စိုက်ပျိုးရေး။

## ၅.၇ အခွန်တော်ငွေနှင့် အသုံးစရိတ်

စစ်ကိုင်းခရိုင်လွန်ခဲ့သည့် (၁၀)နှစ်တာ ကာလအတွင်း ကောက်ခံရရှိသည့် အခွန်တော်ငွေများနှင့် အသုံးစရိတ်ငွေများကို (ဇယား၄-၅) တွင်ဖော်ပြထားပါသည်။ ရငွေနှင့် သုံးငွေများကို နှိုင်းယှဉ်ကြည့်ပါက အသုံးစရိတ်ငွေများမှာ အခွန်ရငွေထက် ရာခိုင်နှုန်းဖြင့် အဆပေါင်းများစွာ မြင့်မားကြောင်းတွေ့ရပေမည်။ စစ်ကိုင်းခရိုင်အတွင်း သစ်ထုတ်လုပ်မှုမရှိသဖြင့် သစ်နှင့်ပတ်သက်၍ အခွန်တော်ကောက်ခံရရှိခြင်းမရှိပါ။ ထို့ပြင်ခရိုင်အတွင်း အခြားသစ်တောထွက် ပစ္စည်းများလည်း မရှိပါ။ အခွန်တော်ငွေများတွင် သစ်တောမှုများမှကောက်ခံရရှိသည့် ဒဏ်ကြေးငွေများနှင့် ပုံစံ(၈) ဝင်ဖမ်းဆီး သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရောင်းချရငွေများ ပါဝင်ပါသည်။

## ၅.၈ လုပ်ငန်းဆိုင်ရာ အခက်အခဲအတားအဆီးများ

စစ်ကိုင်းခရိုင်တွင် အဓိကလုပ်ငန်းများမှာ သစ်တောထိန်းသိမ်းရေးနှင့် သစ်တော စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ပါသည်။ ခရိုင်အတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် မြေနေရာ ရရှိမှုခက်ခဲပါသည်။ ရရှိသည့် မြေနေရာမှာလည်း မြေဆီလွှာညံ့ဖျင်းမှု ရှိပါသည်။ မင်းဝံတောင်ဘောမဲ့ကာကွယ်တောနှင့် ခြေရာတော်ဒေသအတွင်း ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအရ ကျေး၊ ထင်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးလာရာ အောင်မြင် သင့်သလောက် မအောင်မြင်ခဲ့ရပါ။ ထို့ပြင် သဘာဝတောနှင့် စိုက်ခင်းများအတွင်း ထင်းခိုး ခုတ်မှုများရှိပါသည်။ သဘာဝအပင်များ၊ စိုက်ပင်များမှာ မိုးရေချိန် နည်းပါးပြီး အပူချိန် မြင့်မား၍လည်းကောင်း၊ မြေဩဇာကင်းမဲ့ ညံ့ဖျင်း၍လည်းကောင်း ရှင်သန် ကြီးထွားမှု နည်းပါးကြောင်း တွေ့ရှိရပါ သည်။

## ၅.၉ အထွေထွေ

စစ်ကိုင်းခရိုင်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် စိမ်းလန်းစိုပြည်ရေး ဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသည့်အပြင်အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်မှ အခါအား လျော်စွာ တာဝန်ပေးလာသော လူမှုရေးဆိုင်ရာလုပ်ငန်းများ၊ သာသနာရေးဆိုင်ရာ များနှင့် တည်ဆောက်ရေးလုပ်ငန်း အသီးသီးတွင်ပါဝင်၍ အကောင်အထည် ဖော်ဆောင်ရွက် ခဲ့ကြပါသည်။ သစ်ပင်များတခွင်တပြင် စိုက်ပျိုးရန်မြေနေရာရှားပါး ပါသည်။ ခရိုင်အတွင်း သဘာဝတောများ ပျက်ဆီးမှုလျော့ပါးစေရေးအတွက် အိမ်ထောင်စု များတွင် ထင်း၊ မီးသွေး သုံးစွဲမှုလျော့ချရန် ထင်းအစားအခြားလောင်စာ ကျယ်ပြန့်စွာ သုံးစွဲရေး တွန်းအားပေး ဆောင်ရွက်လျှက်ရှိပါသည်။ ထင်းကုန်ကျမှုသက်သာသည့် မီးဖိုများလည်း ဖြန့်ဝေလျက် ရှိပါသည်။ ဒေသတစ်ခုလုံး စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟဗေဒ ညီမျှမှုရှိရေးအတွက် သစ်ပင်နှင့်သက်ရှိတို့ အချိုးညီစေရန် သစ်တောများ တိုးချဲ့စိုက်ပျိုးရေးကို အောက်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါသည်။

(၁) ဘေးမဲ့ကာကွယ်တောအတွင်း သဘာဝတောများအား ဖွံ့ဖြိုးကြီးထွားလာအောင် စနစ် တကျ ထိန်းသိမ်းခြင်း၊

(၂) ဘေးမဲ့ကာကွယ်တောနှင့် အခြားကြိုးပြင်တောများ၌ ရနိုင်သည့်နေရာများတွင် သစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊

(၃) ကျေးလက်အိမ်ရာ ထူထောင်ရေးနှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်းများ တည် ထောင်ခြင်း၊

(၄) ဆက်သွယ်ရေးလမ်းမကြီး ဝဲ/ယာ၌ သစ်ပင်များစိုက်ပျိုးခြင်း။

စစ်ကိုင်းခရိုင်အတွင်း၌ ၂၀၀၉–၂၀၁၀ ခုနှစ်မှ ၂၀၁၅–၂၀၁၆ ခုနှစ်အထိ ကျေးရွာ (၆၂) ရွာတွင် (၁)ရွာ (၁)ဧကဖြင့် ယူကလစ်စိုက်ခင်း (၆၂)ဧက၊ တစ်အိမ်ထောင် ကျွန်း (၃)ပင် စိုက်ပျိုးခြင်းတွင် ကျွန်းပင် (၂၅၈၀၀)ပင်၊ တစ်အိမ်ထောင်သစ်မာ (၂၀)ပင်စိုက်ပျိုးခြင်းတွင် ယူကလစ်ပင် (၂၅၈၅၈၀)ပင် ဆက်သွယ်ရေး လမ်းမကြီးဝဲ/ယာတွင် (၇၁၇၅၈၅) ပင်စိုက်ပျိုးခဲ့ပါသည်။

၂၀၀၆–၂၀၀၇ ခုနှစ်မှ ၂၀၁၅–၂၀၁၆ ခုနှစ်အထိ ဌာနဆိုင်ရာ အဖွဲ့အစည်းများ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဆေးရုံများတို့တွင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် သစ်မျိုးစုံပျိုးပင်ပေါက် (၁၀၉၁၀၈၆)ပင်အား သက်ဆိုင်ရာ ဒေသ အာဏာပိုင်အဖွဲ့ အမည်များ၏ ကြီးကြပ်မှုခံယူပြီး စနစ်တကျ ဖြန့်ဝေ စိုက်ပျိုး ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးအတွက် စစ်ကိုင်းခရိုင်အတွင်း ရုံးဝင်းများ၊ ဌာနပိုင် အဆောက်အဦး၊ ဝန်ထမ်းနေအိမ်များနှင့် ပတ်ဝန်းကျင်ရှိ သဘာဝသစ်ပင် များ စိုက်ပျိုးထားသည့် အရိပ်ရပင်၊ ပန်းအလှပင်၊ စားသုံးသီးပင်များဖြင့် သဘာဝဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပမှု ရှိနေစေရေးအတွက် ခုတ်လှဲခြင်း၊ ဖျက်စီးခြင်းများမရှိ စေရန် သစ်တောဝန်ထမ်းများမှ အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက် လျှက်ရှိပါသည်။ ကျေးရွာများ၊ စာသင်ကျောင်းများလည်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဟောပြောပွဲများကိုလည်း လစဉ်(၂)ကြိမ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများမှအသိပညာဟောပြောဆောင်ရွက် လျက်ရှိ ပါသည်။

## ၆။ နိဂုံး

စစ်ကိုင်းခရိုင်၏ အဓိကစီးပွားရေးလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး၊ အခြား စီးပွားရေး လုပ်ငန်းမှာ စစ်ကိုင်းမြို့နယ်တွင် စက်မှုလက်မှု၊ ငွေထည်ကြေးထည်၊ အချိတ် ယက်ကန်း လုပ်ငန်းများ၊ မြင်းမူမြို့နယ်တွင် စက်မှုလက်မှု၊ မွေးမြူရေး၊ နို့ချက်လုပ်ငန်း၊ မြောင်မြို့နယ်တွင် မွေးမြူရေးလုပ်ငန်း၊ အုတ်ဖုတ်လုပ်ငန်းများ ဖြစ်ကြပါသည်။ လယ်ယာ စိုက်ပျိုးရေးတွင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါ၊ ဂျုံ ၊ ပဲမျိုးစုံ စသည့်သီးနှံများ စိုက်ပျိုးကြပြီး စပါးစိုက်ဧရိယာထက် ယာသီးနှံ စိုက်ဧကက ပိုများပါသည်။ ဤဒေသအတွင်း သစ်တောစိုက် ပျိုးပြုစုရေးလုပ်ငန်းများ ထိရောက်စွာ လုပ်ကိုင်နိုင်ရန် ဒေသ၏ ပထဝီဝင်အခြေအနေများနှင့် အတွေ့အကြုံများအပေါ် အခြေခံလျှက် အောက်ပါအတိုင်း တိုးချဲ့လုပ်ကိုင်သင့်ကြောင်း သုံးသပ်တင်ပြပါသည်။ သစ်တောသစ်ပင်များ မည်သို့ပင် စိုက်စေကာမူ၊ မည်သို့ပင် ထိန်းသိမ်း စေကာမူ ဒေသခံများမှ သစ်တော သစ်ပင်များ၏ အကျိုးကျေးဇူးကို သိနားလည်မှု နည်းပါးခြင်းနှင့် သစ်တောဥပဒေစိုးမိုးမှု အားနည်းခြင်း တို့ကြောင့် ထိရောက်မှုမရှိဘဲ သစ်တောသစ်ပင်များ လျော့ပါးပျက်စီးရပါသည်။ ထို့ကြောင့် သစ်တောသစ်ပင်နှင့် ထိတွေ့မှုများသည့် ကျေးလက်ပြည်သူလူထုကို အဓိကပညာပေးလုပ်ငန်း ဆောင်ရွက်သင့်ပါသည်။ တောများ

မရှိခြင်းကြောင့် ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို လူတိုင်းနားလည်ရန် လိုအပ်ပါသည်။ ထိုသို့နားလည်ရန်အတွက် ကျောင်းများတွင် မူလတန်းမှစ၍ ပတ်ဝန်းကျင်အကြောင်း သင်ကြား ပေးခြင်း၊ ဆရာ၊ ဆရာမများအားသင်တန်းပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျေးရွာလူထုအတွက်ကိုမူ အခါအားလျော်စွာ ဟောပြောပွဲများပြုလုပ် ပေးရမည်ဖြစ်ပါသည်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း (Agroforestry)စနစ်ဖြင့် တစ်နှစ်လုံး ထင်းနှင့်ဝင်ငွေရရှိခြင်း၊ လေဘေးဒဏ်မှ ကာကွယ်နိုင်ခြင်းတို့ကြောင့် မြေဆီလွှာဆုံးရှုံးမှု နည်းပါးခြင်း စသည့်အကျိုးများ ရရှိပုံကို ဟောပြောလက်တွေ့ပြပါမည်။

(က) ခရိုင်အတွင်း စိုက်ပျိုးနိုင်သည့် လေဘေးဒဏ်မှကာကွယ်နိုင်ခြင်းတို့ကြောင့် မြေဆီ လွှာဆုံးရှုံးမှုနည်းပါးခြင်း စသည့်အကျိုး မြေအားလုံးကို စိုက်ပျိုးပြီးသည့် အခြေအနေ ရှိပါသည်။ မြေအရင်းအမြစ်မတိုးဘဲ လူအရင်းအမြစ်သာ တိုးလာသဖြင့် ရှိသည့် မြေကိုသာ သီးနှံပိုမိုထွက်ရှိရေး လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ရှိသည့်မြေကို စနစ် တကျစိုက်နိုင်ရန် ရေအရင်းအမြစ်ရရန် လိုပါသည်။ ရေအတွက် ချောင်း၊ မြောင်း ပိတ်ခြင်း၊ ဆည်များတည်ဆောက်ခြင်း၊ ကန်များတူးဖေါ်ခြင်း၊ စက်ရေတွင်းများတူး ဖေါ်ခြင်းစသည့် နည်းမျိုးစုံဖြင့် ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ယခုအခါ လက်တွေ့ လည်း အကောင်အထည်ဖေါ် ဆောင်ရွက်လျှက်ရှိပါသည်။

ရေလုံလောက်စွာပါကစိုက်ပျိုးရေးတွင် သီးထပ်စိုက်ပြီးစီးပွားရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာပြီး လူမှုစီးပွားရေး အခြေအနေ မြင့်တင်ပေးနိုင်မည်ဖြစ်သည်။

(ခ) ဤဒေသတွင် လူဦးရေ(၅၂၀၅၉၁)ဦး ၊ အိမ်ထောင်စုပေါင်း(၁၁၄၇၀၉)ရှိပြီး ကျေးလက်အိမ်ထောင်စုများမှာ ၇၉.၆၈% ခန့်ရှိပါသည်။ ကျေးလက် အိမ်ထောင်စုတစ်စု၏ တစ်နှစ်ထင်းလိုအပ်ချက်မှာ (၂.၅)တန်ခန့်ရှိပါသည်။ ဒေသအတွင်း လောင်စာဖြည့် တင်းပေးနိုင်မှုတွင် လုံလောက်မှုမရှိသဖြင့် ထင်းအစားအခြားလောင်စာများ ပိုမိုထုတ်လုပ်ရန် စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ထင်းအကုန်သက်သာသည့် မီးဖိုများတွင် ကျယ်စွာ သုံးစေခြင်းနှင့် လျှပ်စစ် ဓာတ်အားကို ရနိုင်သည့်နည်းဖြင့် ဆောင်ရွက်ခြင်း စသည့်နည်းမျိုးစုံဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

# အပိုင်း (၂)

# အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

## ၇။ သစ်တောမူဝါဒ

၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ (၁၀-ခ)တွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို ရေးဆွဲ၍ သစ်တောရေးရာဝန်ကြီးထံ တင်ပြရမည်ဟု ဖော်ပြထားပါသည်။ ၁၉၉၅ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ၊ သဘောထားကြေငြာချက် အခန်း (၃-၆)တွင်လည်း သစ်တောကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျလမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးနိုင်မည့် (၁၀)နှစ်စီမံကိန်း တစ်ရပ် ရေးဆွဲထားရန် မူဝါဒ လုပ်ငန်းတစ်ရပ်အဖြစ် ဖော်ပြထားပါသည်။ ထို့အပြင် ၁၉၉၅ခုနှစ် အမျိုးသား သစ်တော ရေးရာ ဆောင်ရွက်မှုစီမံချက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့် အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ တစ်ခုစီ အတွက် ဘက်စုံအသုံးချအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ရေးဆွဲရန်အကြံပြုထားပါသည်။ စနစ်တကျ ရေးဆွဲထားသော သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများမရှိဘဲ သစ်တောများကို ထာဝစဉ် တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ထို့အပြင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ရေးဆွဲ၍ အုပ်ချုပ် လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသသစ်အဖွဲ့ (International Tropical Timber Oganization) (ITTO)က သတ်မှတ်ထားသော သစ်တောများကို ထာဝစဉ် တည်မြဲစေရန် အုပ်ချုပ် လုပ်ကိုင်ခြင်း (Sustainable Forest Management)(SFM)၏ စံချိန်စံညွှန်း (Indicator) တစ်ခုလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအုပ်ချုပ် လုပ်ကိုင်မှု စီမံကိန်းကို ၁၉၉၅ခုနှစ် မြန်မာသစ်တောမူဝါဒ သဘောထား ကြေငြာ ချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့်အချက် (၆)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ပါသည်။

### (က) ကာကွယ်ခြင်း

ရေ၊မြေ၊ တောရိုင်းတိရစ္ဆာန် ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ် ရပါမည်။

### (ခ) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောင်သားများပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက် နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင် ကြစေရန် သစ်တော သယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့ နေစေ ရေးအတွက် ထိန်းသိမ်းရပါမည်။

### (ဂ) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အအုံ ၊ အစားအစာနှင့် အပန်း ဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့် ဆည်း ပေးရပါ မည်။

### (ဃ) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှရရှိနိုင်သည့် အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝ ထိန်းသိမ်း ရေးဆိုင်ရာတို့ မထိခိုက်စေဘဲ အပြည့်အဝအသုံးချ နိုင်ရန် စီမံရပါ မည်။

### (င) ပြည်သူတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာတို့ကို ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရပါ မည်။

### (စ) ပြည်သူအတွင်း နိုးကြားထကြွသည့်အသိ ရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန် နေစေရန် စည်းရုံး လှုံ့ဆော်သွားရပါမည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ (၁၀)နှစ်ကာလအတွက်

#### ၈.၁.၁ လူမှုစီးပွားရေး

သစ်တောကဏ္ဍကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ ဖူလုံစေရေးနှင့် ဝင်ငွေရရှိစေရန် ။

#### ၈.၁.၂သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းများရေးဆွဲ၍ သစ်တောများကို စနစ်တကျ အုပ်ချုပ်ပြုစုထိန်းသိမ်းခြင်းဖြင့် သစ်တောသယံဇာတများကို အကျိုးရှိစွာ အသုံးချလာနိုင်ပြီး သစ်တောကဏ္ဍပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် ။

#### ၈.၁.၃စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

သစ်တောများကို စီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်။

#### ၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးကို ဆောင်ရွက်သွားရန်။

### ၈.၂ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

#### ၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တော ကဏ္ဍသည် အဓိကအခန်းမှပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရေးကို စည်းရုံး လှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန် အတွက် လူမှုစီးပွားရေးဆိုင်ရာ သုသေတနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ။

### ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ အစွမ်းကုန် ရရှိခံစားနိုင် ရေး၊ ဂေဟစနစ်များမျှတမှုနှင့်ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သစ်တောများ ပြန်လည် စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ်ညီတောထွက်စနစ်ဖြင့် စီမံအုပ်ချုပ် နိုင်ရေးအတွက် ကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တောများ အစဉ်တည်မြဲနေစေရေးကို ဆောင်ရွက် သွားရန်။

နိုင်ငံတော်ဧရိယာ စုစုပေါင်း၏၃၀%ကို ကြိုးဝိုင်းတောများအဖြစ်လည်းကောင်း သဘာဝ ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံတော် ဧရိယာစုစုပေါင်း၏ (၅%)ကိုလည်းကောင်း၊ ရေရှည်တွင် (၁၀%)ကို လည်းကောင်း၊ ဖွဲ့စည်းဆောင်ရွက်ရန်။

### ၈.၂.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု

#### ၈.၂.၃.၁သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အမျိုးမျိုးတို့ကို စွမ်းဆောင်ရည် ထက်မြက်စွာဖြင့် ထုတ်ယူ၍ ထာဝစဉ်အသုံးချ အုပ်ချုပ်လုပ်ကိုင်သွားရန်။

#### ၈.၂.၃.၂သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု

သစ်တောများမှလိုအပ်သော သစ်ကုန်ကြမ်းပမာဏ အမှန်တကယ်ထုတ်လုပ် ပေးနိုင်သည့် အခြေအနေပေါ်မူတည်၍ သစ်တောအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးမှု အစီအစဉ်များ ချမှတ် ဆောင်ရွက်ရန်။

#### ၈.၂.၃.၃ရောင်းဝယ်ရေးနှင့် ကုန်သွယ်မှု

သစ်တောထွက် ပစ္စည်းများကို ပြည်ပသို့တန်ဖိုးမြှင့် ပစ္စည်းများအဖြစ် တင်ပို့ ရောင်းချခြင်းဖြင့် နိုင်ငံတကာသစ်ဈေးကွက်သို့ ဝင်ရောက်ကုန်သွယ်မှုပြုရန်။

### ၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဇီဝမျိုးကွဲများနှင့်သဘာဝ ဝန်းကျင် ထိန်းသိမ်းမှု

တောရိုင်းတိရစ္ဆာန်၊သဘာဝအပင်များကို ယင်းတို့၏နေရင်းဒေသ ကာကွယ်ထိန်းသိမ်းခြင်းဖြင့် လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ ဇီဝမျိုးကွဲများ မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန် ။

## ၉။ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း

ယခုရေးဆွဲသည့်စီမံကိန်းသည် စစ်ကိုင်းခရိုင်အတွင်း သစ်တောသယံဇာတများကို စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်သွားရန် ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ပါသည်။ စီမံကိန်း သက်တမ်းကာလမှာ (၁၀)နှစ် (၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆ အထိ)ဖြစ်ပြီး စီမံကိန်းစတင်ပြီး (၅)နှစ်(၂၀၂၀-၂၀၂၁) အကြာတွင် ပြန်လည်သုံးသပ် သွားမည်ဖြစ်ပါသည်။ စစ်ကိုင်းခရိုင်အတွင်း ပေါက်ရောက်လျှက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု သစ်နှင့်သစ်တောထွက်ပစ္စည်းထွက်ရှိမှု အလားအလာ၊ ကုန်ကျစရိတ်နှင့် အကျိုး

အမြတ်၊ ဒေသခံပြည်သူတို့၏ သစ်နှင့် သစ်တောထွက်ပစ္စည်းလိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့် ရေမြေထိန်းသိမ်းမှု လိုအပ်ချက် စသည့်အချက်အလက်များကို အခြေခံပြီး အလုပ်တိုက်နယ်များ ဖွဲ့စည်းတည်ထောင်ပြီး စနစ်တကျစီမံ အုပ်ချုပ်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ်အလိုက် အုပ်ချုပ်လုပ်ကိုင်သွားမည့် လုပ်ငန်းများကို အသေးစိတ် ရေးဆွဲဖော်ပြပါမည်။

**၉.၁ ထုတ်လုပ်ရေးသဘာဝတောများ**

စစ်ကိုင်းခရိုင်အတွင်း သစ်ထုတ်နိုင်သည့် သဘာဝတောများ မရှိသဖြင့် ထုတ်လုပ်ရေး အလုပ်တိုက်နယ် ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းမရှိပါ။

**၉. ၁.၁အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ**

ဖော်ပြရန်မရှိပါ။

**၉.၁.၂အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ**

ဖော်ပြရန်မရှိပါ။

**၉.၁.၂.၁ထုတ်လုပ်ရေးအလုပ်တိုက်နယ်**

ဖော်ပြရန်မရှိပါ ။

**၉.၁.၂.၁.၁အလုပ်တိုက်နယ်နှင်ခုတ်စဉ်များဖွဲ့စည်းခြင်း**

ဖော်ပြရန်မရှိပါ။

**၉.၁.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ**

ဖော်ပြရန်မရှိပါ။

**၉.၁.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်**

ဖော်ပြရန်မရှိပါ။

**၉.၁.၂.၁.၁.၃ ခုတ်ပတ်**

ဖော်ပြရန်မရှိပါ။

**၉.၁.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား**

ဖော်ပြရန်မရှိပါ။

**၉.၁.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း**

ဖော်ပြရန်မရှိပါ။

### ၉.၁.၂.၁.၁.၆ သစ်မထုတ်မီ သယံဇာတစာရင်းကောက်ယူ ခြင်း

ဖော်ပြရန်မရှိပါ။

### ၉.၁.၂.၁.၁.၇ သစ်ထုတ်ပြီးသယံဇာတ စာရင်းကောက်ယူခြင်း

ဖော်ပြရန်မရှိပါ။

### ၉.၁.၂.၁.၁.၈ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

ဖော်ပြရန်မရှိပါ။

## ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

### ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) စက်မှုလုပ်ငန်းနှင့်ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များ မျှတမှုကို ပြန်လည် ရရှိရန်အတွက် တောပျက်များနှင့် ယာမြေများတွင် ဒေသနှင့် ကိုက်ညီသည့် ဘက်စုံ သုံးအဖိုးတန် သစ်မျိုးများစိုက်ရန်။

(၂) ကျေးလက်နေပြည်သူများစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လောင်စာဆီ အလွယ်တကူ ရရှိစေရန် ။

(၃) သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်။

(၄) အနာဂတ်တွင် လောင်စာဆီရှားပါးမှုမှ ကာကွယ်နိုင်ရန်။

### ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

စစ်ကိုင်းခရိုင်အတွင်း တည်ထောင်ပြီးသော သစ်တောစိုက်ခင်းများ အလုပ်တိုက်နယ်နှင့် စိုက်ကွက်စဉ်အဖြစ် ဖွဲ့စည်း၍ စနစ်တကျ ထိန်းသိမ်းအုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ စိုက်ခင်းဒေသ မှန်ကန်စွာ ရွေးချယ်ခြင်း၊ ဒေသနှင့်သစ်မျိုးကိုက်ညီမှု၊ သင့်လျော်သည့် သစ်တောစိုက်ပျိုးပြုစုနည်းစနစ်နှင့် သက်ပတ်ရွေးချယ်ခြင်း၊ ကြားဖြတ်နှင့်အပြီး သတ်တောထွက် တွက်ချက်ခြင်းစသည့် သစ်တောစိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်လျှက် အောင်မြင်စွာ တည်ထောင်လုပ်ကိုင်သွားရန်ဖြစ်ပါသည်။

#### ၉.၂.၂.၁ စိုက်ခင်းများအလုပ်တိုက်နယ်

စစ်ကိုင်းခရိုင်အတွင်း စီးပွားရေးစိုက်ခင်း (ကြက်ဆူ) (၇၅)ဧကကို ဤအလုပ်တိုက်နယ်တွင် ဖွဲ့စည်းထားပါသည်။ အလုပ်တိုက်နယ်ဧရိယာသည် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဖြစ်ပါသည်။

## ၉.၂.၂.၁.၁ အလုပ်တိုက်နယ်နှင့်စိုက်ကွက်စဉ်ဖွဲ့စည်းမှု

စိုက်ခင်းအလုပ်တိုက်နယ်ကို စီးပွားရေးစိုက်ခင်း (၇၅)ဧက၊ အလုပ်တိုက် နယ် (၁)ခု စိုက်ကွက်စဉ် (၁)ခု ဖွဲ့စည်းထားပါသည်။ ဖွဲ့စည်းထားသော စိုက်ခင်း အလုပ်တိုက်နယ်တွင် စိုက်ကွက်စဉ်၊ တည်ထောင်သည့်ခုနှစ် တည် နေရာ နှင့် ဧရိယာ စာရင်းအား ဇယား (၉–၂–၂–၁–၁) တွင် ဖော်ပြအပ်ပါ သည်။

**စီးပွားရေးစိုက်ခင်းအလုပ်တိုက်နယ်**

**ဇယား (၉–၂–၂–၁–၁)**

| စိုက်ကွက်စဉ် | မြို့နယ် | စိုက်ခင်းတည်နေရာ | သစ်မျိုး | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| I | စစ်ကိုင်း<br>မြင်းမူ<br>မြင်းမူ | ပယ်ငါးဆယ်ရွာ<br>ထီးဆောင်း<br>တောချောင်းဦး | ကြက်ဆူ<br>ကြက်ဆူ<br>ကြက်ဆူ | ၂၅<br>၂၅<br>၂၅ | ၁၂' ×၁၂'<br>၁၂' ×၁၂'<br>၁၂' ×၁၂' | ၂၀၀၆<br>၂၀၀၆<br>၂၀၀၆ | |
| | | **စိုက်ကွက်စဉ် (I)ပေါင်း** | | **၇၅** | | | |

ဇစ်မြစ် –စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

### ၉.၂.၂.၁.၁.၁ နေရာဒေသရွေးချယ်ခြင်း

စိုက်ခင်းတည်ထောင်ရန် အောက်ဖော်ပြပါနေရာ ဒေသများကို ဦးစား ပေး၍ ရွေးချယ်သတ်မှတ်မည်ဖြစ်ပါသည်။

(၁) ကျူးကျော်ခံရသည့် သစ်တောမြေများ

(၂) တောပျက်များ

(၃) ပလပ်မြေများ

(၄) မြေဆီသြဇာကောင်းမွန်သည့်ဒေသများ

### ၉.၂.၂.၁.၁.၂ ဒေသနှင့်သစ်မျိုးလိုက်ဖက်မှု

ဒေသနှင့်ကိုက်ညီ လိုက်ဖက်သည့် သစ်မျိုးများကို ရွေးချယ်ရာတွင်–

(၁) နှစ်စဉ်ရွာသွန်းသော မိုးရေချိန်စုစုပေါင်း
(၂) မိုးရွာခြင်းပျံ့နှံ့မှု
(၃) ရေလက်ကျန်
(၄) အပူချိန်
(၅) မြေသားထု
(၆) မြေသားတည်ဆောက်မှု

(၇) အပင်များ၏ နိုက်ထရိုဂျင်ချုပ်သတ္တိ
(၈) မြေခါတ်တုံ့ပြန်သတ္တိ
(၉) အပင်များ၏ မီးနှင့်ရေလွှမ်းမိုးခြင်းဒဏ်ခံနိုင်

စသည့်အချက်များက ထည့်သွင်း စဉ်းစားသင့်ပါသည်။

**၉.၂.၂.၁.၁.၃ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်**

စစ်ကိုင်းခရိုင်တွင် တည်ထောင်ခဲ့ပြီးသော သစ်တောစိုက်ခင်းများမှာ စီးပွားရေး (ကြက်ဆူ) စိုက်ခင်းဖြစ်သဖြင့် စိုက်ခင်းများ အောင်မြင်ရေးအတွက် ကြက်ဆူ ကောင်းမွန်စွာ ပေါက်ရောက်နိုင်သော မြေများရွေးချယ်၍ စိုက်ပျိုး တည်ထောင်ခဲ့ပါသည်။

**၉.၂.၂.၁.၁.၄ သတ်ပတ်**

စီးပွားရေး (ကြက်ဆူ) စိုက်ခင်းဖြစ်သောကြောင့် သတ်ပတ်ကို မဖော်ပြနိုင်ပါ။ ကြက်ဆူစေ့ကောက်ယူရန်အတွက် ရည်ရွယ်ပါသည်။ သို့သော်လည်း ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်း၊ မြေဩဇာ မကောင်းမွန်ခြင်းတို့ကြောင့် အသီးသီး နှုန်းညံ့ပြီး၊ စီးပွားဖြစ် အစေ့ကောက်ယူ စုဆောင်းနိုင်ခြင်းမရှိသေးပါ။

**၉.၂.၂.၁.၁.၅ အုပ်ချုပ်လုပ်ကိုင်မှုပြဋ္ဌာန်းချက်များ**

**၉.၂.၂.၁.၁.၅.၁ စိုက်ခင်းများမတည်ထောင်မီလုပ်ငန်းများ**

စိုက်ခင်းများကို မတည်ထောင်မီ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များ အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါ သည်။

(၁) စိုက်ခင်း တည်ထောင်ရန်အတွက် သဘာဝတောကောင်းများကို ခုတ်ထွင်ရှင်လင်းခြင်းမပြုဘဲ ပျက်စီးယိုယွင်းလျှက်ရှိသော သဘာဝ တောများကိုသာ သစ်တောစိုက်ခင်းများ တည်တောင်ရန် ဖြစ်ပါသည်။

(၂) ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ထူးခြားရှားပါးသည့် မြေမျက်နှာသွင်ပြင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်တည်လျှက်ရှိသော ဒေသများတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းမပြုရ။

(၃) စီမံကိန်း (၁၀)နှစ်တာကာလအတွင်း စိုက်ခင်းများ တည်ထောင်ရန် ရည်ရွယ်သည့်ဧရိယာများကို စစ်ဆေးပြီး ပါဝင်ပင်ပြ မြေပုံရေးဆွဲပြီး ခုတ်လှဲမျိုးဆက်ခြင်း စီမံကိန်းကို ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါ သည်။

(၄) မျိုးဆက်ခြင်း သစ်တောစိုက်ခင်းများ ရွေးချယ်ရာတွင် မိမိဒေသ နှင့်သင့်လျှော်သည့် သစ်မျိုးရွေးချယ်ခြင်း စိုက်ခင်း တည်

ထောင်ရန် သင့်လျှော်သည့် နေရာရွေးချယ်ခြင်း၊သင့်လျှော်သော စိုက်ပျိုးပြုစုခြင်း နည်းစနစ် ရွေးချယ်ခြင်း စသည့်မျိုးဆက်ခြင်း လုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**၉.၂.၂.၁.၁.၅.၂စိုက်ခင်းတည်ထောင်ပြီးလုပ်ငန်းများ**

တည်ထောင်ပြီး စိုက်ခင်းများတွင် အောက်ဖော်ပြပါ လုပ်ငန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

**၁။ ပေါင်းသင်ရှင်းလင်းခြင်း**

(က) စိုက်ခင်းများတွင်ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း စိုက်ခင်း အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ပေါင်းရှင်း ခြင်းအရေအတွက်အတိုင်း ပေါင်းရှင်းလင်းရန် ဖြစ်ပါသည်။

(ခ) ပေါင်းသင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ အမှုထမ်းများ လိုက် နာရန် အမိန့်လက်စွဲနှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**၂။ မီးကာကွယ်ခြင်း**

မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် အောက်ဖော်ပြပါ အချက် များကို ဆောက်ရွက်ရပါမည်။ မီးကာကွယ်ခြင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာ ညွှန်ကြားချက်အမှတ် ၉၉၊ ၁၀၀နှင့် အမှုထမ်းများ လိုက်နာရန် အမိန့်လက်စွဲ အပိုဒ် ၁၃၇၊ ၁၄၄မှ ၁၆၃ထိ တိကျစွာ လိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**၃။ ရောဂါပိုးမွှားအန္တရာယ်ကာကွယ်ခြင်း**

(က) စိုက်ပျိုးမည့် သစ်မျိုးသည် စိုက်ပျိုးသည့် ဒေသနှင့် ကိုက်ညီ လိုက်ဖက်ရန်။ ရောဂါပိုးမွှားများကို ဖြစ်နိုင်ပါက ဓါတုပစ္စည်း ဓါတုပစ္စည်းများ အသုံးပြု၍ ကာကွယ် ဟန့်တားခြင်းထက် ဇီဝဆိုင်ရာ ထိန်းသိမ်းမှုနည်း စနစ်မျိုးစုံကို အသုံးပြုရန်။

(ခ) သစ်မျိုးရောနှောစိုက်ပျိုးခြင်း၊ရွက်အုပ်လွှာအဆင့်ဆင့်စိုက်ပျိုး ခြင်းတို့ကိုဆောင်ရွက်ရန်။

(ဂ) ရောဂါပိုးမွှားများတစ်နေရာမှ တစ်နေရာသို့ ပြန့်ပွား ကူးစက်မှု များကို ကာကွယ်ထိန်းသိမ်း စစ်ဆေးမည့် နည်းစနစ်များ ချမှတ် အကောင်အထည်ဖော်ရန်။

(ဃ) စိုက်ခင်းဒေသပတ်ဝန်းကျင်တွင်သဘာဝတောများ ထိန်းသိမ်းထားရန်။

(င) ရောဂါပိုးမွှားများ ကာကွယ်ထိန်းသိမ်းမှု ပြုလုပ်နိုင်ရန် အဆိုပါ ပိုးမွှားတို့၏ ဘဝဖြစ်စဉ်နှင့် အလေ့အထကိုသိရှိနားလည်ထားရန်။

(စ) ရောဂါပိုးမွှားများ ကာကွယ်ခြင်းနှင့် ပတ်သက်၍ ဌာန ဆိုင်ရာ ညွှန်ကြားချက်အပိုဒ် (၁၀၄)အတိုင်း လိုက်နာ ဆောင်ရွက်ရန်။ စိုက်ခင်းများ စတင် တည်ထောင်သည့်နှစ်မှ သီးနှံပင်များ စိုက်ပျိုးနိုင်သည့် အချိန်အထိ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းကို ကြိုးစား ဆောင်ရွက်သွားရန်။

**၄။ စိုက်ခင်းမှတ်တမ်းများပြုစုခြင်း**

တည်ထောင်ပြီး သစ်တောစိုက်ခင်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း စိုက်ခင်းမှတ်တမ်းများ ထားရှိ ရပါမည်။စိုက်ခင်းမှတ်တမ်းများတွင်တည်ထောင် ပြီးခုနှစ်၊ သစ်မျိုး၊ သေပင်ရှင်ပင်ရာနှုန်း၊ မီးကာကွယ် ခြင်း၊ ပေါင်းသင် ရှင်းလင်းခြင်း၊ သေပင်ဖာထေးခြင်း စသည့်လုပ်ငန်းများနှင့် ကုန်ကျစရိတ်များဖြည့်သွင်းထားရှိရန် ဖြစ်ပါသည်။ စိုက်ခင်း မှတ်တမ်းများတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း စိုက်ခင်းဒေသအနေအထား ဖော်ပြသော မြေပုံရေးဆွဲရမည် ဖြစ်ပါ သည်။

**၉.၂.၂.၁.၁.၆သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း**

**၉.၂.၂.၁.၁.၆.၁ ကြားဖြတ်တောထွက်**

စီးပွားရေး (ကြက်ဆူ) စိုက်ခင်းဖြစ်သောကြောင့် ကြက်ဆူစေ့ ကောက်ယူနိုင်မှုအပေါ်မူတည်၍ နှစ်စဉ် တောထွက်ကို ရနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း စစ်ကိုင်းခရိုင်အတွင်းရှိ ကြက်ဆူစိုက်ခင်းများမှာ အသီးသီးနှုန်းညံ့ပြီး ယခုအချိန်ထိ စီးပွားဖြစ် ကြက်ဆူစေ့ကောက်ယူ စုဆောင်းနိုင်မှု မရှိသေးပါ။

**၉.၂.၂.၁.၁.၆.၂ အပြီးသတ်တောထွက်**

မူလစီမံချက်အတိုင်းကြက်ဆူစေ့များ ကောက်ယူ စုဆောင်းနိုင်မှုမရှိသဖြင့် အပြီးသတ်တောတွက်ကို တွက်ချက် ဖော်ပြနိုင်ခြင်းမရှိသေးပါ။

### ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျဉ်း စည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု

စိုက်ခင်းတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် မြို့နယ်အသီးသီးမှ စိုက်ကွက်တာဝန်ခံတောအုပ် တစ်ဦးစီတာဝန်ခံအဖြစ် တာဝန်ပေး၍ တောခေါင်းများ၊ တောကြပ်များဖြင့် လုပ်ငန်းများကို ကြီးကြပ်လုပ်ကိုင်စေပါသည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးမှူးများမှ လိုအပ်သော ပံ့ပိုးမှုများကို ကူညီဆောင်ရွက် ပေးပါမည်။ ညွှန်ကြားရေးမှူးအနေဖြင့် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးပါမည်။ စိုက်ခင်းလုပ်သားများအနေဖြင့် ပတ်ဝန်းကျင် ကျေးရွာများမှ ကျေးရွာသားများကို လုပ်ငန်းတစ်ခုချင်းအလိုက် လုပ်အားခများပေးချေ၍ လုပ်ငန်း အောင်မြင်အောင် စည်းရုံးလုပ်ဆောင်ပါမည်။ သစ်တောဦးစီးဌာနမှ လုပ်ငန်းတစ်ခုချင်း အလိုက် သတ်မှတ်ပေးသော လုပ်အားခ ရန်ပုံငွေမှာ နည်းပါးနေပြီး ပြင်ပလုပ်ငန်းများမှ လုပ်အားခဝင်ငွေမှာ များပြားလာသဖြင့် သစ်တောလုပ်ငန်းများကို စိတ်ဝင်စားမှု မရှိသောကြောင့် လုပ်သားရရှိမှု နည်းပါးခြင်းဖြစ်ပါသည်။ လုပ်သားများအတွက် ကျန်းမာရေး၊ ပညာရေးတို့ကိုပေးနိုင်ပြီး ပြင်ပတွင် လက်ရှိလုပ်အားခနှုန်းနှင့် အချိုးညီသော လုပ်အားခများကို ပံ့ပိုးပေးမှသာ လုပ်သားများ စည်းရုံးရရှိနိုင် မည်ဖြစ်ပြီး လုပ်ငန်း တိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။

### ၉.၂.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

သစ်တောစိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိခွင့်ပြု ရန်ပုံငွေထက် ပိုမိုခွင့်ပြုနိုင်ပါကလုပ်ငန်းများ ပိုမိုအောင်မြင်လာနိုင်မည်ဖြစ်ပါသည်။

## ၉.၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

### ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

နိုင်ငံတော်စီးပွားရေး တိုးတက်မှုအပေါ်တွင် အထောက်အကူဖြစ်စေရန် သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်နှင့် ဒေသခံပြည်သူလူထု အခြေခံ စားဝတ်နေရေး လိုအပ်ချက်များကို ဖြေရှင်းရာ၌ အထောက်အပံ့ ဖြစ်စေရန်စသည့် ရည်ရွယ်ချက်များ ပါဝင်ပါသည်။ပြည်သူလူထု၏ပူးပေါင်း ဆောင်ရွက်မှုကိုရယူပြီး သစ်တော မရှိသောနေရာများတွင် သစ်တောတည်ထောင်ခြင်း၊သစ်တောများ ပျက်စီးပြုန်းတီးသွားသော နေရာများတွင် သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် တစ်နှစ် သစ်မာခွဲသားလိုအပ်ချက် တွက်ချက်မှုစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**သစ်မာခွဲသားလိုအပ်ချက်စာရင်း**

| စဉ် | မြို့နယ် | မြို့ပြ/ ကျေးလက် | အိမ်ထောင်စု | ပျမ်းမျှသစ်လိုအပ်ချက် | |
|---|---|---|---|---|---|
| | | | | တစ်အိမ်ထောင်နှုန်း (တန်) | လိုအပ်ချက် (တန်) |
| ၁ | စစ်ကိုင်း | မြို့ပြ | ၁၈၉၃၈ | ၀.၀၈၅ | ၁၆၁၀ |
| | | ကျေးလက် | ၄၆၂၀၅ | ၀.၀၈၅ | ၃၉၂၇ |
| | | **ပေါင်း** | **၆၅၁၄၃** | | **၅၅၃၇** |
| ၂ | မြင်းမူ | မြို့ပြ | ၄၀၃၉ | ၀.၀၈၅ | ၃၄၃ |
| | | ကျေးလက် | ၂၁၂၆၅ | ၀.၀၈၅ | ၁၈၀၈ |
| | | **ပေါင်း** | **၂၅၃၀၄** | | **၂၁၅၁** |
| ၃ | မြောင် | မြို့ပြ | ၁၈၅၆ | ၀.၀၈၅ | ၁၅၈ |
| | | ကျေးလက် | ၂၂၄၀၆ | ၀.၀၈၅ | ၁၉၀၄ |
| | | **ပေါင်း** | **၂၄၂၆၂** | | **၂၀၆၂** |
| | **စစ်ကိုင်းခရိုင်ပေါင်း** | **မြို့ပြ** | **၂၄၈၃၃** | **၀.၀၈၅** | **၂၁၁၁** |
| | | **ကျေးလက်** | **၈၉၈၇၆** | **၀.၀၈၅** | **၇၆၃၉** |
| | | **ပေါင်း** | **၁၁၄၇၀၉** | | **၉၇၅၀** |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ (၃–င)အရ စစ်ကိုင်းခရိုင်အတွင်း နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် သစ်မာ ခွဲသား အသုံး ပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စစ်ကိုင်းမြို့နယ်တွင် နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် သစ်အသုံး ပြု မှုမှာ (၄၆ % ) ဖြစ်သည့်အတွက် သစ်အသုံး ပြုမှုမှာ (၂၅၄၇)တန် ဖြစ်ပါသည်။

(ခ) မြင်းမူမြို့နယ်တွင် နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် သစ်အသုံး ပြုမှုမှာ (၂၁%) ဖြစ်သည့် အတွက် သစ်အသုံး ပြုမှုမှာ (၄၅၁)တန်ဖြစ်ပါသည်။

(ဂ) မြောင်မြို့နယ်တွင်သစ်မာခွဲသား အသုံးပြုသည့် အိမ်ထောင်စု (၂၂၄၆၃)စု ရှိသည့်အတွက် သစ်အသုံးပြုမှုမှာ (၃၆%) ဖြစ်သည့် အတွက် သစ်အသုံးပြုမှုမှာ (၇၄၂)တန်ဖြစ်ပါသည်။

(ဃ) စစ်ကိုင်းခရိုင်တွင်နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် သစ်အသုံးပြုမှု မှာ (၃၇၄၀)တန်ဖြစ်ပါသည်။

စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက်တစ်နှစ် ဝါး လိုအပ်ချက် တွက်ချက်မှု စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**ဝါးလိုအပ်ချက်တွက်ချက်မှုစာရင်း**

| စဉ် | မြို့နယ် | မြို့ပြ/ ကျေးလက် | အိမ် ထောင်စု | ပျမ်းမျှဝါးလိုအပ်ချက် | |
|---|---|---|---|---|---|
| | | | | တစ်အိမ်ထောင် နှုန်း (လုံးရေ) | လိုအပ်ချက် (လုံးရေ) |
| ၁ | စစ်ကိုင်း | မြို့ပြ | ၁၈၉၃၈ | ၀.၂ | ၃၇၈၈ |
| | | ကျေးလက် | ၄၆၂၀၅ | ၁၂၀ | ၅၅၄၄၆၀၀ |
| | | **ပေါင်း** | **၆၅၁၄၃** | | **၅၅၄၈၃၈၈** |
| ၂ | မြင်းမူ | မြို့ပြ | ၄၀၃၉ | ၀.၂ | ၈၀၈ |
| | | ကျေးလက် | ၂၁၂၆၅ | ၁၂၀ | ၂၅၅၁၈၀၀ |
| | | **ပေါင်း** | **၂၅၃၀၄** | | **၂၅၅၂၆၀၈** |
| ၃ | မြောင် | မြို့ပြ | ၁၈၅၆ | ၀.၂ | ၃၇၁ |
| | | ကျေးလက် | ၂၂၄၀၆ | ၁၂၀ | ၂၆၈၈၇၂၀ |
| | | **ပေါင်း** | **၂၄၂၆၂** | | **၂၆၈၉၀၉၁** |
| **စစ်ကိုင်းခရိုင်ပေါင်း** | | **မြို့ပြ** | **၂၄၈၃၃** | **၀.၂** | **၄၉၆၇** |
| | | **ကျေးလက်** | **၈၉၈၇၆** | **၁၂၀** | **၁၀၇၈၅၁၂၀** |
| | | ပေါင်း | **၁၁၄၇၀၉** | | **၁၀၇၉၀၀၈၇** |

ဇစ်မြစ်– စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ (၃–င)အရ စစ်ကိုင်းခရိုင်အတွင်း နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် ဝါး အသုံးပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စစ်ကိုင်းမြို့နယ်တွင် နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊အကာ၊ အခင်းတွက် ဝါးအသုံး ပြုမှုမှာ (၉၄% ) ဖြစ်သဖြင့် ဝါးအသုံး ပြုမှုမှာ (၅၂၁၅၄၈၄)လုံးဖြစ်ပါသည်။

(ခ) မြင်းမူမြို့နယ်တွင် နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် ဝါးအသုံး ပြုမှုမှာ (၁၀၅ %) ဖြစ်သဖြင့် ဝါးအသုံး ပြုမှုမှာ (၂၆၈၀၂၃၈)လုံးဖြစ်ပါသည်။

(ဂ) မြောင်မြို့နယ်တွင် နေအိမ်ဆောက်လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် ဝါးအသုံး ပြုမှုမှာ(၁၂၈%) ဖြစ်သဖြင့် ဝါးအသုံး ပြုမှုမှာ (၃၄၄၂၀၃၆)လုံးဖြစ်ပါသည်။

(ဃ) စစ်ကိုင်းခရိုင်တွင် နေအိမ်ဆောက် လုပ်ရာတွင် အမိုး၊ အကာ၊ အခင်းတွက် ဝါးအသုံး ပြုမှုမှာ (၁၁၃၃၇၇၅၈)လုံးဖြစ် ပါသည်။

စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် တစ်နှစ် တိုင်/မျော လိုအပ်ချက် တွက်ချက်မှုစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**တိုင်လိုအပ်ချက်တွက်ချက်မှုစာရင်း**

| စဉ် | မြို့နယ် | မြို့ပြ/ ကျေးလက် | အိမ် ထောင်စု | ပျမ်းမျှတိုင်လိုအပ်ချက် | |
|---|---|---|---|---|---|
| | | | | တစ်အိမ်ထောင် နှုန်း (လုံးရေ) | လိုအပ်ချက် (လုံးရေ) |
| ၁ | စစ်ကိုင်း | မြို့ပြ | ၁၈၉၃၈ | ၀.၀၁ | ၁၈၉ |
| | | ကျေးလက် | ၄၆၂၀၅ | ၀.၀၃ | ၁၃၈၆ |
| | | **ပေါင်း** | **၆၅၁၄၃** | | **၁၅၇၅** |
| ၂ | မြင်းမူ | မြို့ပြ | ၄၀၃၉ | ၀.၀၁ | ၄၀ |
| | | ကျေးလက် | ၂၁၂၆၅ | ၀.၀၃ | ၆၃၈ |
| | | **ပေါင်း** | **၂၅၃၀၄** | | **၆၇၈** |
| ၃ | မြောင် | မြို့ပြ | ၁၈၅၆ | ၀.၀၁ | ၁၉ |
| | | ကျေးလက် | ၂၂၄၀၆ | ၀.၀၃ | ၆၇၂ |
| | | **ပေါင်း** | **၂၄၂၆၂** | | **၆၉၁** |
| | **စစ်ကိုင်းခရိုင်ပေါင်း** | **မြို့ပြ** | **၂၄၈၃၃** | **၀.၀၁** | **၂၄၈** |
| | | **ကျေးလက်** | **၈၉၈၇၆** | **၀.၀၃** | **၂၆၉၆** |
| | | **ပေါင်း** | **၁၁၄၇၀၉** | | **၂၉၄၄** |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

**မျောလိုအပ်ချက်တွက်ချက်မှုစာရင်း**

| စဉ် | မြို့နယ် | မြို့ပြ/ ကျေးလက် | အိမ် ထောင်စု | ပျမ်းမျှမျောလိုအပ်ချက် | |
|---|---|---|---|---|---|
| | | | | တစ်အိမ်ထောင် နှုန်း (လုံးရေ) | လိုအပ်ချက် (လုံးရေ) |
| ၁ | စစ်ကိုင်း | မြို့ပြ | ၁၈၉၃၈ | ၀.၁ | ၁၈၉၄ |
| | | ကျေးလက် | ၄၆၂၀၅ | ၀.၃ | ၁၃၈၆၁ |
| | | **ပေါင်း** | **၆၅၁၄၃** | | **၁၅၇၅၅** |
| ၂ | မြင်းမူ | မြို့ပြ | ၄၀၃၉ | ၀.၁ | ၄၀၄ |
| | | ကျေးလက် | ၂၁၂၆၅ | ၀.၃ | ၆၃၈၀ |
| | | **ပေါင်း** | **၂၅၃၀၄** | | **၆၇၈၄** |
| ၃ | မြောင် | မြို့ပြ | ၁၈၅၆ | ၀.၁ | ၁၈၅ |
| | | ကျေးလက် | ၂၂၄၀၆ | ၀.၃ | ၆၇၂၂ |
| | | **ပေါင်း** | **၂၄၂၆၂** | | **၆၉၀၇** |
| **စစ်ကိုင်းခရိုင်ပေါင်း** | | **မြို့ပြ** | **၂၄၈၃၃** | **၀.၁** | **၂၄၈၃** |
| | | **ကျေးလက်** | **၈၉၈၇၆** | **၀.၃** | **၂၆၉၆၃** |
| | | **ပေါင်း** | **၁၁၄၇၀၉** | | **၂၉၄၄၆** |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

၂၀၁၄ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ (၃–င) အရ စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက်မီးသွေးလိုအပ်ချက် တွက်ချက်မှုစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | မြို့နယ် | မီးသွေးအသုံးပြုအိမ်ထောင်စု | မီးသွေးလိုအပ်ချက် | |
|---|---|---|---|---|
| | | | တစ်အိမ်ထောင်နှုန်း (တန်) | မီးသွေးလိုအပ်ချက် (တန်) |
| ၁ | စစ်ကိုင်း | ၄၉၉၉ | ၂.၄ | ၁၁၉၉၇ |
| ၂ | မြင်းမူ | ၃၈၈ | ၂.၄ | ၉၃၁ |
| ၃ | မြောင် | ၃၁၀ | ၂.၄ | ၇၄၄ |
| | **စစ်ကိုင်းခရိုင်ပေါင်း** | **၅၆၉၇** | **၂.၄** | **၁၃၆၇၂** |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

စစ်ကိုင်းခရိုင်အတွင်းမြို့နယ်အလိုက် တစ်နှစ်ထင်းလိုအပ်ချက်တွက်ချက်မှု စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**ထင်းလိုအပ်ချက်တွက်ချက်မှုစာရင်း**

| စဉ် | မြို့နယ် | မြို့ပြ/ ကျေးလက် | အိမ်ထောင်စု | ပျမ်းမျှထင်းလိုအပ်ချက် | |
|---|---|---|---|---|---|
| | | | | တစ်အိမ်ထောင်နှုန်း (တန်) | လိုအပ်ချက် (တန်) |
| ၁ | စစ်ကိုင်း | မြို့ပြ | ၁၈၉၃၈ | ၁.၄ | ၂၆၅၁၃ |
| | | ကျေးလက် | ၄၆၂၀၅ | ၂.၅ | ၁၁၅၅၁၂ |
| | | **ပေါင်း** | **၆၅၁၄၃** | | **၁၄၂၀၂၅** |
| ၂ | မြင်းမူ | မြို့ပြ | ၄၀၃၉ | ၁.၄ | ၅၆၅၅ |
| | | ကျေးလက် | ၂၁၂၆၅ | ၂.၅ | ၅၃၁၆၃ |
| | | **ပေါင်း** | **၂၅၃၀၄** | | **၅၈၈၁၈** |
| ၃ | မြောင် | မြို့ပြ | ၁၈၅၆ | ၁.၄ | ၂၅၉၈ |
| | | ကျေးလက် | ၂၂၄၀၆ | ၂.၅ | ၅၆၀၁၅ |
| | | **ပေါင်း** | **၂၄၂၆၂** | | **၅၈၆၁၃** |
| | **စစ်ကိုင်းခရိုင်ပေါင်း** | **မြို့ပြ** | **၂၄၈၃၃** | **၁.၄** | **၃၄၇၆၆** |
| | | **ကျေးလက်** | **၈၉၈၇၆** | **၂.၅** | **၂၂၄၆၉၀** |
| | | **ပေါင်း** | **၁၁၄၇၀၉** | | **၂၅၉၄၅၆** |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ (၃– င)အရ စစ်ကိုင်းခရိုင်အတွင်း ထင်းအသုံးပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စစ်ကိုင်းမြို့နယ်တွင်ထင်းလောင်စာအသုံးပြုမှုမှာ (၆၇% ) ဖြစ်သည့်အတွက် ထင်းလောင်စာ အသုံးပြုမှုမှာ (၉၅၁၅၆)တန်ဖြစ်ပါသည်။

(ခ) မြင်းမူမြို့နယ်တွင်ထင်းလောင်စာအသုံးပြုမှုမှာ (၈၂ %) ဖြစ်သည့်အတွက် ထင်းလောင်စာ အသုံးပြုမှုမှာ (၄၈၂၃၀)တန်ဖြစ်ပါသည်။

(ဂ) မြောင်မြို့နယတွင်ထင်းလောင်စာအသုံးပြုမှုမှာ (၉၃%)ဖြစ်သည့်အတွက်ထင်းလောင် စာ အသုံးပြုမှုမှာ (၅၄၅၁၀)တန် ဖြစ်ပါသည်။

(ဃ) စစ်ကိုင်းခရိုင်တွင်ထင်းလောင်စာအသုံးပြုမှုမှာထင်းလောင်စာအသုံးပြုမှုမှာ (၁၉၇၈၉၆) တန်ဖြစ် ပါသည်။

တည်ထောင်ပြီး ကျေးရွာသုံးထင်း စိုက်ခင်းအသက်(၅)နှစ် ကြာသောအခါတွင် တစ်ဧကလျှင် ထင်းပျမ်းမျှ(၁၇.၅)ကုဗတန်ရရှိမည်ဟုခန့်မှန်းသည့်အတွက်စစ်ကိုင်းခရိုင်အတွင်း ထင်းလိုအပ်ချက်အားထောက်ပံ့ပေးနိုင်ရန် ကျေးထင်း စိုက်ခင်းနှင့်ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောစိုက်ခင်းဧရိယာ စစ်ကိုင်းမြို့နယ်တွင်(၅၄၃၇) ဧက၊မြင်းမူမြို့နယ်တွင် (၂၇၅၆)ဧက၊ မြောင်မြို့နယ်တွင် (၃၁၁၅)ဧက ၊ စစ်ကိုင်းခရိုင်တွင် (၁၁၃၀၈)ဧက တည်ရှိရမည်ဖြစ်ပါသည်။

စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် နှစ်စဉ် ထောက်ပံ့ပေးနိုင်သော ထင်းထောက်ပံ့ရေးဧရိယာမှာစစ်ကိုင်းမြို့နယ်တွင် (၇၆၃၅)ဧက၊ မြင်းမူမြို့နယ်တွင်(၂၂၆၅)ဧက၊မြောင်မြို့နယ်တွင် (၂၉၅)ဧက၊ စစ်ကိုင်းခရိုင်တွင်(၁၀၁၉၅)ဧက သာရှိသည့်အတွက် စစ်ကိုင်းခရိုင် အတွင်း ထင်းလိုအပ်ချက်များအတွက် စစ်ကိုင်းမြို့နယ် တစ်ခုသာလုံလောက်စွာထောက်ပံ့ပေးနိုင်မှုရှိပြီး မြင်းမူမြို့နယ်(၈၂%)နှင့်မြောင်မြို့နယ်(၉%)သာ ထောက်ပံ့ပေးနိုင်မှုရှိသည့်အတွက် မြင်းမူမြို့နယ်နှင့်မြောင်မြို့နယ်ရှိ ဒေသခံပြည်သူများအားထင်းလုံလောက်စွာ ထောက်ပံ့ပေးနိုင်မှု မရှိပါ။

စစ်ကိုင်း ခရိုင်အတွင်း သစ်၊ ဝါး၊ တိုင်၊ မျော၊ မီးသွေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် သဘာဝ တောများမရှိပါ။ ခရိုင်အတွင်း သစ်လိုအပ်ချက်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြန်မာသစ်လုပ်ငန်းနှင့်သစ်တောဦးစီးဌာနတို့မှ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လေလံရောင်းချခြင်းဖြင့် ဖြည့်ဆည်းပေးရပါမည်။

စစ်ကိုင်းခရိုင်အတွင်း ဝါး၊ တိုင်၊ မျော၊ မီးသွေးလိုအပ်ချက်များကို မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်တို့မှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဝယ်ယူရောင်းချ ဖြည့်ဆည်းပေးရပါမည်။

စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် သစ်၊ ထင်း၊ တိုင်၊ မျော လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် သစ်တောဦးစီးဌာနမှ အပူပိုင်းမိုးနည်းရပ်ဝန်း စိုက်ခင်း(၂၀၀)ဧက၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း(၅၀၀)ဧက စိုက်ပျိုးသွားမည်ဖြစ်ပါ သည်။ စစ်ကိုင်းခရိုင်အတွင်း စိုက်ခင်းတည်ထောင်ရန်မြေရရှိမှုအခက်အခဲရှိပါသဖြင့် ထင်းထောက်ပံ့ရေးဧရိယာ ပြည့်မီအောင် စိုက်ခင်းများ တည်ထောင်နိုင်ခြင်းမရှိပါ။ ကျေးရွာလူထုနှင့်ပူးပေါင်း၍ တစ်ရွာ(၁)ဧက စိုက်ခင်း(၂၀၀)ဧက၊တစ်အိမ်ထောင် သစ်မာ(၂၀)ပင်စိုက်ပျိုးခြင်း (၁၀၀၀၀၀)ပင်၊ တစ်အိမ် ထောင်ကျွန်း(၃)ပင် စိုက်ပျိုးခြင်း(၃၀၀၀၀)ပင် တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

စီမံကိန်းကာလအတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာသုံးထင်းစိုက်ခင်း (၉၀၀)ဧကနှင့် အခြား စိုက်ခင်း (၃၂၅)ဧကစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နှစ်စဉ်ထင်းလောင်စာလိုအပ်ချက်လျော့နည်းစေရန်အတွက်လောင် စာတောင့် (၁၀၀၀၀၀)တုံး၊ စွမ်းအားမြင့်မီးဖို (၂၀၂၁)လုံး ဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

## ၉.၃.၂.၁ ဒေသထောက်ပံ့ရေး / ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို ဒေသခံပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျှောနှင့် ဝါး စသည်တို့ကို ရေရှည် စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရန်အတွက် ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် စိုက်ခင်းများတည်ထောင်ခြင်း သဘာဝတောများ ထိန်းသိမ်းခြင်း စသည်တို့ကို လုပ်ကိုင်မည်ဖြစ်ပါသည်။

### ၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ် ဖွဲ့စည်းရာတွင် ဒေသအတွင်းနေထိုင်သည့် လူဦးရေပမာဏ၊ သစ်တောထွက် ပစ္စည်းလိုအပ်ချက်နှင့် သစ်တောများမှထွက်ရှိမှုပမာဏ စသည့်အချက်များအပေါ် အခြေခံပါသည်။ စစ်ကိုင်းခရိုင်အတွင်း ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ် (၁)ခုအား ဧရိယာ (၁၀၁၉၅)ဧကဖြင့် ဖွဲ့စည်းထားပြီး ခရိုင်အတွင်း မြို့နယ် (၃)မြို့နယ်ရှိ ကျေးလက်ပြည်သူများ၏ ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်စိုက်ကွက်စဉ် (၃၀)ခုဖွဲ့စည်းပါသည်။ အလုပ်တိုက်နယ်တွင်ပါဝင်သည့် ဧရိယာသည် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဖြစ်ပါသည်။

စစ်ကိုင်းခရိုင်၏ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်အတွင်း လုပ်ကွက်စဉ်ဖွဲ့စည်းထားရှိမှုအခြေအနေအား ဇယား (၉-၃-၂-၁-၁)ကဖြင့်ဖော်ပြအပ်ပါသည်။

စစ်ကိုင်းခရိုင်၏ ဒေသထောက်ပံ့ ရေးအလုပ်တိုက်နယ်အတွင်း စိုက်ကွက်စဉ်များ ဖွဲ့စည်းထားရှိမှုအခြေအနေအား ဇယား (၉-၃-၂-၁-၁)ခ ဖြင့် ဖော်ပြအပ်ပါသည်။

စစ်ကိုင်းခရိုင်အတွင်းမြို့နယ်အလိုက် နှစ်စဉ်ထောက်ပံ့ပေးနိုင်သောထင်းဧရိယာတွက်ချက်မှုအခြေအနေကို ဇယား (၉-၃-၂-၁-၁)ဂ ဖြင့် ဖော်ပြအပ်ပါသည်။

# ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နယ် လုပ်ကွက်စဉ်ဖွဲ့စည်းမှု

ဇယား (၉-၃-၂-၁-၁)က

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော သစ်တောဖုံးလွှမ်းလျှက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ | အကွက်အမှတ်များ | ဧရိယာ (ဧက) | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | | အစုအဖွဲ့ပိုင် | ကျေး/ထင်းစိုက်ခင်း | သဘာဝတော | | |
| | | | | | Effective | Ineffective | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | စစ်ကိုင်းမြို့နယ်<br>(အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | ၂၅ | ၇၆၁၀ | - | - | ၇၆၃၅ |
| | **ပေါင်း** | **-** | **၂၅** | **၇၆၁၀** | **-** | **-** | **၇၆၃၅** |
| ၂ | မြင်းမူမြို့နယ်<br>(အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | - | ၂၂၆၅ | - | - | ၂၂၆၅ |
| | **ပေါင်း** | **-** | **-** | **၂၂၆၅** | **-** | **-** | **၂၂၆၅** |
| ၃ | မြောင်မြို့နယ်<br>(အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | - | ၂၉၅ | - | - | ၂၉၅ |
| | **ပေါင်း** | **-** | **-** | **၂၉၅** | **-** | **-** | **၂၉၅** |
| | **လုပ်ကွက်ပေါင်း** | **-** | **၂၅** | **၁၀၁၇၀** | **-** | **-** | **၁၀၁၉၅** |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအလုပ်တိုက်နယ်

ဇယား (၉-၃-၂-၁-၁)ခ

| စိုက်ကွက်စဉ် | မြို့နယ် | စိုက်ခင်းတည်နေရာ | သစ်မျိုး | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | စစ်ကိုင်း | ခြေရာတော် | ရှား | ၁၀၀ | ၁၂ 'x၁၂' | ၁၉၈၁ | |
| | | **စိုက်ကွက်စဉ်(၁)ပေါင်း** | | **၁၀၀** | | | |
| ၂ | ။ | ခြေရာတော် | ရှား | ၂၀၀ | ။ | ၁၉၈၂ | |
| | | **စိုက်ကွက်စဉ် (၂)ပေါင်း** | | **၂၀၀** | | | |
| ၃ | ။ | ခြေရာတော် | ရှား၊မယ်ဇလီ | ၂၃၀ | ။ | ၁၉၈၃ | |
| | | **စိုက်ကွက်စဉ် (၃)ပေါင်း** | | **၂၃၀** | | | |
| ၄ | ။ | ခြေရာတော် | ရှား၊မယ်ဇလီ | ၂၀၀ | ။ | ၁၉၈၄ | |
| | | **စိုက်ကွက်စဉ် (၄)ပေါင်း** | | **၂၀၀** | | | |
| ၅ | ။ | ခြေရာတော်<br>စစ်ကိုင်း တောင် | ဆူးဖြူ<br>ရှား၊မယ်ဇလီ | ၄၀၀ | ။ | ၁၉၈၅ | |
| | | **စိုက်ကွက်စဉ် (၅)ပေါင်း** | | **၄၀၀** | | | |
| ၆ | စစ်ကိုင်း | ခြေရာတော် | ရှား | ၄၀၀ | ၁၂ 'x၁၂' | ၁၉၈၆ | |
| | | **စိုက်ကွက်စဉ် (၆)ပေါင်း** | | **၄၀၀** | | | |
| ၇ | စစ်ကိုင်း<br>မြင်းမူ | ခြေရာတော်<br>ထီးဆောင်း | ရှား၊ ထနောင်း<br>ဆူးဖြူ | ၄၅၀<br>၅၀ | ၁၂ 'x၁၂'<br>၁၂ 'x၁၂' | ၁၉၈၇<br>၁၉၈၇ | |
| | | **စိုက်ကွက်စဉ်(၇)ပေါင်း** | | **၅၀၀** | | | |
| ၈ | စစ်ကိုင်း<br><br>မြင်းမူ | ခြေရာတော်/<br>ကြွယ်လူးချောင်<br>ထီးဆောင်း | ရှား၊ဆီနီဂေါ၊<br>ယူကလစ်၊<br>ဆူးဖြူ | ၄၀၀<br><br>၅၀ | ၁၂ 'x၁၂'<br><br>၁၂ 'x၁၂' | ၁၉၈၈<br><br>၁၉၈၈ | |
| | | **စိုက်ကွက်စဉ် (၈)ပေါင်း** | | **၄၅၀** | | | |
| ၉ | စစ်ကိုင်း | ခြေရာတော် | မယ်ဇလီ၊ရှား | ၄၀၀ | ၁၂ 'x၁၂' | ၁၉၈၉ | |
| | | **စိုက်ကွက်စဉ် (၉)ပေါင်း** | | **၄၀၀** | | | |
| ၁၀ | စစ်ကိုင်း<br>မြင်းမူ | ခြေရာတော်<br>ထီးဆောင်း | ဆီနီဂေါ၊ ဆူးဖြူ၊<br>ဆီနီဂေါ | ၅၅၀<br>၂၀၀ | ၁၂ 'x၁၂'<br>၁၂ 'x၁၂' | ၁၉၉၀<br>၁၉၉၀ | |
| | | **စိုက်ကွက်စဉ် (၁၀)ပေါင်း** | | **၇၅၀** | | | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအလုပ်တိုက်နယ်

ဇယား (၉-၃-၂-၁-၁)ခ

| စိုက်ကွက်စဉ် | မြို့နယ် | စိုက်ခင်းတည်နေရာ | သစ်မျိုး | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁၁ | စစ်ကိုင်း<br>မြင်းမူ | ခြေရာတော်<br>ထီးဆောင်း | ရှား၊ယူကလစ်<br>ဆီနီဂေါ<br>ယူကလစ် | ၅၅၀<br>၅၀ | ၁၂'x၁၂'<br>။ | ၁၉၉၁<br>၁၉၉၁ | |
| | | **စိုက်ကွက်စဉ်(၁၁)ပေါင်း** | | **၆၀၀** | | | |
| ၁၂ | စစ်ကိုင်း<br>မြင်းမူ | ခြေရာတော်<br>ထီးဆောင်း | မယ်ဇလီ၊<br>ဆီနီကယ် | ၅၅၀<br>၅၀ | ၁၂'x၁၂'<br>။ | ၁၉၉၂<br>၁၉၉၂ | |
| | | **စိုက်ကွက်စဉ်(၁၂)ပေါင်း** | | **၆၀၀** | | | |
| ၁၃ | မြင်းမူ | ထီးဆောင်း | မြန်မာ ရှား | ၅၀ | ၁၂'x၁၂' | ၁၉၉၃ | |
| | | **စိုက်ကွက်စဉ်(၁၃)ပေါင်း** | | **၅၀** | | | |
| ၁၄ | စစ်ကိုင်း<br>မြင်းမူ | ခြေရာတော်၊<br>မင်းဝံတောင်<br>ထီးဆောင် | ယူကလစ်<br>ရှား၊ မယ်ဇလီ<br>ဆီနီကယ် | ၄၇၀<br>၁၀၀ | ၁၂'x၁၂'<br>။ | ၁၉၉၄<br>၁၉၉၄ | |
| | | **စိုက်ကွက်စဉ်(၁၄)ပေါင်း** | | **၅၇၀** | | | |
| ၁၅ | စစ်ကိုင်း<br>မြင်းမူ<br>မြောင် | ခြေရာတော်<br>ထီးဆောင်<br>မြောင်-ပရိမ္မ | ယူကလစ်<br>တမာ<br>ဂန္ဓာစိမ်း၊မယ်ဇလီ | ၅၀၀<br>၁၅၀<br>၅၀ | ၁၂'x၁၂'<br>။<br>။ | ၁၉၉၅<br>၁၉၉၅<br>၁၉၉၅ | |
| | | **စိုက်ကွက်စဉ်(၁၅)ပေါင်း** | | **၇၀၀** | | | |
| ၁၆ | စစ်ကိုင်း<br><br>မြင်းမူ<br>မြောင် | ခြေရာတော်<br>ပုဂံတူ<br>ထီးဆောင်း<br>ဆင်ဂေါင်း<br>တောင် | တမာ၊ရှား<br>သစ်မျိုးစုံ<br>ယူကလစ်<br>ဆီနီကယ် | ၄၇၅<br>၂၅<br>၁၀၀<br>၅၀ | ၁၂'x၁၂'<br>၁၂'x၁၂'<br>၁၂'x၁၂'<br>၁၂'x၁၂' | ၁၉၉၆<br>၁၉၉၆<br>၁၉၉၆<br>၁၉၉၆ | CF |
| | | **စိုက်ကွက်စဉ် (၁၆)ပေါင်း** | | **၆၅၀** | | | |
| ၁၇ | စစ်ကိုင်း<br>မြင်းမူ | ခြေရာတော်<br>ထီးဆောင် | မယ်ဇလီ၊ရှား<br>ယူကလစ် | ၄၃၀<br>၄၇၀ | ၁၂'x၁၂'<br>၁၂'x၁၂' | ၁၉၉၇<br>၁၉၉၇ | |
| | | **စိုက်ကွက်စဉ်(၁၇)ပေါင်း** | | **၉၀၀** | | | |
| ၁၈ | စစ်ကိုင်း<br>မြင်းမူ<br>မြောင် | ခြေရာတော်<br>ရွှေချောင်း ဒေသ<br>မြောင်-ပရိမ္မ | ယူကလစ်<br>မြန်မာရှား<br>ဘောစကိုင်း | ၅၀၀<br>၄၀၀<br>၁၀၀ | ၁၂'x၁၂'<br>၁၂'x၁၂'<br>၁၂'x၁၂' | ၁၉၉၈<br>၁၉၉၈<br>၁၉၉၈ | |
| | | **စိုက်ကွက်စဉ်(၁၈) ပေါင်း** | | **၁၀၀၀** | | | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအလုပ်တိုက်နယ်

ဇယား (၉-၃-၂-၁-၁)ခ

| စိုက်ကွက်စဉ် | မြို့နယ် | စိုက်ခင်းတည်နေရာ | သစ်မျိုး | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁၉ | စစ်ကိုင်း | ခြေရာတော် | ယူကလစ်<br>ဆူးဖြူ၊<br>အော်ရီးရှား | ၃၅၀ | ၁၂'x၁၂' | ၁၉၉၉ | |
| | | **စိုက်ကွက်စဉ်(၁၉)ပေါင်း** | | **၃၅၀** | | | |
| ၂၀ | စစ်ကိုင်း | ခြေရာတော် | ယူကလစ်<br>မယ်ဇလီ | ၃၀၀ | ၁၂x၁၂' | ၂၀၀၀ | |
| | | **စိုက်ကွက်စဉ်(၂၀)ပေါင်း** | | **၃၀၀** | | | |
| ၂၁ | စစ်ကိုင်း<br>မြင်းမူ | ခြေရာတော်<br>လက်ပံကျင်းဒေသ | ဆီနီဂေါ၊ရှား<br>ဆီနီဂေါ၊ရှား | ၅၀<br>၁၀၀ | ၁၂x၁၂' | ၂၀၀၁ | စိမ်း/စို |
| | | **စိုက်ကွက်စဉ်(၂၁)ပေါင်း** | | **၁၅၀** | | | |
| ၂၂ | မြင်းမူ | နတ်ကန်တွင်း ဒေသ | ဆီနီဂေါ | ၁၀၀ | ၁၂x၁၂' | ၂၀၀၂ | စိမ်း/စို |
| | | **စိုက်ကွက်စဉ်(၂၂)ပေါင်း** | | **၁၀၀** | | | |
| ၂၃ | မြင်းမူ | နတ်ကန်တွင်း ဒေသ | ဆီနီဂေါ | ၁၀၀ | ၁၂x၁၂' | ၂၀၀၃ | စိမ်း/စို |
| | | **စိုက်ကွက်စဉ်(၂၃)ပေါင်း** | | **၁၀၀** | | | |
| ၂၄ | မြင်းမူ | နတ်ကန်တွင်း ဒေသ | ဆီနီဂေါ | ၁၀၀ | ၁၂x၁၂' | ၂၀၀၄ | စိမ်း/စို |
| | | **စိုက်ကွက်စဉ်(၂၃)ပေါင်း** | | **၁၀၀** | | | |
| ၂၅ | စစ်ကိုင်း<br><br>မြင်းမူ | တောင်ညို့ရွာ<br><br>ထီးဆောင်း<br>စားကျက် | မယ်ဇလီ၊တမာ<br>အော်ရီးရှား<br>ယူကလစ် | ၂၀<br><br>၂၀ | ၁၂'x၁၂' | ၂၀၀၇ | စိမ်း/စို |
| | | **စိုက်ကွက်စဉ်(၂၅)ပေါင်း** | | **၄၀** | | | |
| ၂၆ | မြင်းမူ | စည်ပင်-ကန်သာ | ယူကလစ် | ၅၀ | ၁၂x၁၂' | ၂၀၁၀ | စိမ်း/စို |
| | | **စိုက်ကွက်စဉ်(၂၆)ပေါင်း** | | **၅၀** | | | |
| ၂၇ | မြင်းမူ<br>မြောင် | နတ်ကန်တွင်း<br>ဆင်ဂေါင်းတောင် | ယူကလစ်<br>ယူကလစ် | ၂၅<br>၂၅ | ၁၂x၁၂' | ၂၀၁၁ | စိမ်း/စို |
| | | **စိုက်ကွက်စဉ်(၂၇)ပေါင်း** | | **၅၀** | | | |

ဖစ်မြစ် - စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအလုပ်တိုက်နယ်

ဇယား (၉-၃-၂-၁-၁)ခ

| စိုက်ကွက်စဉ် | မြို့နယ် | စိုက်ခင်းတည်နေရာ | သစ်မျိုး | ဧရိယာ (ဧက) | ပန္နက်အကွာအဝေး | တည်ထောင်သည့်ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၂၈ | မြင်းမူ | တောချောင်းဦး | ယူကလစ်၊ရှားတမာ | ၅၀ | ၁၂x၁၂' | ၂၀၁၃ | စိမ်း/စို |
| | မြောင် | ဆင်ဓါင်းတောင် | ယူကလစ်၊ ဆူးဖြူ၊ဆီနီဓါ | ၅၀ | | | |
| | | စိုက်ကွက်စဉ် (၂၈) ပေါင်း | | ၁၀၀ | | | |
| ၂၉ | စစ်ကိုင်း | မန်ကျီးဖြူ သွားလမ်း | ယူကလစ် | ၅၀ | ၁၂'x၁၂' | ၂၀၁၄ | |
| | မြင်းမူ | ငွေတွင်းကုန်း | ယူကလစ်၊ရှား | ၂၀ | | | စိမ်း/စို |
| | | စိုက်ကွက်စဉ် (၂၉) ပေါင်း | | ၇၀ | | | |
| ၃၀ | စစ်ကိုင်း | မကျီးဖြူသွား လမ်း | ယူကလစ် | ၃၅ | ၁၂x၁၂' | ၂၀၁၅ | စိမ်း/စို |
| | မြင်းမူ | ကန်ဖျား | ယူကလစ် | ၁၆ | | | သစ်တော |
| | | ကန်ဖျား/ ညောင်မြစ် | ယူကလစ် | ၁၄ | | | ။ |
| | မြောင် | ဇရပ်ကုန်း | ယူကလစ် | ၁၀ | | | ။ |
| | | နဘက် | ယူကလစ် | ၁၀ | | | ။ |
| | | စိုက်ကွက်စဉ် (၃၀) ပေါင်း | | ၈၅ | | | |
| | | နှစ်စဉ်စိုက်ကွက်ပေါင်း | | ၁၀၁၉၅ | | | |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

# စစ်ကိုင်းခရိုင်အတွင်း မြို့နယ်အလိုက် နှစ်စဉ်ထောက်ပံ့ပေးနိုင်သောထင်းထောက်ပံ့ရေးဧရိယာ တွက်ချက်ဖော်ပြမှုဇယား

ဇယား (၉-၃-၂-၁-၁)ဂ

ဧရိယာ (ဧက)

| လုပ်ကွက်စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော သစ်တောဖုံးလွှမ်းလျှက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ | အကွက်အမှတ်များ | ဧရိယာ (ဧက) | | | | နှစ်စဉ်ထောက်ပံ့ပေးနိုင်မည့် ထင်းဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|
| | | | ကျေး/ထင်း စိုက်ခင်း | အစုအဖွဲ့ ပိုင်စိုက်ခင်း | ထောက်ပံ့ရေးသဘာဝတော | စုစုပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | စစ်ကိုင်းမြို့နယ် (အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | ၇၆၁၀ | ၂၅ | - | - | ၇၆၃၅ |
| | **ပေါင်း** | **-** | **၇၆၁၀** | **၂၅** | | | **၇၆၃၅** |
| ၂ | မြင်းမူမြို့နယ် (အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | ၂၂၆၅ | - | - | - | ၂၂၆၅ |
| | **ပေါင်း** | **-** | **၂၂၆၅** | **-** | **-** | **-** | **၂၂၆၅** |
| ၃ | မြောင်မြို့နယ် (အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | ၂၉၅ | - | - | - | ၂၉၅ |
| | **ပေါင်း** | **-** | **၂၉၅** | **-** | **-** | **-** | **၂၉၅** |
| | **လုပ်ကွက်ပေါင်း** | **-** | **၁၀၁၇၀** | **၂၅** | **-** | **-** | **၁၀၁၉၅** |

ဇစ်မြစ် - စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ၉.၃.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

စစ်ကိုင်းခရိုင်အတွင်းရှိ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်တွင် ကျေးရွာသုံး ထင်းစိုက်ခင်းမှာ ၁၉၈၁ခုနှစ်မှ ၂၀၁၅ခုနှစ်ထိ (၁၀၁၉၅)ဧက ရှိပါသည်။ တည်ထောင်သည့် ခုနှစ်အလိုက် လုပ်ကွက်စဉ်(၃၀)ခု ခွဲထားပါသည်။ အဆိုပါ လုပ်ကွက် (၃၀)ခုမှ ကျေးလက်ပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ခြင်းမရှိဘဲ ဧရိယာအားလုံးကို အနားပေးကွက်များအဖြစ် ဖွဲ့စည်းထားပါသည်။

## ၉.၃.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ငုတ်တတ်ပင်ချန်စနစ် (Coppice with Standard)ကို ကျင့်သုံး လုပ်ကိုင်မည် ဖြစ်ပါသည်။ အခြားသစ်တော စိုက်ပျိုးပြုစုနည်းစနစ် တစ်ခုခုကို ကျင့်သုံး လုပ်ကိုင်မည်ဆိုပါက ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်း သစ်တောဦးစီးဌာနထံ တင်ပြ၍ အတည်ပြုချက်ရပြီးမှသာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စစ်ကိုင်းခရိုင်တွင် ကျင့်သုံးမည့် မျိုးဆက်ခြင်းစနစ်များမှာ ဓမ္မတာမျိုးဆက်ခြင်းနှင့် ပဂတ္တိမျိုးဆက်ခြင်းတို့ဖြစ်ပါသည်။

## ၉.၃.၂.၁.၁.၃ သစ်ထုတ်မည့်နည်းစနစ်

ဒေသခံပြည်သူများ လိုအပ်သည့် သစ်၊ ထင်း၊ ဝါး၊ မျော၊ တိုင် စသည်တို့ကို ခုတ်ကွက်စဉ်အလိုက် ထုတ်လုပ်ပါမည်။

## ၉.၃.၂.၁.၁.၄ ခုတ်ပတ်

စစ်ကိုင်းခရိုင်အတွင်း ဒေသအတွင်းကျေးလက်ပြည်သူများ၏ လောင်စာထင်း စဉ်ဆက်မပြတ်ထောက်ပံ့နိုင်ရေးအတွက် တည်ထောင် ထားသော ကျေးရွာသုံး ထင်းစိုက်ခင်းများ၏ခုတ်ပတ်ကို သစ်မျိုး အားလုံးအတွက် (၅)နှစ် သတ်မှတ်ပါသည်။

## ၉.၃.၂.၁.၁.၅ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

စစ်ကိုင်းခရိုင်တွင် သဘာဝတောများမှ သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါးတို့ကို ထုတ်လုပ်ပေးနိုင်စွမ်းမရှိသဖြင့် ထုတ်လုပ်ခွင့်ပြုသည့် အရွယ် အစားကို မသတ်မှတ်ဘဲ စိုက်ခင်းများ၏ ခုတ်ပတ်ပြည့်သည့်နှစ် ခုတ်လှဲထုတ်ယူ ခွင့်ပြုမည်ဖြစ် ပါသည်။

## ၉.၃.၂.၁.၁.၆ တောထွက်တွက်ချက်ခြင်း

တောထွက်တွက်ချက်ရာတွင် သတ်ပတ် (၅)နှစ်ပြည့်မီသော ဒေသထောက်ပံ့ရေးစိုက်ခင်းများကို နှစ်စဉ်ခုတ်ကွက်များ ဖွင့်လှစ်၍ ထုတ်ယူခွင့်ပြုပါမည်။

## ၉.၃.၂.၁.၁.၇ သစ်မထုတ်မီ သယံဇာတစာရင်းများကောက်ယူခြင်း

ဒေသထောက်ပံ့ရေး စိုက်ခင်းများမှ သစ်ထုတ်ယူခဲ့ပါက တစ်နှစ်အတွင်း စာရင်းကောက်ယူပါမည်။

## ၉.၃.၂.၁.၁.၈ သစ်ထုတ်ပြီး သယံဇာတစာရင်းကောက်ယူခြင်း

စိုက်ခင်းများမှ သစ်ထုတ်ယူခဲ့ပါက တစ်နှစ်အတွင်း စာရင်း ကောက်ယူပါမည်။

### ၉.၃.၂.၁.၁.၉ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

နှစ်စဉ် မည်သည့်လုပ်ကွက်စဉ်/ ခုတ်ကွက်စဉ်ပိတ်မည် ဖွင့်မည်ကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးမှ ဆုံးဖြတ်မည်ဖြစ်ပါသည်။ နှစ်စဉ် ခုတ်စဉ်တစ်ခုအတွင်း ဧရိယာဧက မည်မျှခွင့်ပြုမည်ကိုလည်း ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးမှ ဆုံးဖြတ်ပြီး ခရိုင်မှခွင့်ပြုသည့် ဧရိယာ ထက်မပိုစေဘဲ တိကျသော စနစ်ကျသော ကြီးကြပ်မှုများဖြင့် ခွင့်ပြုလုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ဒေသသုံးအတွက် နှစ်စဉ် ခုတ်ကွက်အလိုက် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ချန်ပင်အရေအတွက် တစ်ဧက (၂၀)ပင်မှ (၃၀)ပင်အထိ ထားရှိမည်ဖြစ်ပါသည်။ မီးကာကွယ်ခြင်းနှင့် ပတ်သက်၍ ငုတ်တက်ချွန်သည့် ဧရိယာများနှင့် ပဝတ္တိမျိုးဆက် ဧရိယာများတွင် (၅)နှစ်သားအထိ ဆက်တိုက် ဆောင်ရွက် သွားပါမည်။ အကွက်များတွင် ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်းကို တစ်နှစ်လျှင် (၂) ကြိမ် (၂)နှစ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၃.၂.၂ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ရာတွင် နီးစပ်ရာကျေးရွာများမှ ကျေးလက်ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။

### ၉.၃.၂.၃ သစ်တောပညာပေးခြင်း

သစ်တောနည်းပညာများအတိုင်း ဒေသခံလူထုကို ပညာပေး ဆောင်ရွက်သွားပါမည်။

### ၉.၃.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီမံခန့်ခွဲမှု

ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန်အတွက် သစ်တောဥပဒေများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်၍ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖေါ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ဒေသထောက်ပံ့ရေးစိုက် ခင်းတည်ထောင်ရာတွင်ဝန်ထမ်းများမှ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စိုက်ခင်းလုပ်သားများရရှိရေး၊ အဆောက်အအုံ၊ စက်ကိရိယာနှင့် အခြားပံ့ပိုးပစ္စည်းများ အချိန်နှင့်တပြေးညီ ရရှိရန်လည်း အထူးလိုအပ်ပါသည်။ ထို့အပြင် သစ်တောဥပဒေနှင့် ၁၉၉၅ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ သဘောထားကြေငြာချက်တွင် ချမှတ်ထားသော အဓိကကျသည့် အချက် (၆)ချက်ကိုလုပ်ငန်းလမ်းညွှန်သဖွယ် ထားဝစဉ် ဦးထိပ်ပန်ဆင်ကာ အကောင်အထည်ဖေါ်စေရန် လုပ်ငန်းစီမံချက်များရေးဆွဲ ဆောင်ရွက်ရပါမည်။

### ၉.၃.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

ဒေသထောက်ပံ့ရေး စိုက်ခင်းများ တည်ထောင်ရန်အတွက် လုပ်ငန်းစဉ်များအလိုက် ဌာနဆိုင်ရာမှ ခွင့်ပြုနှုန်းများအတိုင်း ရန်ပုံငွေများ အပြည့်အဝ အချိန်မှီရရှိရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက ခွင့်ပြုစံနှုန်းများကို အချိန်အခါ အခြေအနေနှင့်လိုက်လျောညီထွေ တိုးမြှင့်ခွင့်ပြု

ပေးသင့်ပါသည်။ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများမှ ထုတ်လုပ်ခွင့်ပြုသည့် သစ်နှင့်သစ်တောထွက်ပစ္စည်းများအပေါ် သတ်မှတ်အခွန်နှုန်းအတိုင်း ကျသင့်အခွန် များစနစ်တကျဖြင့် အပြည့်အဝကောက်ခံရရှိရန်နှင့် ငွေစာရင်းတွင် ညွှန်ကြားချက်များနှင့် အညီရေးသွင်း ထိန်းသိမ်းရန် လိုအပ်ပါသည်။ အထူးကုန်ကျစရိတ်များရှိ သည့်အခါ အထက် အဆင့်ဆင့်သို့ အသေးစိတ်တွက်ချက်ဖော်ပြ၍ တင်ပြတောင်းခံပြီး စည်းမျဉ်းစည်းကမ်းနှင့် အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၉.၄ ရေဝေရေလဲစိုက်ခင်းများ

### ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်

(၁) ဆည်၊ကန်၊ ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲများ ထိန်းသိမ်းရန်အတွက် သစ်တောများနှင့်အခြားမြေများကို စနစ်တကျ အုပ်ချုပ်ရာတွင် မူဝါဒနှင့်အညီ စီမံချက်များ ချမှတ်ရေးဆွဲဆောင်ရွက်ရန်ဖြစ်ပြီး ယင်းမူဝါဒများနှင့် စီမံချက်များကို ပြည်သူလူထုနှင့်အဖွဲ့အစည်း အသီးသီး၏ အင်အားများကိုရယူ၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများ၊ သဘာဝရေထွက်ဒေသများ၏ ရေဝေရေ လဲဒေသ သစ်တောများ ထိန်းသိမ်းစီမံလုပ်ကိုင်ရာတွင် ဒေသခံပြည်သူများမှ အသိစိတ်ဓါတ်ရှိရှိဖြင့် လက်တွဲ ပါဝင်စေရေးကို ဦးတည် စည်းရုံး ဆောင်ရွက်သွားရန်။

### ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနယ်များကို လက်ရှိတည်ထောင်ပြီးသော ဆည်မြောင်းတာတမံနှင့် တိုးချဲ့ဆောင်ရွက်လျှက်ရှိသည့် ဆည်နှင့်တမံများ၏ ပတ်ဝန်းကျင် ဒေသရှိ ရေဝေရေလဲသစ်တောများ သာမက ဆည်တမံများသို့ ရေဝင်မည့် အလား အလာဖြစ်သော မြစ်၊ ချောင်း၊ အင်း၊အိုင်၏ ရေဦးရေဖျားဒေသများအထိ တိုးချဲ့ သတ်မှတ်၍ အောက်ပါ ထိန်းသိမ်းကာကွယ်ပြုစုခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်။

**(က) နံ့တားဆည်တမံတည်ဆောက်ခြင်း**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မြေဆီလွှာတိုင်းတာမှုနှင့် ကမ်းပါးပြိုမှုကာကွယ်ရန်အတွက် နံ့တားတမံဆည်များ တည်ဆောက် ထိန်းသိမ်း ဆောင်ရွက်ရန်

**(ခ) မြေတိုက်စားမှု ထိန်းသိမ်းခြင်း**

ဆည်တမံများ ရေရှည်တည်တံ့စေရန်နှင့် ရေအရည်အသွေး အစဉ်ကောင်းမွန်စေရေးအတွက် ရေဝေရေလဲဒေသများတွင် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် မြေတိုက်စားမှု ထိန်းသိမ်းရန်၊ စိုက်ခင်းများ လိုအပ်သလို တည်ထောင်ဆောင်ရွက်ခြင်း၊ တိုးချဲ့ပညာပေးခြင်း စသည့် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စီမံအုပ်ချုပ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်

### ၉.၄.၂.၁ ရေဝေရေလဲစိုက်ခင်းများအလုပ်တိုက်နယ်

#### ၉.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

စစ်ကိုင်းခရိုင်အတွင်း ရေဝေရေလဲအလုပ်တိုက်နယ်၊ လုပ်ကွက်စဉ်များဖွဲ့စည်း ထားရှိမှု အခြေအနေအားဇယား (၉-၄-၂-၁-၁)ဖြင့် ဖော်ပြအပ်ပါသည်။ မြင်းမူမြို့နယ်ရှိ လက်ပံဆည် ရေဝေရေလဲဧရိယာမှာ ရေဝေရေလဲစိုက်ခင်း (၂၈၀)ဧကနှင့် အခြားမြေ (၅၈၅)ဧကတို့ တည်ရှိပါသည်။ မြောင်မြို့နယ်ရှိ လက်ယက်မဆည် ရေဝေရေလဲဧရိယာ မှာ ရေဝေရေလဲစိုက်ခင်း (၂၀)ဧကနှင့် အခြားမြေ (၂၁၀)ဧကတို့ တည်ရှိပါသည်။ အလုပ်တိုက်နယ်တွင်ပါဝင်သည့် ဧရိယာသည် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဖြစ်ပါသည်။

# ရေဝေရေလဲအလုပ်တိုက်နယ်

လုပ်ကွက်စဉ် I     လက်ပံဆည်

ဇယား ( ၉-၄-၂-၁-၁ )

| နှစ်စဉ် စိုက် ကွက် | မြို့နယ် | သစ်မျိုး | စိုက်ခင်း အမျိုးအစား | တည်ထောင် သည့်ခုနှစ် | တည် နေရာ | တည်ထောင် ပြီးဧရိယာ (ဧက) | ပန္နက် အကွာအဝေး (ပေ) | လက်ရှိ ဧရိယာ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁ | မြင်းမူ | တမာ | ရေဝေရေလဲ | ၂၀၀၅ | - | ၅၀ | ၁၂ x ၁၂ | ၅၀ | |
| | နှစ်စဉ်စိုက်ကွက် (၁)ပေါင်း | | | | | ၅၀ | | ၅၀ | |
| ၂ | မြင်းမူ | တမာ | ရေဝေရေလဲ | ၂၀၀၆ | - | ၅၀ | ၁၂ x ၁၂ | ၅၀ | |
| | နှစ်စဉ်စိုက်ကွက် (၁)ပေါင်း | | | | | ၅၀ | | ၅၀ | |
| ၃ | မြင်းမူ | မြန်မာရှား | ရေဝေရေလဲ | ၂၀၀၇ | - | ၅၀ | ၁၂ x ၁၂ | ၅၀ | |
| | နှစ်စဉ်စိုက်ကွက် (၁)ပေါင်း | | | | | ၅၀ | | ၅၀ | |
| ၄ | မြင်းမူ | မြန်မာရှား | ရေဝေရေလဲ | ၂၀၀၈ | - | ၅၀ | ၁၂ x ၁၂ | ၅၀ | |
| | နှစ်စဉ်စိုက်ကွက် (၁)ပေါင်း | | | | | ၅၀ | | ၅၀ | |
| ၅ | မြင်းမူ | ယူကလစ် မြန်မာရှား | ရေဝေရေလဲ | ၂၀၁၄ | - | ၃၀ | ၁၅ x ၁၅ | ၃၀ | စိမ်း/စို |
| | နှစ်စဉ်စိုက်ကွက် (၁)ပေါင်း | | | | | ၃၀ | | ၃၀ | |
| ၆ | မြင်းမူ | ယူကလစ်၊ မြန်မာရှား | | ၂၀၁၅ | - | ၅၀ | ၁၅ x ၁၅ | ၅၀ | စိမ်း/စို |
| | နှစ်စဉ်စိုက်ကွက် (၁)ပေါင်း | | | | | ၅၀ | | ၅၀ | |
| | **နှစ်စဉ်စိုက်ကွက်ပေါင်း** | | | | | **၂၈၀** | | **၂၈၀** | |
| | မြင်းမူ | | အခြားမြေ | | | | | ၅၈၅ | |
| | **လုပ်ကွက်စဉ် I ပေါင်း** | | | | | | | **၈၆၅** | |

ဇစ်မြစ် - စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

# ရေဝေရေလဲအလုပ်တိုက်နယ်

လုပ်ကွက်စဉ် II လက်ယက်မဆည်

ဇယား (၉-၄-၂-၁-၁)

| နှစ်စဉ် စိုက် ကွက် | မြို့နယ် | သစ်မျိုး | စိုက်ခင်း အမျိုးအစား | တည်ထောင် သည့်ခုနှစ် | တည် နေရာ | တည်ထောင် ပြီးဧရိယာ (ဧက) | ပန္နက် အကွာအဝေး (ပေ) | လက်ရှိ ဧရိယာ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁ | မြောင် | ဆီနီကယ် ရှား | ရေဝေရေလဲ | ၁၉၉၅ | - | ၂၀ | ၁၂ x ၁၂ | ၂၀ | |
| | နှစ်စဉ်စိုက်ကွက် (၁) ပေါင်း | | | | | ၂၀ | | ၂၀ | |
| | **နှစ်စဉ်စိုက်ကွက်ပေါင်း** | | | | | **၃၀၀** | | **၂၀** | |
| | မြောင် | | အခြားမြေ | | | | | ၂၁၀ | |
| | **လုပ်ကွက်စဉ် II ပေါင်း** | | | | | | | **၂၃၀** | |

ဇစ်မြစ် - စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

### ၉.၄.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

စစ်ကိုင်းခရိုင်အတွင်းရှိ လက်ပံဆည်မှာ လယ်ယာစိုက်ပျိုးမြေအတွင်း ဖြတ်သန်းစီးဆင်းသောချောင်းအား ပိတ်ထားသော တစ်ဖက်ပိတ်ဆည်ငယ်ဖြစ်ပါသည်။ ဆည်၏ရေဝေရေလဲဒေသမှာ လယ်/ယာမြေများ ဖြစ်ပါသည်။

### ၉.၄.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ရေဝေရေလဲဒေသအတွင်းနှင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကိုဦးတည်၍ လူထုပူပေါင်းပါဝင်မှုဖြင့်သစ်တောပြုစု ပျိုးထောင်ထိန်းသိမ်းခြင်း သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စသည့် ပြုစု နည်းစနစ်များဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။

### ၉.၄.၂.၁.၁.၃ ခုတ်ပတ်

ထုတ်လုပ်ရေး သစ်တောများမဟုတ်၍အစီရင်ခံရန်မရှိပါ။

### ၉.၄.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ဖော်ပြရန်မရှိပါ။

### ၉.၄.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်းနှင့်ထိန်းသိမ်းခြင်း

အစီရင်ခံတင်ပြရန်မရှိပါ။

### ၉.၄.၂.၁.၁.၆ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

ဆည်၊ ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများရှိသစ်တော များကို အစွန့်ရှည်စွာတည်တံ့စေရေးအတွက် ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ်များဖွဲ့စည်း၍ စီမံအုပ်ချုပ် လုပ်ကိုင်ရာတွင် အောက်ပါအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) လိုအပ်သောနေရာများ၌ သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင်ရပါမည်။

(ခ) မြေစား၊ မြေပြိုခြင်းကို ကာကွယ်သည့် ရေမြေထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရပါမည်။

(ဂ) နုန်းပို့ချမှုကို လျော့နည်းစေသည့် နှုံးစစ်ကန်များ၊ နုန်းထိန်းဆည်များကို လိုအပ်သလို တည်ဆောက်သွားရပါမည်။

(ဃ) ရေဝေရေလဲ အလုပ်တိုက်နယ်ဖြစ်သည့်အတွက် ရေမြေ ထိန်းသိမ်းရေး၊ မြေတိုက် စားမှုမဖြစ်စေရေး သက်ဆိုင်ရာ ဆည်မြောင်းတမံများတွင် ရေလုံလောက်စွာနှင့် ရေကောင်းရေသန့်ရရှိနိုင်ရေးစသည့် အကျိုးပြုလုပ်ငန်းများဖြစ်ပေါ်စေရန်နှင့် မထိခိုက်စေရန်အတွက် အထူးသတိပြု ဆောင်ရွက်ရန် ဖြစ်ပါသည်။

### ၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ရေဝေရေလဲဒေသ ရေရှည်တည်တံ့စေရန် ပြည်သူလူထုနှင့် ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

### ၉.၄.၂.၃ သစ်တောပညာပေးခြင်း

ရေဝေရေလဲဒေသအတွင်းနေထိုင်သည့် ပြည်သူလူထုအား အောက်ဖော်ပြပါနည်းလမ်းများဖြင့် သစ်တောပညာပေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ရေမြေတိုက်စားပြိုပျက်မှု နည်းပါးစေခြင်းနှင့် နုံးပို့ချမှုနည်းစေမည့် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များကို ဒေသခံပြည်သူများအား ပညာပေး၍ လက်တွေ့ ဆောင်ရွက်စေခြင်း။

(ခ) ရေဝေရေလဲဒေသအတွင်း နေထိုင်သူများ၏ လူနေမှုအဆင့် အတန်းကို မြှင့်တင်၍ ရေဝေရေလဲထိန်းသိမ်းရေး စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန် ပညာပေးခြင်း။

(ဂ) ရေဝေရေလဲဒေသများကို စနစ်တကျ စီမံအုပ်ချုပ်ပြီး အများပြည်သူ အကျိုးပြုလုပ်ငန်းများ လက်တွေ့ပြသခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် ပညာပေးခြင်း။

## ၉.၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

စစ်ကိုင်းခရိုင်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ် နိုင်မှုမရှိပါ။

### ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ဖော်ပြရန်မရှိပါ။

### ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

#### ၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အလုပ်တိုက်နယ်

ဖော်ပြရန်မရှိပါ။

#### ၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

ဖော်ပြရန်မရှိပါ။

#### ၉.၅.၂.၁.၁.၁ အပင်ပေါက်ရောက်မှု/ထွက်ရှိမှုအခြေအနေ

ဖော်ပြရန်မရှိပါ။

**၉.၅.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်**

ဖော်ပြရန်မရှိပါ။

**၉.၅.၂.၁.၁.၃ခုတ်ပတ်**

ဖော်ပြရန်မရှိပါ။

**၉.၅.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့်ပမာဏ**

ဖော်ပြရန်မရှိပါ ။

**၉.၅.၂.၁.၁.၅ တောထွက် တွက်ချက်ခြင်း**

ဖော်ပြရန်မရှိပါ ။

**၉.၅.၂.၁.၁.၆ သက်ပတ်**

ဖော်ပြရန်မရှိပါ ။

**၉.၅.၂.၁.၁.၇ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ**

ဖော်ပြရန်မရှိပါ ။

**၉.၅.၂.၂ သယံဇာတ စာရင်းကောက်ယူခြင်း**

ဖော်ပြရန်မရှိပါ ။

**၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်အတွင်း မင်းဝံတောင်ဘေးမဲ့ ကာကွယ်တော(၁)ခု တည်ရှိပါသည်။ ၁၉၇၁ခုနှစ်တွင် တည်ထောင်ခဲ့ပြီး၊ ဧရိယာ (၅၈၈၇၄)ဧက ကျယ်ဝန်းပါသည်။ ဤခရိုင်အတွင်းတည်ထောင်ရန် ရည်ရွယ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေမရှိပါ။ ဇယား(၉-၆)တွင် ဖေါ်ပြထားပါသည်။

**အဆိုပြုတင်ပြထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများစာရင်း**

ဇယား (၉-၆)

| စဉ် | သဘာဝထိန်းသိမ်းရေး နယ်မြေအမျိုးအစား | တည်နေရာ | ဧရိယာအကျယ် အဝန်း (ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | | .......မရှိပါ..... | | |

ဖစ်မြစ် -စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ၉.၆.၁ ဂေဟစနစ်များ အုပ်ချုပ်လုပ်ကိုင်ခြင်း

မြန်မာနိုင်ငံရှိ သဘာဝသစ်တောများတွင် အဖိုးတန်သစ်တော သယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝလျှက်ရှိရာ မျိုးသုန်းပျောက်ကွယ်မှု မဖြစ်စေရန်နှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန် သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ဖွဲ့စည်းလျှက်ရှိပါသည်။ မူလပတ်ဝန်းကျင် သဘာဝအပင်များနှင့် သတ္တလောကတို့ အပြန်အလှန် အကျိုးပြုမြဲပြုစေရန်အတွက် ဖြစ်တည်လျှက်ရှိသော ဂေဟစနစ်များကို ထိန်းသိမ်း အုပ်ချုပ်လုပ်ကိုင်ရမည် ဖြစ်ပါသည်။ ဤခရိုင်အနေဖြင့် စစ်ကိုင်းတောင်တန်းပေါ်ရှိ သဘာဝသစ်တောများတွင် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်၍ မင်းဝံတောင် ဘေးမဲ့ကာကွယ်တောဧရိယာတစ်ခု ဖွဲ့စည်း တည်ထောင်၍ အုပ်ချုပ်လုပ်ကိုင်လျှက်ရှိပါသည်။

### ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

မင်းဝံတောင်ဘေးမဲ့ကာကွယ်တောသည် အပူပိုင်းဒေသ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဂျီနှင့်ငှက်မျိုးစုံ စသည်တို့ကို အဓိကကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ပါသည်။

### ၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ/အမျိုးအစားများ

#### ၉.၆.၁.၂.၁ လုံးဝကာကွယ်ထိန်းသိမ်းထားသော သဘာဝကြိုးဝိုင်း

ဖော်ပြရန်မရှိပါ ။

#### ၉.၆.၁.၂.၂ အမျိုးသားဥယျာဉ်

ဖော်ပြရန်မရှိပါ ။

#### ၉.၆.၁.၂.၃ သဘာဝထူးခြားသည့် မြေပြင်လက္ခဏာ

မင်းဝံတောင် ဘေးမဲ့ကာကွယ်တော ဧရိယာအတွင်းရှိ စစ်ကိုင်းတောင်တန်းသည် မြန်မာနိုင်ငံ မြေလျှောင်နှင့် ဘူမိဗေဒအသင်းမှ ထုတ်ပြန်ချက်အရ မြေလျှောင်ဇုံ စစ်ကိုင်းပြတ်ရွှေ့ကြောကြီးဖြစ်ပါ သည်။

#### ၉.၆.၁.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဘေးမဲ့တော

မင်းဝံတောင် ဘေးမဲ့ကာကွယ်တောကို သဘာဝဂန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်းခန့်ထား အုပ်ချုပ်နိုင်ခြင်းမရှိသေးပါ ။ စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဂန်ထမ်းများ ထိန်းသိမ်းကာကွယ်လျှက်ရှိပါသည်။ ဘေးမဲ့ကာကွယ်တောကို နည်းလမ်း (၈)မျိုးဖြင့် အုပ်ချုပ်လုပ်ကိုင်လျှက်ရှိပါသည်။

(က) သဘာဝပေါက်ပင်ခုတ်လှဲခြင်းအား တင်းကြပ်စွာ တားမြစ်ခြင်း။

(ခ) ကာကွယ်တောအတွင်း အမဲလိုက်ခြင်း ငှက်ဖမ်းခြင်းအား တင်းကြပ်စွာ တားမြစ်ခြင်း။

(ဂ) ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း။

(ဃ) သစ်စေ့ကြဲစိုက်ပျိုးခြင်း။

(င) တရုတ်စကားပင်များပြုစုထိန်းသိမ်းခြင်းနှင့် အသစ်စိုက်ပျိုးခြင်း

(စ) ပညာပေးစည်းရုံးပြောကြားခြင်း။

(ဆ) မင်းဝံတောင် ဘေးမဲ့ကာကွယ်တော တည်နေရာပြ ဆိုင်းဘုတ်များ၊ သတိပေး တားမြစ်ချက် ဆိုင်းဘုတ်များ၊ ကြော်ငြာဘုတ်ပြားများစိုက်ထူ ဆောင်ရွက် ခြင်း။

(ဇ) ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း။

**၉.၆.၁.၂.၅ ကာကွယ်ထိန်းသိမ်းထားသော တောတောင်ရေမြေရှုခင်း**

မင်းဝံတောင်ဘေးမဲ့ကာကွယ်တောမှာ ဗုဒ္ဓသာသနာ ထွန်းကား သဖြင့် စေတီ၊ ဘုရား၊ ကျောင်းကန်၊ ဇရပ်၊ တန်ဆောင်းများနှင့် သာသနာရေးဆိုင်ရာအဆောက်အဦးများ တည်ရှိပြီး တောတောင် ရေမြေရှုခင်းများ သာယာ လှပလျှက်ရှိပါသည်။

**၉.၆.၁.၂.၆ သဘာဝသယံဇာတ အရင်းအမြစ်ကြိုးဝိုင်း**

ဖော်ပြရန်မရှိပါ ။

**၉.၆.၁.၂.၇ ဇီဝဆိုင်ရာသဘာဝနယ်မြေ**

ဖော်ပြရန်မရှိပါ ။

**၉.၆.၁.၂.၈ ဘက်စုံအသုံးချရေး အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ**

ဖော်ပြရန်မရှိပါ ။

**၉.၆.၁.၂.၉ ဇီဝဝန်းကျင် ကြိုးဝိုင်း**

ဖော်ပြရန်မရှိပါ ။

**၉.၆.၁.၂.၁၀ ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးကြိုးဝိုင်း**

ဖော်ပြရန်မရှိပါ ။

**၉.၆.၁.၂.၁၁ အခြားကြိုးဝိုင်းများ**

ဖော်ပြရန်မရှိပါ ။

## ၉.၆.၁.၃ ဥယျာဉ် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း

မင်းဝံတောင်ဘေးမဲ့ကာကွယ်တော ထိန်းသိမ်းအုပ်ချုပ်လုပ်ကိုင်ခြင်းအား စစ်ကိုင်းမြို့နယ်၊ သစ်တောဦးစီးဌာန ဝန်ထမ်းများမှ ကြိုးပမ်းကာကွယ် စောင့်ရှောက်လျှက်ရှိပါသည်။ သဘာဝဂေဟစနစ်ကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနဝန်ထမ်းများ ခန့်ထား အုပ်ချုပ်နိုင်ခြင်း မရှိသေးပါ။ မင်းဝံတောင်ဘေးမဲ့ ကာကွယ်တောအတွင်း ဖြစ်တည်လျှက်ရှိသော ဂေဟစနစ်များကို ရေရှည်ကာကွယ်ထိန်းသိမ်းပြီး လူတိုင်းရောက်စွက်ဖက်မှုမှ ကင်းလွတ်စွာဖြင့် စီမံအုပ်ချုပ်လုပ်ကိုင်ရန်ဖြစ်ပါသည်။သာသနာ့နယ်မြေဖြစ်၍ သံဃာတော်များမှ ထိန်းသိမ်းစောင့်ရှောက်မှုမှာ အောင်မြင်သောအုပ်ချုပ်မှုနည်းလမ်းဖြစ်ပါသည်။

မင်းဝံတောင်ဘေးမဲ့ကာကွယ်တောအတွင်း ကျောက်တူးခြင်း၊ သစ်ဝါး ထုတ်လုပ်ခြင်း၊ သားငှက်တိရစ္ဆာန်များ အမဲလိုက်ခြင်းတို့ကို ကာကွယ်တားမြစ် ရမည်ဖြစ်ပါသည်။ မင်းဝံတောင် ဘေးမဲ့ကာကွယ်တော ဧရိယာအတွင်း တည်ရှိပြီးဖြစ်သည့် ကျေးရွာများနှင့် လူနေအိမ်ခြေများအတွက်ကိုမူ ၎င်းတို့၏လူမှုစီးပွားရေးကို မထိခိုက်စေရန်အတွက် ချွင်းချက်များထားရှိပါသည်။

မင်းဝံတောင်ဘေးမဲ့ကာကွယ်တော ဧရိယာတွင် လက်ရှိအချိန် မြေအသုံးချမှုများလာမှုကြောင့် ထပ်မံလျော့နည်းခြင်း မရှိစေရေးအတွက် သစ်တောဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ပြန်လည်တိုင်းတာခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။

## ၉.၆.၁.၄ တရားဥပဒေစိုးမိုးရေး

မင်းဝံတောင်ဘေးမဲ့ကာကွယ်တောအတွင်း ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်ရန်ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းဆောင်ရွက်လျှက် ရှိပါသည်။ ထင်းခိုးခုတ်ယူမှု အများဆုံးတွေ့ရှိရပါ သည်။

## ၉.၆.၁.၅ ကြားခံနယ်မြေအုပ်ချုပ်လုပ်ကိုင်ခြင်း

ဖော်ပြရန်မရှိပါ ။

## ၉.၆.၁.၆ ပညာပေးအစီအစဉ်

ဘေးမဲ့ကာကွယ်တောဧရိယာနှင့် နီးစပ်သောကျေးရွာများသို့ သစ်တောဦးစီးဌာန ဝန်ထမ်းများမှ သွားရောက်၍သစ်တောသစ်ပင်များ၏ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ ကာကွယ်တော ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကာကွယ်တောအတွင်း ဆောင်ရန် ရှောင်ရန်အချက်များ၊ ပြစ်ဒဏ်များအကြောင်း ပညာပေးဟောပြောပွဲများ လစဉ်ဆောင်ရွက်လျှက်ရှိ ပါသည်။ လူဝင်လူထွက်များသော နေရာများတွင် ပညာပေးဆောင်ပုဒ်၊ သတိပေး တားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူထားရှိပါသည်။

## ၉.၆.၁.၇ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း

ဖော်ပြရန်မရှိပါ ။

### ၉.၆.၁.၈ ဇီဝမျိုးစုံ မျိုးကွဲ စာရင်းကောက်ယူခြင်း

ဖော်ပြရန်မရှိပါ ။

### ၉.၆.၁.၉ နေရင်းဒေသပြန်လည်တည်ထောင် ထိန်းသိမ်းခြင်း

ဖော်ပြရန်မရှိပါ ။

### ၉.၆.၁.၁၀ ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း

ဘေးမဲ့ကာကွယ်တောအတွင်း သားငှက်တိရစ္ဆာန်များနှင့် ပတ်သက်၍ ကြီးကြပ်စစ်ဆေးခြင်း မဆောင်ရွက်နိုင်သေးပါ သဘာဝပေါက်ပင်များအပေါ်တွင် နမူနာကွက်များ သတ်မှတ်၍ အပင်စာရင်းကောက်ယူခြင်း ကြီးထွားနှုန်း တိုင်းတာမှတ်သားခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။ မျိုးဆက်ပင်များအား ပြုစုထိန်းသိမ်းခြင်းနှင့် မျိုးဆက်ရန် ခက်ခဲသောနေရာများတွင် အစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။ အကဲဖြတ်ခြင်းအနေဖြင့် ပိုမိုပီပြင်စွာဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များမှ နယ်မြေခံ သစ်တောဝန်ထမ်းများအား ဆောင်ရွက်ရမည့်နည်းလမ်းများကို သင်တန်းပို့ချခြင်း လက်တွေ့ သရုပ်ပြခြင်းများ ဆောင်ရွက်သင့်ပါသည်။

## ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များအုပ်ချုပ်လုပ်ကိုင်ခြင်း

စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်းမြို့နယ်တွင် မင်းဝံတောင်ဘေးမဲ့ ကာကွယ်တောကို လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၏ (၆.၁၀.၁၉၇၁) နေ့စွဲအမိန့် ကြော်ငြာစာအမှတ် ၂၅၉ အရ ဖွဲ့စည်းသတ်မှတ်ခဲ့ပါသည်။ မင်းဝံတောင်ဘေးမဲ့တော၏ ဧရိယာအကျယ်အဝန်း မှာ (၅၀၈၇၄) ဧက ရှိပါသည်။

မင်းဝံ တောင်ဘေးမဲ့ကာကွယ်တောသည် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်များ၊ သဘာဝ ပေါက်ပင်များ၊ တရုတ်စကားပင်များစသဖြင့် စိမ်းလန်းစိုပြည်လျှက်ရှိပါသည်။ မင်းဝံတောင် ဘေးမဲ့ကာကွယ်တောအတွင်း အမဲလိုက်ခြင်း၊ ကျောက်တူးခြင်း၊ သစ်ပင်ခုတ်ခြင်း၊ ရေစီးရေလာဖျက်ဆီးမှု မဖြစ်ပေါ်စေရေးအတွက် စိမ်း/စို ဦးစီးဌာနနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ရ.ယ.က အဖွဲ့ဝင်များဖြင့် စုစည်းလျက် စဉ်ဆက်မပြတ် ကင်းလှည့်ခြင်း၊ ရှောင်တခင် စစ်ဆေး ခြင်းများ ပြုလုပ်ဆောင်ရွက်လျှက်ရှိပါသည်။ မင်းဝံတောင်ကျေးရွာများရှိ ဒေသခံပြည်သူတို့အား သစ်တောသစ်ပင်တို့၏ အကျိုးကျေးဇူးကို သိရှိနားလည်စေပြီး ကာကွယ်တော စိမ်းလန်း စိုပြည်ရေး အထောက်အကူဖြစ်စေနိုင်ရေးအတွက် သစ်တောဦးစီးဌာနမှ ကျေးရွာများသို့ သွားရောက်၍ တိုးချဲ့ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတောင်ရိုးရှိ တရုပ်စကားပင်များပျက်စီးမှု မရှိစေရေး စနစ်တကျ စာရင်း ကောက်ယူထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာ နယ်မြေတာဝန်ခံသို့ တာဝန်ပေး ဆောင်ရွက်လျှက်ရှိပါသည်။ ပတ္တမြားတောင်၊ မင်းကြီးတောင်နှင့် ရွှေမြင် တင်တောင်တွင်လည်း တရုတ်စကားပင်များ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ တောကျဲပါးသောနေရာများတွင် သစ်စေ့ကျဲ စိုက်ပျိုးခြင်း လုပ်ငန်း အား ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ပတ္တမြားတောင် ခြေတွင် (၆'x၃') သတိ ပေးဆိုင်းဘုတ် (၂)ချပ်၊ စစ်ကိုင်း – ကျောက်တာ သွားကားလမ်းဘေးနှင့် ပတ္တမြား တောင်ပေါ်တွင် ကြော်ငြာပျဉ်ပြား(၇၀)ချပ်အား ရိုက်မှတ် စိုက်ထူပြီးဖြစ်ပါသည်။ ရွှေမြင်တင်တောင်တွင် (၆'x ၃') သတိပေးဆိုင်းဘုတ် (၁) ချပ်၊ ကြော်ငြာ ပျဉ်ပြား (၂၀)ချပ်၊ ဘုတ်တိုင်(၄)တိုင်တို့အား စိုက်ထူဆောင်ရွက်ပြီး ဖြစ်ပါသည်။

၂၀၁၄ခုနှစ်တွင် မင်းဝံတောင်ဘေးမဲ့ကာကွယ်တော ပါယ်ငါးဆယ် သွားလမ်းတွင် (၅'×၃') သတိပေး ဆိုင်းဘုတ်(၅)ချပ်၊ (၂'×၁') ကြော်ငြာပြား (၁၀)ချပ်၊ ကျောက်တာ – ရေခါး လမ်းတွင်(၅'×၃') သတိပေးဆိုင်းဘုတ်(၃)ချပ်၊ ၂၀၁၅ ခုနှစ် တွင် မင်းကွန်း–ဆည်တော်လေး လမ်းတွင် (၅'×၃') သတိပေးဆိုင်းဘုတ်(၃)ချပ်၊ (၂'×၁') ကြော်ငြာပြား(၁၀)ချပ်၊ မင်းကွန်း ကျေးရွာအနီး၌ (၅'×၃') သတိပေး ဆိုင်းဘုတ်(၂)ချပ်၊ တောင်ရင်း–မယ်ဇလီ ချောင်းလမ်းတွင် (၅'×၃') သတိပေး ဆိုင်းဘုတ်(၅)ချပ်၊ (၂'×၁') ကြော်ငြာပြား (၅)ချပ်၊ ရွှေမြင်တင် တောင်တွင် (၂'×၁') ကြော်ငြာပြား(၃)ချပ်၊ စစ်ကိုင်း – မင်းကွန်းလမ်းတွင် (၂'×၁') ကြော်ငြာ ပြား(၂)ချပ်၊ ကျောက်တာ – ရေခါး သွားလမ်းတွင် (၅'×၃') သတိပေးဆိုင်းဘုတ် (၄) ချပ်၊ (၂'×၁') ကြော်ငြာပြား (၁၅)ချပ်တို့အား စိုက်ထူ ဆောင်ရွက်ပြီးဖြစ် ပါသည်။ တောကျဲပါး၍ ကွက်လပ်ဖြစ်နေသော နေရာများတွင် ၂၀၀၉–၂၀၁၀ ခုနှစ် တွင် တမာ၊ ကုက္ကို၊ တရုတ်စကားပင်ကြီးများ အပင်(၆၀၀)ကို ဖြည့်စွက် စိုက်ပျိုး ပြီးဖြစ်ပါသည်။ ၂၀၁၀–၂၀၁၁ ခုနှစ်အနေဖြင့် တမာ(၁၀၀၀)ပင်၊ တရုတ်စကား (၃၀၀)ပင်၊ ဖြည့်စွက် စိုက်ပျိုးထား ရှိပြီးဖြစ်ပါသည်။

မင်းဝံတောင် ဘေးမဲ့ကာကွယ်တောအတွင်း ၂၀၁၃–၂၀၁၄ ခုနှစ်တွင် ယူကလစ် (၂၀၀၀)ပင်၊ ၂၀၁၄–၁၅ခုနှစ်တွင် ယူကလစ်(၂၀၀၀)ပင်၊ ၂၀၁၅–၁၆ ခုနှစ်တွင် ယူကလစ်(၁၀၀၀)ပင်၊ မယ်ဇလီ(၄၃၅)ပင်၊ တမာ (၄၆၅)ပင် ကွက်လပ်ဖြည့် စိုက်ပျိုးထားရှိပြီးဖြစ်ပါသည်။ သားငှက်တိရစ္ဆာန် ခိုအောင်းနေထိုင်မှုတွင်လည်း စစ်ကိုင်းတောင်ရိုး တောင်ဘက်ပိုင်း သာသနာ့နယ်မြေမှ ပတ္တမြားတောင် အနီး ဝန်းကျင်တွင်သာ အဓိကကျက်စားပြီး ဂျီ၊ ယုန်နှင့် တောကြက် အများဆုံးတွေ့ရ ပါသည်။ ရွှေမြင်တင်တောင်အနီးတွင်လည်း သဘာဝတော ဖုံးလွှမ်းမှု ကောင်းမွန်ပြီး၊ ကွက်လပ်နေရာများတွင် အစားထိုးစိုက်ပျိုးခြင်း၊ သစ်စေ့ကြဲခြင်းများ သဘာဝ တောပြုစု ထိန်းသိမ်းခြင်းများဆောင်ရွက်လျှက်ရှိပါသည်။ မင်းဝံတောင်ဘေးမဲ့ကာကွယ် တော အတွင်းမူလပေါက်ရောက်နေသည့် သဘာဝပေါက်ပင်များကို Host Plants အဖြစ် အသုံးပြု၍ ပြုစုထိန်းသိမ်းခြင်းဖြင့် သစ်တောသစ်ပင်များပျက်စီးမှုမရှိစေဘဲ သဘာဝ ပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ရေးကို အထောက်အကူပြုနိုင်သည့် ပုဂ္ဂလိကနံ့သာဖြူ စိုက်ခင်းအား ၂၀၁၄ခုနှစ်တွင် (၁၅)ဧကခန့် စတင်စမ်းသပ်စိုက်ပျိုးခဲ့ပြီး (၁၇၂၅) ဧကအား နှစ်အလိုက်လုပ်ငန်းစီမံချက်ရေး ဆွဲစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီး ဌာနမှစီမံကိန်းကာလအတွင်း သဘာဝတော ကျန်များ ကာကွယ်ထိန်းသိမ်းခြင်းကို နှစ်စဉ် ဧက(၁၀၀၀)နှုန်းဖြင့် စုစုပေါင်းဧက (၁၀၀၀၀) ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်မှန်းချက်များ

မင်းဝံတောင်ဘေးမဲ့ကာကွယ်တောကို အုပ်ချုပ်လုပ်ကိုင်ရာတွင် ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေများထိန်းသိမ်းရေး ဥပဒေတွင်ပါရှိသည့် အောက်ဖော်ပြပါ ရည်မှန်းချက်များကို ထားရှိပါသည်။

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်။

( ခ ) အစိုးရ၏သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်ရန်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလျှက်ရှိသော ငှက်များကိုကာကွယ် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်။

(ဃ) မျိုးတုန်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝပင် များနှင့် ယင်းတို့၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်နှင့် အခြားထူးခြားသည့်သွင်ပြင်လက္ခဏာရှိသော နေရာဒေသများအား နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းရန်။

(င) သဘာဝဆိုင်ရာသုတေသနလုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရန်။

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန် ။

(ဇ) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှု အခွင့်အလန်းများ ထုတ်ဖော်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်။

### ၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို သဘာဝနယ်မြေထိန်းသိမ်းရေး နယ်မြေများ သတ်မှတ်၍ ကာကွယ်ရာတွင် သဘာဝ နယ်မြေထိန်းသိမ်းရေးနယ်မြေ အမျိုးအစား ကွဲပြားသည်နှင့် အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများလည်း ကွဲပြားမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ အကျိုးတရားများကို ဖော်ဆောင်နိုင်ရန် အုပ်ချုပ်လုပ်ကိုင်သွားရမည် ဖြစ်ပါသည်။

(က) သဘာဝဂေဟမျိုးကွဲများထိန်းသိမ်းထားနိုင်ခြင်း။

(ခ) ထင်ရှားသည့်သဘာဝဂေဟများထိန်းသိမ်းထားနိုင်ခြင်း။

(ဂ) ဇီဝမျိုးစုံနှင့် မျိုးရိုးဗီဇ အရင်းအမြစ်များကို ထိန်းသိမ်းထား နိုင်ခြင်း။

(ဃ) ရေ၊ မြေထိန်းသိမ်းနိုင်သည့်အပြင် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းထားနိုင်ခြင်း။

(င) အပန်းဖြေခြင်းနှင့် ကမ္ဘာလှည့်ခရီးသည်များကို ထိန်းသိမ်းထား နိုင်ခြင်း။

(စ) သဘာဝ အလှအပများ ထိန်းသိမ်းထားနိုင်ခြင်း။

(ဆ) သစ်တောအသုံးချမှုနှင့် ထိန်းသိမ်းမှုကိုပေါင်းစပ်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း။

**၉.၆.၂.၂.၁ နေရင်းဒေသအတွင်း/ အပြင်ကာကွယ်ထိန်းသိမ်းခြင်း**

**နေရင်းဒေသအတွင်း ကာကွယ်ထိန်းသိမ်းခြင်း**

ဇီဝမျိုးစုံဆိုသည်မှာ ဒေသတစ်ခုအတွင်း သက်ရှိအမျိုးအားလုံး တည်ရှိနေခြင်းကို ခေါ်ဆိုပြီးအပင်၊သီးနှံ၊သားငှက်တိရစ္ဆာန်နှင့်သက်ရှိအဖွဲ့အစည်းအားလုံးပါဝင်သည်။ အသုံးချလျှက်ရှိသော သက်ရှိများ၊ မျိုးရိုးဗီဇများအပြင် သစ်တောများ၊ ဒီရေတောနှင့် ရေတိမ်ဒေသများ၊ မြက်ခင်းလွင်ပြင်များ သဘာဝဂေဟများ ပါဝင်ပေသည်။ ဇီဝမျိုးများ၏ နေရင်းဒေသများမှာ ရေချိုဒေသများ၊ ပင်လယ်တွင်းကျွန်းစုများ၊ မြေထဲပင်လယ်ရာသီဥတုဒေသများ၊သမပိုင်းမုတ်သုန်သစ်တောများ၊ သမပိုင်းမြက်ခင်းဒေသများ၊ အပူပိုင်းဒေသတောခြောက်များနှင့်အပူပိုင်းစွတ်စိုတောများဖြစ်သည်။ အပူပိုင်းစွတ်စိုသစ်တောများသည် ကမ္ဘာမြေမျက်နှာပြင်၏ ၆% မျှသာ ဖုံးလွှမ်းလျှက် ရှိသော်လည်း ကမ္ဘာပေါ်တွင်ရှိသော ဇီဝများ၏၉၀%သည် ယင်းသစ်တောများကို မှီခိုလျှက် ရှိသည်။

မင်းဝံတောင်ကာကွယ်တောအတွင်း သားငှက်တိရစ္ဆာန်နှင့် သဘာဝအပင်များ နေထိုင်ကျက်စားနိုင်ရန်၊ သဘာဝတောများ စည်ပင်ဖွံ့ဖြိုးရန် လိုအပ်သဖြင့် အစီအစဉ်များ ချမှတ်ထိန်းသိမ်းလျှက်ရှိပါသည်။

**နေရင်းဒေသပြင်ပ ကာကွယ်ထိန်းသိမ်းခြင်း**

တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသော မြန်မာနိုင်ငံ၏ လူဦးရေအရ သစ်တောခုတ်ထွင်ရှင်းလင်းခြင်း၊မတန်တဆထုတ်ယူသုံးစွဲခြင်းတို့ကြောင့်ဇီဝမျိုးစုံများ၏ နေရင်းဒေသများပျက်စီးသွားပါ သည်။ ဇီဝမျိုးစုံများ မျိုးသုန်းစေသော အခြားအ ကြောင်းရင်းတစ်ရပ်မှာဇီဝမျိုးများကို ထုတ်ယူသုံးစွဲသည်ထက် ပိုမိုထုတ်ယူသုံးစွဲခြင်း၊ မျိုးရိုးသစ်များ စမ်းသပ်အသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်းနှင့် အခြားအကြောင်းအရာများ ပါဝင်ပေသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုသည် ဇီဝမျိုးများပျက်သုန်းမှုများပြားစေပြီး၊ဇီဝမျိုးကွဲများနေရာပျံ့နှံ့မှုနှင့် ဦးရေ အချိုးအစား ပြောင်းလဲစေခြင်း၊ နေရင်းဒေသနှင့် သဘာဝဂေဟများ၏ တည်ရှိမှုကို ပြောင်းလဲစေပါသည်။ သို့ပါ၍ဇီဝမျိုးစုံမျိုးကွဲများကိုနေရင်းဒေသပြင်ပတွင်လည်း ကာကွယ် ထိန်းသိမ်း ရမည်ဖြစ်ပါသည်။

### ၉.၆.၂.၂.၂ မျိုးစိတ်အလိုက် အုပ်ချုပ်လုပ်ကိုင်ခြင်း

ကျွမ်းကျင်သူပညာရှင်များ၏ အဆိုအရ ကမ္ဘာပေါ်တွင် လွန်ခဲ့သည့် နှစ်၄၀၀အတွင်း အနည်းငယ်သာ ကျောရိုးရှိ သတ္တဝါမျိုးများဖြစ်သည့် နို့တိုက်သတ္တဝါ ၁.၉၉ ရာခိုင်နှုန်းနှင့် ငှက်မျိုး ၁.၂၃ ရာခိုင်နှုန်းခန့် မျိုးသုန်းသွားခဲ့ပြီး၊ ယခုအခါ ၁၀ ရာခိုင်နှုန်းသော ငှက်မျိုးနှင့် နို့တိုက်သတ္တဝါမျိုးများသည် မျိုးသုန်းရန် အန္တရာယ်ကျရောက်လျှက်ရှိနေပါသည်။ ဇီဝမျိုးစုံ မျိုးသုဉ်းမှုနှုန်းသည် ယခုအတိုင်း ဆက်လက် ဖြစ်ပေါ်နေပါက ကမ္ဘာပေါ်ရှိဇီဝများအနက် ၂၅ ရာခိုင်နှုန်းအထိဇီဝမျိုးများသည် ၁၉၉၀ ပြည့်နှစ် ၂၀၂၀ ပြည့်နှစ်အတွင်းမျိုးသုန်းမည့်အလားအလာများ ရှိနေကြောင်း၊ ထို့အပြင် သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်တွင် ပျက်သုဉ်းမှုနှုန်းသည် ၂၅ ရာခိုင်နှုန်းထိ တိုးမြင့်လာနိုင်ကြောင်း သိရပေသည်။ သစ်တောဧရိယာများမှာလည်း စိုက်ပျိုးရေးအတွက် မြေယာချဲ့ထွင်ခြင်းကြောင့်လည်းကောင်း၊ အချို့သစ်မျိုးများကို လူတို့ လိုအပ်ချက်အရ မဆင်မခြင်ထုတ်ယူ သုံးစွဲခဲ့ကြသဖြင့်လည်းကောင်း၊ သစ်မျိုးသုဉ်း ခဲ့ရသည်ကိုသိရပါသည်။ သို့ဖြစ်၍ မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့်တောရိုင်း တိရစ္ဆာန်များ၊ သဘာဝအပင်များနှင့်၎င်းတို့၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်လိုအပ်ပါသည်။

### ၉.၆.၂.၂.၃ တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝအပင်များစာရင်းကောက်ယူခြင်း

စစ်ကိုင်းမြို့နယ်၊ မင်းဝံတောင် ဘေးမဲ့ကာကွယ်တောအတွင်းရှိသော တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များစာရင်းကို သဘာဝ ပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲမှ ကျွမ်းကျင်သူများဖြင့် စနစ်တကျစာရင်း ကောက်ယူမှတ်တမ်းတင်ထားရပါမည်။ စစ်ကိုင်းခရိုင်အတွင်း တွေ့ရှိရသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝတောများတွင် ပေါက်ရောက်ပင်များကို အတွဲ(၂)ဇယား(၂-၁-၆)နှင့် (၂-၁-၇) တို့တွင် ဖော်ပြထားပါသည်။

### ၉.၆.၂.၂.၄ သုတေသနလုပ်ငန်း

ဤခရိုင်အနေဖြင့် အဆိုပါတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲ မှုများနှင့်ပတ်သက်၍ သုတေသနပြုထားခြင်းမရှိပါ။ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိမ်းသိမ်း ရေးဌာနခွဲအနေဖြင့် လုပ်ကိုင်သင့်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်အပ်ပါသည်။

## ၉.၆.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာစီမံခန့်ခွဲမှု

မင်းဝံတောင် ဘေးမဲ့ကာကွယ်တောဖြစ်သည့် သဘာဝထိန်းသိမ်းရေး နယ်မြေတွင် လိုအပ်သော ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် သီးသန့် ဝန်ထမ်းများချထားခြင်းမရှိပါ။ စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများမှ တတ်စွမ်းသမျှ ထိန်းသိမ်းဆောင်ရွက်သည့် အနေအထားသာ ရှိပါသည်။ သဘာဝပတ်ဝန်းကျင်နှင့်သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲမှ အောက်ဖော်ပြပါ အဆင့်ဆင့်သော ဝန်ထမ်းအင်အားဖြင့် သီးသန့် တာဝန်ချထားပြီး ပညာရှင်များ အကူအညီဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သင့်ပါသည်။

(က) တောအုပ်ကြီး ၁ ဦး

(ခ) တောအုပ် ၂ ဦး

(ဂ) တောခေါင်း ၄ ဦး

(ဃ) တောကြပ် ၈ ဦး

ဘေးမဲ့တောကာကွယ်ထိန်းသိမ်းရေးအတွက် အဆောက်အဦးများ၊ စက်ကိရိယာယန္တရားများ မရှိသေးပါ။ အခြားသောသင်တန်းနှင့် ပညာပေးအစီအစဉ်များလည်း မရှိသေးပါ။ သဘာဝ အပင်များနှင့် သဘာဝနယ်မြေများ ပိုမိုထိရောက်စွာ ကာကွယ် ထိန်းသိမ်းရေးအတွက် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့်သဘာဝ နယ်မြေများထိန်းသိမ်းရေး ဥပဒေများကို ပြဌာန်းခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင်၁၉၉၄ခု၊ ဒီဇင်ဘာ (၁၅) ရက်နေ့စွဲပါ နိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်၂၆/၉၄ဖြင့် မြန်မာ နိုင်ငံအမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒကို ထုတ်ပြန်ခဲ့ပါ သည်။ ပတ်ဝန်းကျင် ယိုယွင်း ပျက်စီးမှုကို ကာကွယ်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သဘာဝနယ်မြေများ ထိန်းသိမ်း ရေးကို စီမံဆောင်ရွက် လျှက်ရှိပါသည်။ ၁၉၉၅ခုနှစ်၊ မြန်မာ့ သစ်တောမူဝါဒတွင် လည်း ပဓာနကျသည့် အချက် (၆) ချက်အနက် ပထမအချက် တွင် ရေ၊ မြေ၊ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်ဟု ဖေါ်ပြထားသဖြင့် သဘာဝ ထိန်းသိမ်း ရေးနယ်မြေများကို ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ အကောင် အထည် ဖေါ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ၉.၆.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ၊ လုပ်ငန်းများအကောင်အထည်ဖေါ် ဆောင်ရွက်ရာတွင် ဝန်ထမ်းစရိတ်များ၊ သစ်တောပြုစုထိန်းသိမ်းရေး၊ သားငှက်များ၊ အစားအစာများ၊ လုပ်အား ခများ၊ အဆောက်အဦးနှင့် ပစ္စည်းကရိယာများ စသည့်အသုံးစရိတ်၊ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးလိုအပ်ချက် အသေးစိတ်ကို သဘာဝပတ်ဝန်းကျင်နှင့်သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေး ဌာနခွဲမှ လုပ်ငန်းအလိုက် ရေးဆွဲဆောင်ရွက်ရပါမည်။

# ၉.၇ သစ်တောကာကွယ်ခြင်း

## ၉.၇.၁ နယ်နိမိတ်များ သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း

စစ်ကိုင်းခရိုင်တွင် သစ်တောကြိုးဝိုင်းများမရှိသဖြင့် ကြိုးဝိုင်းအကွက် နယ်နိမိတ်များ ပြင်ဆင် ထိန်းသိမ်းရန်မရှိပါ။ မင်းဝံတောင်ဘေးမဲ့ ကာကွယ်တောမှာ ၁၉၆၈ပြည့်နှစ်က အမိန့်ကြော်ငြာ ထုတ်ပြန်လျှက် အတည်ပြုပြဌာန်းခဲ့ သဖြင့်နယ်နိမိတ်များ သတ်မှတ်ထား ပြီးဖြစ်ပါသည်။ သို့သော် ယင်းနယ်နိမိတ်များမှာ ပျက်စီးလျှက်ရှိသဖြင့် ပြင်ဆင်ရန် လိုအပ်ပါသည်။ ယင်းသို့ နယ်နိမိတ်များ သတ်မှတ်ပြင်ဆင်ထိန်းသိမ်းရာတွင် လက်အောက်အမှုထမ်းများ အမြဲလိုက်နာ ရန် အမိန့်လက်စွဲအခန်း (၆)၊ စာမျက်နှာ ၅၀ မှ ၅၇ တွင်ဖေါ်ပြထား ချက်များအတိုင်း လိုအပ် သလို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

**(၁) နယ်နိမိတ်အသစ်သတ်မှတ်ခြင်း**

ဘောမဲ့ကာကွယ်တောနယ်နိမိတ်အသစ်သတ်မှတ်သည့်အခါနယ်နိမိတ်များကို အောက်ပါအတိုင်း စိုက်ထူသွားမည် ဖြစ်ပါသည်–

(က) အမိန့်ကြော်ငြာစာတွင် အထူးဖော်ပြသည့် နေရာတိုင်း၊

(ခ) နယ်နိမိတ်လမ်းကြောင်း ပြောင်းသည့်နေရာတိုင်း၊

(ဂ) နယ်နိမိတ်ကိုလမ်း၊ ထင်ရှားသော လူသွားလမ်းနှင့် ချောင်းဖြတ်ရာနေရာ၊

(ဃ) နယ်နိမိတ်လမ်းကြောင်းကွေ့ ချိုးသည့်ထောင့်တိုင်း၊

(င) နယ်နိမိတ်သတ်မှတ်သည့် အရာရှိက နယ်နိမိတ်အဖြစ်လိုအပ်သည်ဟု ယူဆသော စပ်ကြားနေရာများ၊

(စ) မြေညီတွင်တည့်တည့် နယ်နိမိတ် သတ်မှတ်သည့်အခါ ဆယ်သံကြိုးတွင် တိုင်တစ် တိုင်ကျ စိုက်ထူရမည်။

(ဆ) တိုင်များမှာကျွန်း၊ပျဉ်းကတိုးသို့မဟုတ်ရနိုင်သည့် အခြားခိုင်သော အသားဖြစ်ပြီး အနှစ်အသားဖြစ်ရမည်။ တိုင်အချင်း ၈"ခန့်၊ အလျား ၇'–၆" မှ ၉' ထိရှည်ပြီး၊ အနက် ၃ပေ တူး၍ မြုပ်စိုက်ရမည်။

(ဇ) ကျောက်ပုံဘုတ်တိုင်များပြုလုပ်ရမည်။

(ဈ) နယ်နိမိတ်တိုင်အားလုံးကို နာရီလက်တံသွားသကဲ့သို့ အစဉ်လိုက် နံပါတ်တပ်ပေးထားရမည်။

(ည) တစ်တိုင်မှ တစ်တိုင်သို့ မြင်သာအောင် စိုက်ထူသတ်မှတ်ရမည်။

(ဋ) နယ်နိမိတ်တိုင်တစ်ခုမှတစ်ခုသို့ အရပ်ထောင်ဘယ်ရာရိန်များ၊ အကွာအဝေး သံကြိုး၊ သံကွင်းများကို တိုင်းတာလျှက် နယ်နိမိတ် မှတ်တမ်းများကို (သစ်တောမှတ်တမ်း –၄) (Record-4) ပုံစံဖြင့် မှတ်တမ်းပြုစုရမည်။

**(၂) နယ်နိမိတ်ဟောင်း ပြင်ဆင်ထိန်းသိမ်းခြင်း**

နယ်နိမိတ်ဟောင်းကို ပြင်ဆင်ရန်လိုအပ်သည့်အခါ ဘောမဲ့ကာကွယ်တော သတ်မှတ်ပြဋ္ဌာန်းသည့် အမိန့်ကြော်ငြာစာပါ နယ်နမိတ် အလားအလာအတိုင်း၊ မူလနယ်နိမိတ်သတ်မှတ်စဉ်က မှတ်တမ်းပြုစုထားသော၊ သစ်တောမှတ်တမ်း (၄) (Record-4) စာရင်းများအရ၊ မြေတိုင်းမြေပုံနှင့် ကိုက်ညီစွာ ပြန်လည်ပြင်ဆင်ရမည်ဖြစ်ပါသည်။ နယ်နိမိတ်တိုင်များ အသစ်လဲရန် လိုအပ်သည့်အခါ တိုင်သစ်များကို မူလတိုင်များနေရာတွင် နေရာမှန်မှန် စိုက်ထူ၍၊ မူလအမှတ်များပေးထားရန် များစွာလိုအပ်ပါသည်။ ရှေးကအတိုင်း မဟုတ်ဘဲ ကွာခြားမှုရှိပါက အငြင်းအခုံဖြစ်ပွားခဲ့သော် တရားမဝင်ဖြစ်တတ်ပါသည်။ ပြန်လည်စစ်ဆေးသောအခါ တိုင်များ ထပ်မံစိုက်ရန်လိုသည်

များကိုတွေ့ရှိပါက နောက်ထပ်စိုက်ရမည့် အဖြည့်တိုင်များကို မူရင်းတိုင် အမှတ်အသားအခြေပြု၍ အမှတ်များ ပေးရမည်။ ဥပမာ–မူရင်းတိုင် အမှတ်မှာ ၉ ဖြစ်လျှင် နောက်ဖြည့်သော တိုင်များကို ၉/၁၊ ၉/၂၊ ၉/၃၊ စသည်ဖြင့် အမှတ်ပေးရမည်။ နယ်နိမိတ်တိုင်များ၏နေရာနှင့် နံပါတ်များ သည် သစ်တောမြေတိုင်းမြေပုံ၊ နယ်နိမိတ်မှတ်တမ်းများနှင့် ကွာခြားမှုတွေ့ရှိပါက (သို့မဟုတ်) သစ်တောမြေတိုင်းမြေပုံ၊ ထရာဗတ်စ် မြေတိုင်း နယ်နိမိတ်မှတ်တမ်းများမရှိပါက ခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ တင်ပြခွင့်ပြုချက် တောင်းခံရပါမည်။ ခွင့်ပြုချက်ရရှိသည့်အခါ တိုင်များ၏ နေရာသစ်များကို ထရာဗတ်စ်တိုင်းတာပြီး အထူးအစီရင်ခံစာ တင်သွင်းရမည်ဖြစ်ပါသည်။ ကာကွယ်တောအပြင် နယ်နိမိတ်တွင် အများမြင်သာသည့် နေရာတိုင်း၌ ပညာပေး၊ သတိပေးနှင့် ကြော်ငြာဆိုင်းဘုတ်များ ရေးဆွဲစိုက်ထူထားရပါသည်။ နှစ်စဉ် နယ်နိမိတ် သတ်မှတ်ပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ဘတ်ဂျတ်ရန်ပုံငွေများကို သက်ဆိုင်ရာ မြို့နယ်များမှ တွက်ချက်ရေးဆွဲ တင်ပြတောင်းခံရမည် ဖြစ်ပါသည်။

### ၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ်

စစ်ကိုင်းခရိုင်အတွင်း ကြိုးဝိုင်းတောများမရှိပါ။

### ၉.၇.၁.၂ အကွက်နယ်နိမိတ်

ဖော်ပြရန်မရှိပါ ။

## ၉.၇.၂ မီးကာကွယ်ခြင်း

စစ်ကိုင်းခရိုင်အတွင်း မီးကာကွယ်ခြင်းနှင့်ပတ်သက်၍ သစ်တောစိုက်ခင်းများတွင် အဓိကဆောင်ရွက်ရမည်ဖြစ်ပါသည်။ စိုက်ခင်းများမီးကာကွယ်ရာတွင် မီးတားလမ်းများ ဖေါက်လုပ်ခြင်း၊ မီးစောင့်များ တာဝန်ချထားခြင်း တို့ပါဝင်ပါသည်။ အဆိုပါ လုပ်ငန်းများကိုနှစ်စဉ်ခွင့်ပြုရန်ပုံငွေများဖြင့် စိုက်ခင်းအသက် (၅)နှစ်သားအထိသားအထိကာကွယ်ရမည်ဖြစ် ပါသည်။ ကာကွယ်တောများအတွင်း မီးမလောင်စေရန် တောကြပ်များအား တာဝန်ချထား၍ စောင့်ရှောက်သွားရမည်ဖြစ်ပြီး၊ မီးတားလမ်းများ ဖေါက်လုပ်ခြင်းကို သာမာန်အားဖြင့် ဆောင်ရွက်ရန်မရှိပါ။ လိုအပ်ပါက မီးကာကွယ်မည့်ဧရိယာကို ဇယားနောက်ဆက်တွဲ (ည–၁) တွင် ဖေါ်ပြထားပါသည်။

### ၉.၇.၃ ပိုးမွှားနှင့် ရောဂါအန္တရာယ်ကာကွယ်ခြင်း

စစ်ကိုင်းခရိုင်တွင် လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း ပိုးမွှားရောဂါအန္တရာယ် ကာကွယ်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းနှင့် သုတေသနဆောင်ရွက်ချက်များမရှိပါ။ သစ်တောစိုက်ခင်းများတွင် အကြီးအကျယ် ပိုးမွှားနှင့်ရောဂါ အန္တရာယ်ကျရောက်မှုမရှိခဲ့ပါ။ စိုက်ပျိုးပင်များ အမြစ်ချကိုက်ခြင်း၊ ဆစ်ပိုးကျရောက်ခြင်း အနည်းငယ်တွေ့ရှိသဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့်ညှိနှိုင်းလျှက် ပိုးသတ်ဆေးများ သုံးစွဲဆောင်ရွက်ခဲ့ပါသည်။ ခရိုင်အတွင်းရှိ စိုက်ခင်းများနှင့် သဘာဝတောများတွင် ပိုးမွှားနှင့်ရောဂါ အန္တရာယ်ကြိုတင် ကာကွယ်ရေး

ဆောင်ရွက်နိုင်ခြင်းမရှိပါ။ သစ်တောသုတေသန ဌာနခွဲအနေဖြင့် သစ်တောစိုက်ခင်းများတွင် ကျရောက် တတ်သည့် ပိုးမွှားနှင့် ရောဂါအန္တရာယ်မှ ကာကွယ်ရန် သုတေသနပြုပြီး ပညာပေး သင့်ပါသည်။

### ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း

ခရိုင်အတွင်း တည်ထောင်ပြီး တည်ထောင်ဆဲ စိုက်ခင်းများတွင် မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအား ခွဲဝေချထားပြီး၊ သတ်မှတ်ထားသည့် စိုက်ခင်း လုပ်ငန်းများဆောင်ရွက် လှည့်လည်စစ်ဆေးခြင်းနှင့် စောင့်ကြပ် ကြည့်ရှုခြင်းများဆောင်ရွက်လျှက်ရှိပါသည်။ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးစိုက်ခင်းတာဝန်ခံတောအုပ်များနှင့် မြို့နယ်ဦးစီးဌာနမှူးများအနေ ဖြင့် စိုက်ခင်းများကို အခါအားလျော်စွာ လှည့်လည်စစ်ဆေးပြီး တွေ့ရှိချက်များကို သစ်တော စိုက်ခင်းများကွင်းဆင်း စစ်ဆေးခြင်းမှတ်တမ်းပုံစံဖြင့် ပြန်လည်အစီရင်ခံ (Report Back) တင်ပြစေခဲ့ပါသည်။

### ၉.၇.၅ ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း

ဤခရိုင်အတွင်း ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ အသစ် ဖွဲ့စည်းတည်ထောင်နိုင်ခြင်း မရှိပါ။

## ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး

### ၉.၈.၁ လေ့ကျင့်ရေး

ခရိုင်အတွင်း ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်၊ အရည်အသွေးမြင့်မား တိုးတက်စေရန်အတွက် ပြင်ဦးလွင်မြို့၊ သစ်တောလုပ်ငန်းအတတ်သင်ကျောင်းနှင့် မှော်ဘီမြို့၊ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ ပုသိမ်ကြီးမြို့၊ ဗဟိုသစ်တော လုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့် ပညာပေးရေး သင်တန်းကျောင်းခွဲနှင့် သစ်တောသုတေသန၊ ရေဆင်းတို့တွင် ဖွင့်လှစ် သော ဌာနဆိုင်ရာသင်တန်း အသီးသီးသို့ အခါအခွင့်သင့်သလို သင့်လျော်သည့် ဝန်ထမ်း များအားစေလွှတ်သင်ကြားစေခဲ့ပါသည်။ သင်တန်းအသီးသီး တက်ရောက် ပြီးစီးခဲ့သည့် ဝန်ထမ်း များစာရင်းကိုအတွဲ (၂)ဇယား (၄-၄)တွင် ဖော်ပြထားပါသည်။ အခါအားလျော်စွာ ကျင်းပ သော အလုပ်ရုံဆွေးနွေးပွဲများတွင် အတွေ့အကြုံရရှိစေရန် တက်ရောက်စေခဲ့ပါသည်။ စီမံကိန်း ကာလအတွင်း လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲမှ ကြီးမှူးဖွင့်လှစ်မည့် သင်တန်းများကိုလည်း ပညာရည်မြင့်မားတိုးတက်စေရန် ဤခရိုင်မှ သင့်လျော်သည့်ဝန်ထမ်းများ စေလွှတ်သင်ကြား စေမည် ဖြစ်ပါသည်။

### ၉.၈.၂ သုတေသန

ဖော်ပြရန်မရှိပါ။

### ၉.၈.၃ ဖွံ့ဖြိုးရေး

ဤခရိုင်မှ ဝန်ထမ်းများအား ဌာနဆိုင်ရာ သင်တန်းအမျိုးမျိုး တက်ရောက်စေခဲ့သဖြင့် လုပ်ငန်း ခွင်တွင် သက်ဆိုင်ရာ လုပ်ငန်းရပ်များအလိုက် နည်းပညာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာပြီး၊

ကျွမ်းကျင်ထက်မြက်စွာ ဆောင်ရွက်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ (ဥပမာ–သစ်တော စိုက်ခင်းလုပ်ငန်း၊ ပျိုးဥယျာဉ်လုပ်ငန်း၊ စက်ကိရိယာကိုင်တွယ်သုံးစွဲနည်း၊ သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်းစသည်ဖြင့်) သစ်တောစိုက်ပျိုးပြုစု ထိန်းသိမ်းကာကွယ်ရေးတွင် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုစေရန် ဒေသခံပြည်သူအစု အဖွဲ့ပိုင် သစ်တောများ ထူထောင် ရေးအတွက် စည်းရုံးဆောင်ရွက်လျှက်ရှိပါသည်။ အဆိုပါ လုပ်ငန်းအောင်မြင်ပါက ဒေသခံ များ၏ နေ့စဉ်သုံးထင်းရရှိရေး၊ သုံးစွဲရန်တိုင်၊ မျှောများ ရရှိရေးတို့ အတွက် အချိန်ကုန် သက်သာ လာမည်ဖြစ်ပါသည်။ လောင်စာထင်း ရှာဖွေရသည့် အချိန် သက်သာသဖြင့် ဒေသခံပြည်သူများ အတွက် အခြားဝင်ငွေ ရရှိသည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ကာ စီးပွားရေးအပိုင်းတွင် ပိုမိုသုံးစွဲ လာနိုင်ပါသည်။ လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဝန်ထမ်း များနှင့် ပြည်သူများအား လူမှုစီးပွားရေးဆိုင်ရာဖွံ့ဖြိုးမှု၊ နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ ရရှိပါသည်။

## ၉.၉ သစ်တောအခြေခံလုပ်ငန်း

စစ်ကိုင်းခရိုင်အတွင်း သစ်စက်များနှင့် သစ်တောအခြေခံသည့် လုပ်ငန်းများ ရှိပြီး၊ သစ်ထွက်သည့် ဧရိယာမဟုတ်သဖြင့် ကြီးမားသည့် သစ်အခြေခံလုပ်ငန်းများမရှိပါ။ သဘာဝအခြေခံ ခရီးသွား လုပ်ငန်းများလည်းမရှိပါ။ မြို့နယ်များ အလိုက်တည်ရှိသော သစ်စက်များနှင့်စာရင်းကို အတွဲ(၂) ဇယား(၂–၁–၉)တွင် ဖော်ပြ ထားပါသည်။

### ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ

ပြည်သူပိုင်ကဏ္ဍအနေဖြင့် စစ်ကိုင်းမြို့တွင် မြန်မာ့သစ်လုပ်ငန်းပိုင်၊ အမှတ် (၈၄) နိုင်ငံပိုင် သစ်စက်တစ်လုံးရှိပါသည်။ ယင်းသစ်စက်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်အား အငှားစာချုပ်ဖြင့် အငှား ခွဲစိတ်ဆောင်ရွက်လျှက်ရှိပါသည်။

### ၉.၉.၂ သမဝါယမပိုင်ကဏ္ဍ

စစ်ကိုင်းခရိုင်အတွင်း သမဝါယမပိုင် သစ်အခြေခံလုပ်ငန်းများ မရှိပါ။

### ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ

စစ်ကိုင်းခရိုင်အတွင်း ဖက်စပ်ကော်ပိုရေးရှင်းများအနေဖြင့် ဆောင်ရွက်လျှက်ရှိသော သစ် အခြေခံလုပ်ငန်းများ မရှိပါ။

### ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ

ပုဂ္ဂလိကပိုင် သစ်အခြေခံလုပ်ငန်းများအနေဖြင့် စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်းမြို့နယ်တွင် စက်ကြီး(၆)လုံး၊ အချောထည်(၇)လုံး၊ စက်သေး (၂၉)လုံး၊ လျှာထိုးစက် (၁)လုံး စုစုပေါင်း (၄၃)လုံး၊ မြင်းမူမြို့နယ်တွင် စက်သေး(၄)လုံး အသီးသီးခွင့်ပြုထားပါသည်။ အသေးစား စက်မှု လက်မှုဦးစီးဌာနမှ ထုတ်လုပ်ပေးထားသော အသေးစား စက်မှုလက်မှု လုပ်ငန်းမှတ်ပုံ တင်အရ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသော အိမ်တွင်းစက်မှုလက်မှုမှာ စစ်ကိုင်း မြို့နယ်တွင် (၁၆)လုံး၊ မြင်းမူမြို့နယ်တွင်(၂)လုံး စုစုပေါင်း(၁၈) လုံးရှိပါသည်။

ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းခဲ့ပြီး ပြည်တွင်းမှာပင် အရည်အသွေးမြင့် အချော ထည်ထုတ်လုပ်မှုကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို အလေးပေးဆောင်ရွက်လာခြင်းတို့ကြောင့် စစ်ကိုင်းခရိုင်အတွင်း၌ စက်အင် အားတိုးရန် ပတ်လွှ အဆိုပြုအချောထည် စက်ကြီးများနှင့် သစ်ပါးလွှာစက်ကြီးများလျှောက်ထားမှုကို စိစစ်တင်ပြ ဆောင်ရွက် လျှက်ရှိပါသည်။ စစ်ကိုင်းမြို့၊ ပတ္တမြားစက်မှုဇုံတွင် အထပ်သားနှင့် တန်ဘိုးမြင့် သစ်အချောထည်စက်ရုံ (၁)လုံး ထပ်မံတည်ဆောက်ခွင့်ပြုရန် တင်ပြလာမှုအပေါ် စစ်ဆေး တင်ပြ ဆောင်ရွက်လျှက်ရှိပါသည်။

## ၉.၁၀ သဘာဝဝန်းကျင်နှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အချက်များ

သစ်တောများသည် လူတို့အတွက်သစ်၊ ဝါး၊ အစားစာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် အပန်းဖြေမှု များကိုပေးစွမ်းကြသည့်အပြင် ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုများစွာ အထောက် အကူပြုလျှက်ရှိသဖြင့် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျှက်ရှိပါသည်။ ကျွမ်းကျင် သူ ပညာရှင်များ၏ ခန့်မှန်းချက်အရ တစ်မိနစ်တွင် ဧက ၅၀နှုန်း ကမ္ဘာ့သစ်တော ကြီးများ ပျက်စီး နေသဖြင့် သစ်တောသစ်ပင်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးနွယ်များစွာ ပျက်စီးပြုန်းတီး လာကြောင်းသိရှိရပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် တိရစ္ဆာန်နှင့်အပင်များ မျိုးဗီဇ ပြုန်းတီးမှုသည် သက္ကရာဇ် ၂၀ ရာစု အကုန်တွင် မျိုးပေါင်း ၅သိန်းမှ ၁၀ သိန်းအထိ ရှိမည်ဟု သိရပါသည်။

၁၉၉၂ခုနှစ်၊ ဇွန်လတွင် ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေရိုမြို့၌ ကျင်းပသော မြေကမ္ဘာ ထိပ်သီး ညီလာခံတွင် ဇီဝမျိုးစုံ ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၅၅) နိုင်ငံ တို့က (Agenda 21)ကိုလက်မှတ်ရေးထိုး ခဲ့ကြပါသည်။ ရည်ရွယ်ချက်မှာ ဇီဝ မျိုးစုံကို ထိန်းသိမ်း ကာကွယ်ရန်၊ ဇီဝမျိုးစုံ၏အစိတ်အပိုင်းများကို ရေရှည်အကျိုးရှိစွာ အသုံးချရန်၊ မျိုးရိုးဗီဇ သယံ ဇာတများ အသုံးချရာတွင် အကျိုးကျေးဇူးများစေရန်နှင့် ယင်းမျိုးရိုးဗီဇ သယံဇာတများအတွက် အလွယ် တကူရရှိရေးအတွက် သင့်တင့်လျောက်ပတ်သော နည်းပညာ၊ အတတ်ပညာနှင့် ရံပုံငွေ ထောက်ပံ့မှုများ မျှတစွာ ခွဲဝေယူကြရန် ဖြစ်ပါ သည်။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်အရ သစ်များ ထုတ်လုပ်ရာတွင်ဆင်များကို အသုံးပြုထုတ်လုပ်ခြင်းမှာ သစ်တော ပြုန်းတီးပျက်စီးမှုကို သက်သာ စေသဖြင့် အသင့်တော်ဆုံးဖြစ်ပါသည်။ သစ်တောများသည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးတွင်များစွာအထောက် အကူပြုလျှက်ရှိသဖြင့် သဘာဝသစ်တောများ မပျက်စီးမပြုန်းတီး အောင် ထိန်းသိမ်းနိုင်သည်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို တစ်ဖက် တစ်လမ်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

### ၉.၁၀.၁ သစ်တောစိုက်ခင်းများ

စစ်ကိုင်းခရိုင်သည် အပူပိုင်းဇုန်တွင်ကျရောက်ပြီး၊ သစ်တောများ နည်းပါးသဖြင့် ပူပြင်း ခြောက်သွေ့သည့်ဒေသ ဖြစ်ပါသည်။ ဤခရိုင်အတွင်း သစ်တောစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းလာခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း၊ ရာသီဥတု တိုးတက်

ကောင်းမွန်ခြင်း၊ ဒေသခံပြည်သူများအတွက် သစ်၊ တိုင်၊ မျော၊ ဝါး၊ ထင်း ထောက်ပံ့ပေး နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

### ၉.၁၀.၂ သစ်ထုတ်လုပ်ခြင်း

ခရိုင်အတွင်း သစ်ထုတ်လုပ် နိုင်သည့် သဘာဝတောများ မရှိသဖြင့် ဖော်ပြရန် မရှိပါ ။

### ၉.၁၀.၃ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအနေဖြင့် သဘာဝပတ်ဝန်းကျင် အလှအပများကို အာရုံခံစားကာ၊ စိတ်ပင်ပန်းမှုများ ပြေဖျောက်စေရန် အပန်းဖြေ နားယူကြခြင်းနှင့် ဒေသ၏ ဓလေ့ထုံးစံများကို ဗဟုသုတဖြစ်စေရန် လေ့လာကြခြင်းသာ အဓိကရည်ရွယ်ကြမည်ဖြစ်ပါသည်။ စစ်ကိုင်းခရိုင်အတွင်း သစ်တောဦးစီးဌာနမှ ဆောင်ရွက်ခြင်းမရှိသော်လည်း ဟော်တယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ စစ်ကိုင်းတောင်ရိုးနှင့် မင်းကွန်းဒေသတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ မင်းကွန်းဒေသတွင် ကြက်ထောက်ရွာရှိ ရေကန်တော်ကြီး၊ ကမ္ဘာ့တတိယ အကြီးဆုံး ကြေးပိသာချိန် (၅၅၅၅၅) ရှိ မင်းကွန်းခေါင်းလောင်းတော်ကြီး၊ ဘိုးတော် ဦးဝိုင်းလက်ထက်တွင် တည်ထားခဲ့သော ပုထိုးတော်ကြီး၊ အတောင် (၆၀) အမြင့်ရှိ သောခြင်္သေ့ရုပ်ကြီးတို့မှာ လာရောက် လေ့လာသူများအတွက် အံ့မခန်းစိတ်ဝင်စားဖွယ်မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိပါသည်။

### ၉.၁၀.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ

သက်ရှိလောကအားလုံး တည်မြဲရေးသည် ရုပ်ပတ်ဝန်းကျင်ဖြစ်သော ရေ၊ မြေ၊ နေ၊ လေ တို့အပေါ် မူတည်နေပါသည်။ ယင်းရေ၊ မြေ၊ နေ၊ လေတို့၏မူလရုပ် သတ္တိသည်လည်း သက်ရှိလောကကြောင့် ပြောင်းလဲနေပါသည်။ သက်ရှိများကြောင့် ရုပ်ပတ်ဝန်းကျင်း ပြောင်းလဲလာလျှင် ယင်းပြောင်းလဲမှုဒဏ်ကို သက်ရှိများခံကြရသည်။ ရုပ်ပတ်ဝန်းကျင်နှင့် သက်ရှိတို့ အချိုးညီသဟဇာတဖြစ်နေမှသာလျှင် သက်ရှိမျိုးစုံတို့သည် ဤကမ္ဘာကြီးပေါ်တွင် ဆက်လက် တည်ရှိနေပါသည်။ သက်ရှိများသည် အောက်စီဂျင်ဓါတ်ကိုရှူ၍၊ ကာဗွန်ဒိုင်အောက် ဆိုဒ်ဓါတ်ကို ထုတ်လွှတ်ပြီး၊အပင်များသည်ကကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ကိုရယူ အစာချက်လုပ်ပြီး၊ အောက်စီဂျင်ဓါတ်ကို ပြန်လည်ထုတ်ပေးသဖြင့် အပင်နှင့်သက်ရှိတို့ တစ်ဦးကိုတစ်ဦး အမှီပြုလျှက်ရှိကြပါသည်။ သက်ရှိအားလုံး ကမ္ဘာပေါ်တွင် အသက်ရှင်တည်တံ့ခွင့်ရှိပေသည်။ တောရိုင်းတိရစ္ဆာန်မျိုးများမှာ သက်ရှိမျိုးတွင် အပါအဝင်ဖြစ်သည်။ ယင်းသက်ရှိတို့သည် သက်ရှိထောက်ပံ့စနစ်ဖြစ်သော စကြာဝဠာကြီး၏ ဓါတုဗေဒ ညီညွတ်မျှတမှုကို ထိန်းပေးခြင်း၊ ရာသီဥတုတည်ငြိမ်စေခြင်း၊ ရေဝေရေလဲထိန်းသိမ်းကာကွယ်ခြင်းနှင့် မြေဆီလွှာ အသစ်တဖန် ဖြစ်ပေါ်စေခြင်းတို့အတွက် အရေးပါသောကဏ္ဍမှ ပါဝင်ကြောင်း ပညာရှင်များ၏ အဆိုအရ သိရပေသည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ် မတန်တဆများပါက ကမ္ဘာကို လွှမ်းခြုံထားသော အိုဇုန်းဓါတ်မှာ လျော့ပါး သွားနိုင်၍ ယင်းသို့ဖြစ်ပေါ်ပါက သက်ရှိများအတွက် များစွာအန္တရာယ်ကျရောက်နိုင်သဖြင့် အလွန်ထိတ်လန့်ဖွယ်ဖြစ်ပါသည်။ ထို့ပြင်လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်များလာခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာပြီး၊ ရာသီဥတု ဖေါက်ပြန်လာသည်ဟု ဆိုပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အောက်စီဂျင်ဓါတ်လိုပေသည်။ ယင်းဓါတ်ကို

အပင်များက ထုတ်လွှတ်ပေးနေကြသဖြင့် အပင်လောကထိန်းသိမ်းရေးမှာ အလွန်အရေးကြီးပါသည်။ အပင်နှင့် သက်ရှိတို့ အပြန်အလှန်ဆက်နွယ်နေကြသဖြင့် တောရိုင်း တိရစ္ဆာန်များကို ထိန်းသိမ်းခြင်းဖြင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးတွင် တစ်ဖတ်တစ်လမ်းမှ အထောက်အကူပြုလျှက်ရှိပါသည်။

သဘာဝအပင်များ စုစည်းပါဝင်သော သစ်တောများသည် လူသား အားလုံးအတွက် သစ်၊ ဝါး၊ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါး၊ အပန်းဖြေမှု အစရှိသည့် စားဝတ်နေရေးနှင့် အသက်ရှင်နေထိုင်နိုင်ရေးတို့ကို ပေးစွမ်းလျှက်ရှိ သည့် သစ်တောများရှိခြင်းကြောင့် သန့်ရှင်းသည့်လေကို ရှူရှိုက်ရခြင်း၊ သန့်ရှင်း သည့် ရေများသောက်သုံးခြင်း၊ မြေဩဇာပေါကြွယ်ဝခြင်းစသည့် အကျိုးများ ရရှိသဖြင့် လူနှင့်သက်ရှိ ဇီဝမျိုးအားလုံးအတွက် များစွာအထောက်အကူရရှိစေပါသည်။ သဘာဝဝန်းကျင်ဆိုသည်မှာ ရေထု၊ လေထု၊ ရာသီဥတုတို့ ပါဝင်ပြီး၊ ယင်းအခြေအနေများ ပျက်ယွင်းပါက သဘာဝဝန်းကျင် ပျက်ယွင်းမှုဖြစ်သည်ဟု ဆိုကြပေသည်။ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဖြစ်သော လေထုညစ်ညမ်း မှု၊ မြေဩဇာဆုတ်ယုတ်မှုစသည်တို့ပေါ်ပေါက်ပါက လူနှင့်တကွ တောရိုင်း တိရစ္ဆာန်များအပါအဝင် သက်ရှိအားလုံး အသက်ရှင်နေထိုင်နိုင်ရေးအတွက် များစွာအခက်အခဲ တွေ့ရမည်ဖြစ်ပါသည်။

ရေကောင်းရေသန့်မရရှိခြင်း၊ မြေဆီလွှာ ဆုံးရှုံးခြင်း၊ လေထုအတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်အလွန်အမင်းများပြား၍ ကမ္ဘာကြီး ပူနွေးလာပြီး အပူရှိန်လွန်ကဲစွာ မြင့်မားလာခြင်းများကြောင့် အပင်များ၏ ရှင်သန် ကြီးထွားမှုကို အဟန့်အတားဖြစ်စေခြင်း၊ သေကြေပျက်စီးယိုယွင်းမှုများကို ထိန်းသိမ်းနိုင်မှု မရှိဘဲ၊ အခြေအနေများ ပိုမိုဆိုးရွားလာနိုင်ပါသည်။ သို့ဖြစ်၍ သဘာဝဝန်းကျင်ယိုယွင်းပျက်စီးမှုမှ ကာကွယ်နိုင်ရန်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းသွားရန် အထူးပင်လိုအပ်လှပါသည်။

## ၉.၁၀.၅ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်း

လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကို မှီခိုကာ ကျင်လည် အသက်ရှင်သန်နေကြသူများဖြစ်သည်။ သဘာဝပတ်ဝန်းကျင်တွင်ရှိသော ရေ၊ နေ၊ လေ၊ မြေ၊ အပူချိန်၊ အစားအစာ၊ အဝတ်အထည်၊ နေစရာအိုးအိမ်၊ လူ့အသုံးအဆောင် ပစ္စည်းမျိုးစုံတို့ကို သုံးစွဲလျှက် အသက် ရှင်နေကြပေသည်။ ထို့ပြင်လူတို့သည် အပင်လောကကို မှီခိုကင်း၍ မနေနိုင်ကြပေ။ စာရေး၊ နေရေး၊ ဝတ်ရေးအတွက် အပင်များမှ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သောနည်းဖြင့် မှီခိုနေရ သည်။ သစ်တောများတွင် သဘာဝဂေဟ Ecosystem နှင့်ဇီဝသယံဇာတ မျိုးစုံပါဝင် နေပေသည်။

မြန်မာနိုင်ငံ၏ သဘာဝဂေဟများနှင့် ဇီဝမျိုးစုံထိန်းသိမ်းရေး အတွက် သဘာဝနယ်မြေများကို စနစ်တကျ ထိန်းသိမ်းခြင်းသည် လူသားတို့အတွက် အရေးပါသော အချက်ဖြစ်သည်။ သဘာဝနယ်မြေအတွင်းမှရေ၊ မြေ သစ်ပင်၊ တောရိုင်းတိရစ္ဆာန်စသည်တို့ကို စနစ်တကျ စီမံအုပ်ချုပ်ခြင်းနှင့် သဘာဝနယ်မြေများကို ထိန်းသိမ်းခြင်းဖြင့် လူသားမျိုးနွယ် ဆက်လက် ရှင်သန်တည်တံ့ရေးအတွက် အထောက်အကူပြု လျှက်ရှိပါသည်။ သို့ပါ၍ မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံ မပျောက်ပျက်ရေးအတွက် သစ်တောနှင့် သဘာဝနယ်မြေများကို အားလုံးက ဝိုင်းဝန်းကူညီပူးပေါင်း ထိန်းသိမ်းကာကွယ်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ သစ်တောများသည် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်မျှတရေးတို့ကို အကျိုးပြုလျှက်ရှိပါသည်။ သစ်တောများမှ ထာဝစဉ် သစ်တောထွက်ရရှိရေးသည် အခြေခံကျသည့် ရည်မှန်းချက်တစ်ရပ် ဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် သစ်တောများကို ဂေဟဗေဒ ဆိုင်ရာ ဖြစ်စဉ်များနှင့် သဟဇာတဖြစ်ပြီး လူမှုအဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင် အပေါ် အောက်ပါအတိုင်း အကျိုးသက်ရောက်စေပါသည်။

(၁) ရာသီဥတုကို သမမျှတစေခြင်း။

(၂) သစ်တောများမှ အစားအစာနှင့် သစ်၊ တိုင်၊ ထင်း၊ ဝါးစသည့် သစ်တောထွက် ပစ္စည်းများ ထုတ်ယူရရှိခြင်း။

(၃) အပေါ်ယံမြေဆီလွှာ ရေတိုက်စားမှုမှ ကာကွယ်ပေးခြင်း။

(၄) ချောင်းရေ ၊ မြစ်ရေလျှံမှု ၊ သဲသောင်ထွန်းမှုများမှ ကာကွယ်ပေးခြင်း။

(၅) လေပြင်းဒဏ်ကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုမှ ကာကွယ်ပေးခြင်း။

(၆) သစ်တောများမှကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကိုဖမ်းယူအသုံးချသဖြင့် ကမ္ဘာကြီးပူနွေး လာမှုကိုလျှော့ချပေးခြင်း။

(၇) သစ်ပင်များမှ ထုတ်လွှတ်သည့် အောက်ဆီဂျင်ဓာတ်ကြောင့် လေကောင်း လေသန့်ရရှိ၍ ကျန်းမာရေးအထောက်အကူရရှိခြင်း။

(၈) ခရီးသွားများအားအေးမြသည့် အရိပ်ကိုပေး၍ ကြည်လင်လန်းဆန်းစေခြင်း၊ ဖော်ပြပါ သစ်တောများမှသဘာဝဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများအား ထာဝစဉ် တည်တံ့ စေရန် သစ်တောကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းကို ဒေသခံပြည်သူတို့မှ နိုးကြားသည့် အသိစိတ်ဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြစေရန် လိုအပ်မည်ဖြစ်ပါသည်။ သစ်တော အုပ်ချုပ်လုပ်ကိုင်မှုမှာ သစ်တောစိုက်ပျိုးပြုစုမှု ရည်ရွယ်ချက်များနှင့် အညီ ဆောင်ရွက် လျက်ရှိသဖြင့် သစ်တောများကို လက်ရှိကျင့်သုံးနေသော မြန်မာ့ရွေးချယ်ခုတ်လှဲနည်း စနစ်ဖြင့် အုပ်ချုပ်လုပ်ကိုင်ခြင်းသည် အသင့်တော်ဆုံးဖြစ် ပါသည်။ယင်းစနစ်မှာ ပြည်သူ တို့၏အခြေခံစားဝတ်နေရေးလိုအပ်ချက်ဖြစ်သည့် သစ်နှင့် သစ်တောထွက်ပစ္စည်းများကို မူလတောအနေအထားအတိုင်းလူမှုရေးနှင့် သဘာဝ ဝန်းကျင်ထိန်းသိမ်း ရေးကိုမထိခိုက် စေဘဲ၊ ထုတ်ယူအသုံးချခြင်းဖြစ်ပါသည်။ ဤနည်း အားဖြင့်သစ်များ ထုတ်ယူပြီးနောက် သစ်တောအတွင်းသစ်မျိုးစုံ၊အရွယ်အစားမျိုးစုံသော ပေါက်ရောက်ပင်များသည် သဘာဝ အနေအထားအတိုင်း ဆက်လက် ကြီးထွားနိုင်မည်ဖြစ်ပါသည်။ သစ်တောဦးစီးဌာန ကျင့်သုံးဆောင်ရွက်နေသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စနစ်သည် သဘာဝနှင့် လူမှုရေးစီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်စေပြီး၊ အပြု သဘောမဆောင်သည့် အကျိုးသက်ရောက်မှုများ လျှော့နည်းမှုဖြစ်စေပါသည်။ သစ်တော များကိုဤစနစ်ဖြင့်ဆက်လက် အုပ်ချုပ် လုပ်ကိုင်သွားခြင်းဖြင့် ကာကွယ်ခြင်း၊ သစ်တော သယံဇာတများ တည်တံ့နေစေခြင်း၊ ရေမြေတောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံသဘာဝ

ပတ်ဝန်းကျင်ကို ကာကွယ်ခြင်း၊ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း၊ ပြည်သူတို့ ပူးပေါင်းပါဝင်စေခြင်း၊ ပြည်သူတို့အတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း စသည့်မြန်မာ့သစ်တောမူဝါဒပဓာနကျသည့်အချက် (၆)ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**၉.၁၁ အခြေခံအဆောက်အဦ**

**၉.၁၁.၁ အဆောက်အဦ၊ လမ်းနှင့် တံတားများ**

(၁) စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနသည် ဖွဲ့စည်းပုံ သတ်မှတ်ချက်အရ (ဂ)အဆင့်ဖြစ်ပြီး၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး သီးခြားရှိပါသည်။ စစ်ကိုင်းခရိုင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးသည် စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အဆောက် အဦတွင် ပူးတွဲဖွင့်လှစ်ထားပါသည်။ လက်ရှိဝန်ထမ်း အင်အားအရ လုံလောက်မှု ရှိပါသည်။ သီးခြားအဆောက်အဦ ဆောက်လုပ်ရန် မလိုအပ်ပါ။ လက်ထောက် ညွှန်ကြားရေးမှူးမှာ လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်တွင် နေထိုင်လျှက် ရှိပါသဖြင့် သင့်တော်ကောင်းမွန်ပါသည်။ ခရိုင်အနေဖြင့် တည်းခိုရိပ်သာရှိပါသည်။ ဧည့်သည် အတော်အသင့် တည်းနိုင်သောအဆင့်မီ တည်းခိုရိပ်သာ တစ်လုံးရှိပါသည်။ ခရိုင်အနေဖြင့် ဧည့်သည်များ လာရောက်သည့်အခါ ယင်းတည်းခိုရိပ်သာတွင် တည်းခိုနိုင်သဖြင့် အဆင်ပြေမှုရှိပါသည်။ စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် တည်ဆောက်ရန် လိုအပ်မည့်ရုံးများ၊ ဝန်ထမ်း နေအိမ်များကို မြို့နယ်အလိုက်၊ နှစ်ကာလအလိုက် ဇယား (၉-၁၁-၁) တွင်ဖော်ပြပါသည်။ မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာ အဆောက်အဦဟောင်းများ ပြင်ဆင်ထိန်းသိမ်းရန်အတွက် ပျက်စီးမှု အတိုင်းအတာအရ တစ်နှစ်ကြိုတင်၍နှစ်စဉ်ဘက်ဂျက်ရေးဆွဲသည့်အခါမြို့နယ်များအလိုက် ထည့်သွင်း တွက်ချက်တောင်းခံဆောင်ရွက်သွားပါမည်။

**စီမံကိန်းကာလအတွင်း တည်ဆောက်ရန် လိုအပ်မည့် အဆောက်အဦးစာရင်း**

ဇယား (၉-၁၁-၁)

| ခုနှစ် | မြို့နယ် | အဆောက်အဦနှင့်တည်နေရာ | ဦးရေ | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၂၀၁၆-၂၀၁၇ | မြောင် | (သွပ်မိုး၊ပျဉ်ခင်း ၊ပျဉ်ကာ အုတ်ဘိနပ်ခံ)<br>ဝန်ထမ်းနေအိမ် (မြောင်) | ၁ | ၅၂၅၀၀၀၀ိ/- |
| ၂၀၁၇-၂၀၁၈ | မြောင် | (သွပ်မိုး၊ပျဉ်ခင်း ၊ပျဉ်ကာ အုတ်ဘိနပ်ခံ)<br>ဝန်ထမ်းနေအိမ် (မြောင်) | ၁ | ၅၂၅၀၀၀၀ိ/- |
| | | **ပေါင်း** | **၂** | **၁၀၅၀၀၀၀ိ/-** |

ဇစ်မြစ် - စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန

(၂) စစ်ကိုင်းခရိုင်အတွင်း သစ်တောဦးစီးဌာပိုင် လမ်းနှင့်တံတားများ မရှိသဖြင့် ဖော်ပြရန် မရှိပါ။

## ၉.၁၁.၂ ဆက်သွယ်ရေး

ဤခရိုင်အနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်မှု လျင်မြန်သွက်လက်စေရန် ဆက်သွယ်ရေးစနစ်ကို တိုးချဲ့တပ်ဆင်ရန် လိုအပ်ပါသည်။ စီမံကိန်း ကာလအတွင်း မြို့နယ်အသီးသီး၌ အောက်ဖော်ပြပါအတိုင်း နှစ်စဉ်ကာလအလိုက် တယ်လီဖုန်းများတပ်ဆင်ပေးရန် ဖြစ်ပါသည်။ ကုန်ကျစရိတ်ငွေများကို မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းနှင့်ဆက်သွယ်၍ လိုအပ်သော ဘတ်ဂျက်ရံပုံငွေကို တင်ပြတောင်းခံ ဆောင်ရွက်သွားပါမည်။

| ခုနှစ် | ဆက်သွယ်မည့်ဌာန | မြို့အမည် |
|---|---|---|
| (၁) | (၂) | (၃) |
| ၂၀၁၆–၁၇ | လ/ထညွှန်ကြားရေးမှူးအိမ် | စစ်ကိုင်းမြို့ |
| | မြို့နယ်ဦးစီးမှူးအိမ် | စစ်ကိုင်းမြို့ |
| ၂၀၁၈–၁၉ | မြောင်မြို့နယ်ခွဲရုံး | မြောင်မြို့နယ် |

## ၉.၁၁.၃ စက်နှင့်စက်ကိရိယာများ

လုပ်ငန်းဆိုင်ရာများဆောင်ရွက်ရာတွင် အဆင့်အတန်း မြင့်မားစေရန်နှင့် သွက်လက်ထိရောက်အောင်မြင်စေရန်အတွက် အောက်ပါစက်နှင့်စက်ကိရိယာများကို သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ အလျဉ်းသင့်သလို ဝယ်ယူဖြည့်ဆည်းပေးရန် ဖြစ်ပါ သည်။

| စဉ် | မြို့နယ် | လိုအပ်သည့်စက်နှင့် စက်ကိရိယာပစ္စည်း | အရေအတွက် | သုံးစွဲမည့်လုပ်ငန်း |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | စစ်ကိုင်း | ထော်လာဂျီ | ၁ စီး | စိုက်ခင်းသုံး |
| ၂ | မြောင် | ထော်လာဂျီ | ၁ စီး | စိုက်ခင်းသုံး |
| ၃ | မြောင် | ရေစုတ်စက် | ၁ လုံး | ပျိုးဥယျာဉ်သုံး |

ဇစ်မြစ် – စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ၉.၁၂ ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက်

### ၉.၁၂.၁ ဝန်ထမ်းအင်အား

လက်ထောက်ညွှန်ကြားရေးမှူးသည် စစ်ကိုင်းခရိုင်ရုံး ဖွဲ့စည်းပုံပါ ဝန်ထမ်းအင်အားဖြင့်ရုံး လုပ်ငန်း ကိစ္စနှင့်အထွေထွေလုပ်ငန်းများကို နိုင်နင်းစွာ စီမံဆောင်ရွက်နိုင်မှုရှိပါသည်။ စစ်ကိုင်း ခရိုင်တွင် စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင် (ပူးတွဲ)မြို့နယ်ဟူ၍ (၃)မြို့နယ် ပါဝင်ဖွဲ့စည်း ထားပါသည်။ မြို့နယ်သစ်တောဦးစီးဌာန ဖွဲ့စည်းပုံအရ စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ် (ခ)အဆင့်မြို့နယ်များဖြစ်သဖြင့် တာဝန်ခံမှာ မြို့နယ်ဦးစီးဌာနမှူးဖြစ်ပါသည်။ မြောင်မြို့နယ်မှာ သီးခြားမရှိဘဲ မြင်းမူမြို့နယ်သစ်တောဦးစီးဌာန၏ ပူးတွဲမြို့နယ်အဖြစ် မြင်းမူမြို့နယ်ဝန်ထမ်း အင်းအားမှ ဝန်ထမ်းများကို တာဝန်ချထား ဆောင်ရွက်လျှက်ရှိ ပါသည်။ မြောင်မြို့နယ်အတွက် တောအုပ်(၁)ဦး၊ တောခေါင်း (၂)ဦး၊ သီးခြားအင်အားအဖြစ် မြင်းမူ မြို့နယ် လက်အောက်တွင် ခွင့်ပြုချထားပေးပါသည်။ စစ်ကိုင်းမြို့နယ်ရှိ သဘာဝထိန်းသိမ်းရေး နယ်မြေဖြစ်သော မင်းဝံ တောင်ဘေးမဲ့ တောအတွင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို စနစ်တကျ ကာကွယ် ထိန်းသိမ်းရန် အောက်ပါအတိုင်းဝန်ထမ်းအင်အား သီးခြားယူနစ်တစ်ခုထားရှိပြီးဆောင်ရွက်ရန် လိုအပ်ပါသည်။

| | | | |
|---|---|---|---|
| (၁) | တောအုပ်ကြီး | ၁ | ဦး |
| (၂) | တောအုပ် | ၂ | ဦး |
| (၃) | တောခေါင်း | ၄ | ဦး |
| (၄) | တောကြပ် | ၄ | ဦး |
| | **စုစုပေါင်း** | **၁၁** | **ဦး** |

စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် သစ်တောဦးစီးဌာနမှ အပူပိုင်းမိုးနည်းရပ်ဝန်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း လုပ်ငန်း များအလိုက် သုံးစွဲမည့် လုပ်သားစာရင်းအား ဇယား (၉-၁၂-၁) တွင် ဖော်ပြအပ်ပါသည်။

**စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် အပူပိုင်း မိုးနည်းရပ်ဝန်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း လုပ်ငန်းများအလိုက် သုံးစွဲမည့်လုပ်သားစာရင်း**

ဇယား (၉-၁၂-၁)

| စဉ် | တည်ထောင်သည့်ခုနှစ် | လုပ်ငန်းအမျိုးအစား | လိုအပ်သောလုပ်သားအင်အား | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | စစ်ကိုင်း | မြင်းမူ | မြောင် | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ၂၀၁၆-၁၇ | ပဝတ္တိမျိုးဆက်ခြင်း | ၂၅ | ၁၅ | ၁၀ | ၅၀ | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | ၁၀၅ | ၆၃ | ၄၂ | ၂၁၀ | |
| | | မီးကာကွယ်ခြင်း | ၄၅ | ၂၇ | ၁၈ | ၉၀ | |
| | | **စုစုပေါင်း** | **၁၇၅** | **၁၀၅** | **၇၀** | **၃၅၀** | |
| ၂ | ၂၀၁၇-၁၈ | ပဝတ္တိမျိုးဆက်ခြင်း | ၂၇ | ၁၅ | ၁၀ | ၅၀ | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | ၇၀ | ၄၂ | ၂၈ | ၁၄၀ | |
| | | မီးကာကွယ်ခြင်း | ၆၀ | ၃၆ | ၂၄ | ၁၂၀ | |
| | | **စုစုပေါင်း** | **၁၅၇** | **၉၃** | **၆၂** | **၃၁၀** | |
| | ၂၀၁၈-၁၉ | ပဝတ္တိမျိုးဆက်ခြင်း | ၂၅ | ၁၅ | ၁၀ | ၅၀ | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | ၇၀ | ၄၂ | ၂၈ | ၁၄၀ | |
| | | မီးကာကွယ်ခြင်း | ၇၅ | ၄၅ | ၃၀ | ၁၅၀ | |
| | | **စုစုပေါင်း** | **၁၇၀** | **၁၀၂** | **၆၈** | **၃၄၀** | |
| | ၂၀၁၉-၂၀ | ပဝတ္တိမျိုးဆက်ခြင်း | ၂၅ | ၁၅ | ၁၀ | ၅၀ | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | ၇၀ | ၄၂ | ၂၈ | ၁၄၀ | |
| | | မီးကာကွယ်ခြင်း | ၉၀ | ၅၄ | ၃၆ | ၁၈၀ | |
| | | **စုစုပေါင်း** | **၁၈၅** | **၁၁၁** | **၇၄** | **၃၇၀** | |
| | ၂၀၂၀-၂၁ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | - | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | ၃၅ | ၂၁ | ၁၄ | ၇၀ | |
| | | မီးကာကွယ်ခြင်း | ၆၉ | ၃၆ | ၂၄ | ၁၂၀ | |
| | | **စုစုပေါင်း** | **၁၀၄** | **၅၇** | **၃၈** | **၁၉၉** | |
| | ၂၀၂၁-၂၂ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | - | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | - | - | - | - | |
| | | မီးကာကွယ်ခြင်း | ၄၅ | ၂၇ | ၁၈ | ၉၀ | |
| | | စုစုပေါင်း | ၄၅ | ၂၇ | ၁၈ | ၉၀ | |

ဇစ်မြစ်၊ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

**စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် အပူပိုင်း မိုးနည်းရပ်ဝန်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း လုပ်ငန်းများအလိုက် သုံးစွဲမည့်လုပ်သားစာရင်း**

ဇယား (၉–၁၂–၁)

| စဉ် | တည်ထောင်သည့်ခုနှစ် | လုပ်ငန်းအမျိုးအစား | လိုအပ်သောလုပ်သားအင်အား | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | စစ်ကိုင်း | မြင်းမူ | မြောင် | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ၂၀၂၂–၂၃ | ပဝတ္တိမျိုးဆက်ခြင်း | – | – | – | – | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | – | – | – | – | |
| | | မီးကာကွယ်ခြင်း | ၃၀ | ၁၈ | ၁၂ | ၆၀ | |
| | | စုစုပေါင်း | ၃၀ | ၁၈ | ၁၂ | ၆၀ | |
| | ၂၀၂၃–၂၄ | ပဝတ္တိမျိုးဆက်ခြင်း | – | – | – | – | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | – | – | – | – | |
| | | မီးကာကွယ်ခြင်း | ၁၅ | ၉ | ၆ | ၃၀ | |
| | | စုစုပေါင်း | ၁၅ | ၉ | ၆ | ၃၀ | |
| | ၂၀၂၄–၂၅ | ပဝတ္တိမျိုးဆက်ခြင်း | – | – | – | – | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | – | – | – | – | |
| | | မီးကာကွယ်ခြင်း | – | – | – | – | |
| | | စုစုပေါင်း | – | – | – | – | |
| | ၂၀၂၅–၂၆ | ပဝတ္တိမျိုးဆက်ခြင်း | – | – | – | – | |
| | | ပေါင်းသင်ရှင်းလင်းခြင်း | – | – | – | – | |
| | | မီးကာကွယ်ခြင်း | – | – | – | – | |
| | | စုစုပေါင်း | – | – | – | – | |

ဇစ်မြစ်၊ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ၉.၁၂.၂ ဘတ်ဂျက်

၁၉၈၃ ခုနှစ်တွင် ခရိုင်အဆင့်ရုံးများဖျက်သိမ်းပြီးနောက် မြို့နယ်အလိုက်ဘတ်ဂျက် ရန်ပုံငွေများ ချထားပေးပြီး မြို့နယ်ဦးစီးဌာနမှူးများမှ ငွေထုတ်သူအရာရှိများအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉–၉၀ခုနှစ်တွင် မြို့နယ်စု (ခရိုင်ရုံး)များ ပြန်လည်ဖွဲ့စည်း ဆောင်ရွက်သည့်အခါ မြို့နယ်အလိုက် ဘတ်ဂျက်ရန်ပုံငွေများ ချမှတ်ထားပေးသော်လည်း မြို့နယ်စုတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးများအား မြို့နယ်စုအတွင်းရှိ မြို့နယ် အသီးသီးတွင်ငွေထုတ်သူအရာရှိအဖြစ် ပြောင်းလဲဆောင်ရွက်စေခဲ့ပါသည်။

၁၉၉၅–၉၆ခုနှစ်တွင် ခရိုင်ရုံးဖွဲ့စည်းပုံသတ်မှတ်ခွင့်ပြုခဲ့သည့်အခါ ခရိုင်သီးခြား ဘတ်ဂျက်ဖြင့် ကျခံသုံးစွဲခဲ့ပါသည်။ လက်ထောက်ညွှန်ကြားရေးမှူးအနေဖြင့် ခရိုင်ရုံးနှင့် ကျန်မြို့နယ်ရုံးများ၏ ငွေထုတ်သူအရာရှိအဖြစ် တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။ စစ်ကိုင်းခရိုင်တွင် သစ်တောမှုများမှ ဒဏ်ကြေးငွေများ၊ သစ်စက်လိုင်စင်အခွန်အခများနှင့် ဖမ်းဆည်းသစ်များ ထုခွဲရောင်းချရသဖြင့် အခွန်တော်ငွေများရရှိပါသည်။ စီမံကိန်းကာလအတွင်း သစ်တောလုပ်ငန်း အမျိုးအစား

အလိုက် သာမန်အသုံးစရိတ်လိုအပ်ချက်ကို ဇယား(၉-၁၂-၂)က နှင့် ငွေလုံး ငွေရင်း အသုံးစရိတ်လိုအပ်ချက်ကို ဇယား(၉-၁၂-၂)ခ ဖြင့်ဖော်ပြအပ်ပါသည်။

**စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် အပူပိုင်း မိုးနည်းရပ်ဝန်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း လုပ်ငန်းအမျိုးအစားအလိုက် သုံးစွဲမည့် ဘတ်ဂျက်စာရင်း**

(သာမန်အသုံးစရိတ်) ဇယား(၉-၁၂-၂)က

| ခုနှစ် | လုပ်ငန်းအမျိုးအမည် | ပမာဏ | ခွင့်ပြုနှုန်း | လိုအပ်သည့်ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၂၀၁၆-၂၀၁၇ | ပေါင်းသင်ရှင်းလင်းခြင်း | ၂၀၀ | ၃၂၅၀ | ၆၅၀၀၀၀ | |
| | မီးကာကွယ်ခြင်း | ၁၀၀ | ၂၇၀၀ | ၂၇၀၀၀၀ | |
| ၂၀၁၇-၂၀၁၈ | ပေါင်းသင်ရှင်းလင်းခြင်း | ၁၀၀ | ၃၂၅၀ | ၃၂၅၀၀၀ | |
| | မီးကာကွယ်ခြင်း | ၁၅၀ | ၂၇၀၀ | ၄၀၅၀၀၀ | |
| ၂၀၁၈-၂၀၁၉ | ပေါင်းသင်ရှင်းလင်းခြင်း | ၁၀၀ | ၃၂၅၀ | ၃၂၅၀၀၀ | |
| | မီးကာကွယ်ခြင်း | ၂၀၀ | ၂၇၀၀ | ၅၄၀၀၀၀ | |
| ၂၀၁၉-၂၀၂၀ | ပေါင်းသင်ရှင်းလင်းခြင်း | ၁၀၀ | ၃၂၅၀ | ၃၂၅၀၀၀ | |
| | မီးကာကွယ်ခြင်း | ၂၅၀ | ၂၇၀၀ | ၆၇၅၀၀၀ | |
| ၂၀၂၀-၂၀၂၁ | ပေါင်းသင်ရှင်းလင်းခြင်း | ၁၀၀ | ၃၂၅၀ | ၃၂၅၀၀၀ | |
| | မီးကာကွယ်ခြင်း | ၂၀၀ | ၂၇၀၀ | ၅၄၀၀၀၀ | |
| ၂၀၂၁-၂၀၂၂ | ပေါင်းသင်ရှင်းလင်းခြင်း | - | - | - | |
| | မီးကာကွယ်ခြင်း | ၁၅၀ | ၂၇၀၀ | ၄၀၅၀၀၀ | |
| ၂၀၂၂-၂၀၂၃ | ပေါင်းသင်ရှင်းလင်းခြင်း | - | - | - | |
| | မီးကာကွယ်ခြင်း | ၁၀၀ | ၂၇၀၀ | ၂၇၀၀၀၀ | |
| ၂၀၂၃-၂၀၂၄ | ပေါင်းသင်ရှင်းလင်းခြင်း | - | - | - | |
| | မီးကာကွယ်ခြင်း | ၅၀ | ၂၇၀၀ | ၁၃၅၀၀၀ | |
| ၂၀၂၄-၂၀၂၅ | ပေါင်းသင်ရှင်းလင်းခြင်း | - | - | - | |
| | မီးကာကွယ်ခြင်း | - | - | - | |
| ၂၀၂၅-၂၀၂၆ | ပေါင်းသင်ရှင်းလင်းခြင်း | - | - | - | |
| | မီးကာကွယ်ခြင်း | - | - | - | |

ဇစ်မြစ်-စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

**စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် အပူပိုင်း မိုးနည်းရပ်ဝန်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း လုပ်ငန်းအမျိုးအစားအလိုက် သုံးစွဲမည့် ဘတ်ဂျက်စာရင်း**

(ငွေလုံးငွေရင်းအသုံးစရိတ်) ဇယား (၉-၁၂-၂)ခ

| ခုနှစ် | လုပ်ငန်းအမျိုးအမည် | ပမာဏ | ခွင့်ပြုနှုန်း | လိုအပ်သည့်ရန်ပုံငွေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၂၀၁၆-၂၀၁၇ | ပဝတ္တိမျိုးဆက်ခြင်း | ၅၀ | ၈၈၀၀၀ | ၄၄၀၀၀၀၀ | |
| | **ပေါင်း** | **၅၀** | **၈၈၀၀၀** | **၄၄၀၀၀၀၀** | |
| ၂၀၁၇-၂၀၁၈ | ပဝတ္တိမျိုးဆက်ခြင်း | ၅၀ | ၈၈၀၀၀ | ၄၄၀၀၀၀၀ | |
| | **ပေါင်း** | **၅၀** | **၈၈၀၀၀** | **၄၄၀၀၀၀၀** | |
| ၂၀၁၈-၂၀၁၉ | ပဝတ္တိမျိုးဆက်ခြင်း | ၅၀ | ၈၈၀၀၀ | ၄၄၀၀၀၀၀ | |
| | **ပေါင်း** | **၅၀** | **၈၈၀၀၀** | **၄၄၀၀၀၀၀** | |
| ၂၀၁၉-၂၀၂၀ | ပဝတ္တိမျိုးဆက်ခြင်း | ၅၀ | ၈၈၀၀၀ | ၄၄၀၀၀၀၀ | |
| | **ပေါင်း** | **၅၀** | **၈၈၀၀၀** | **၄၄၀၀၀၀၀** | |
| ၂၀၂၀-၂၀၂၁ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | |
| | **ပေါင်း** | - | - | - | |
| ၂၀၂၁-၂၀၂၂ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | |
| | **ပေါင်း** | - | - | - | |
| ၂၀၂၂-၂၀၂၃ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | |
| | **ပေါင်း** | - | - | - | |
| ၂၀၂၃-၂၀၂၄ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | |
| | **ပေါင်း** | - | - | - | |
| ၂၀၂၄-၂၀၂၅ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | |
| | **ပေါင်း** | - | - | - | |
| ၂၀၂၅-၂၀၂၆ | ပဝတ္တိမျိုးဆက်ခြင်း | - | - | - | |
| | **ပေါင်း** | - | - | - | |

ဇစ်မြစ် -စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန

## ၉.၁၂.၃ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ဆန်းစစ်ခြင်း

စီမံကိန်းကာလအတွင်း စစ်ကိုင်းခရိုင်တွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲရန် တွက်ချက်ထားသည့် ခန့်မှန်းကုန်ကျစရိတ်အပေါ် အကျိုးအမြတ် ဆန်းစစ်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်။ ဝန်ထမ်းနေအိမ် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်အောက်တွင်ခန့်မှန်းတွက်ချက်ထားသည့် အသုံးစရိတ် ငွေများမှာ မျက်မှောက်ကာလ ဈေးနှုန်းများအရ လျော်ကန်သင့်မြတ်သည်ဟု ယူဆပါသည်။ အဆိုပါ ငွေလုံးငွေရင်း အသုံးစရိတ် အောက်မှပင်ကျေးရွာသုံး ထင်းစိုက်ခင်းများတည်ထောင်ရန် ခန့်မှန်းကုန်ကျစရိတ်များမှာလည်း လက်ရှိခွင့်ပြုနှုန်းထားများအတိုင်း တွက်ချက်ဖော်ပြ ထားသဖြင့် ထိုက်တန်မှုရှိပါသည်။ သာမန်အသုံးစရိတ်အောက်တွင် စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းနှင့် ဆက်နွှယ်သည့် ပေါင်းသင်ရှင်းလင်းခြင်းနှင့် မီးကာကွယ်ခြင်းလုပ်ငန်းများအတွက် တွက်ချက်ဖော်ပြထားသည့်

ခန့်မှန်း ကုန်ကျစရိတ်များမှာ လက်ရှိခွင့်ပြု နှုန်းထားများအတိုင်း တွက်ချက်ထားခြင်းဖြစ်သဖြင့် အနည်းဆုံးနှုန်း ထားများဖြစ် ပါသည်။

သစ်တောလုပ်ငန်းများအတွက် ခန့်မှန်း ကုန်ကျစရိတ်များအပေါ် ခြုံငုံ ဆန်းစစ်ကြည့်ပါက သစ်တောစိုက်ခင်းလုပ်ငန်းမှာ နှစ်ရှည်စီမံကိန်းဖြစ်သဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ နှစ်ရှည် ပင်ဌာနမှ သုံးစွဲသည့်ခွင့်ပြုနှုန်းနှင့် နှိုင်းယှဉ်ပါလျှင် ဤဌာန၏ခွင့်ပြုနှုန်းထားများမှာ အလွန် နည်းပါး သည်ကို တွေ့ရပေသည်။ ယခုအခါ စိုက်ခင်းမြေအတွင်း ဝင်ရောက်၍ သီးနှံထွန်ယက် စိုက်ပျိုးလုပ်ကိုင်ခြင်းတို့ကြောင့် ပျက်စီးမှုများ ကြုံတွေ့လျှက်ရှိပါသည်။ သို့ပါ၍ နိုင်ငံတော် အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေရန် သစ်တောစိုက်ခင်းဟောင်းများ ထိန်းသိမ်း စောင့်ရှောက်ရေးကို အခြေအနေအရပ်ရပ် သုံးသပ်လျှက် ဝန်ထမ်းအင်အားတစ်ရပ်ဖြင့် ထားရှိ ဆောင်ရွက်ရန် အစီအမံ များ ရေးဆွဲ ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

## ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

ကြီးကြပ်စစ်ဆေးခြင်းသည် လုပ်ငန်းများ အကောင်အထည်ဖေါ် ဆောင်ရွက်နေစဉ် ကာလအတွင်း ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပြီး အကဲဖြတ်ခြင်းမှာ စီမံကိန်း အစီအစဉ်တစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက်ရသဖြင့် ထွက်ပေါ်လာသည့် ရလဒ်များကို တန်ဖိုးဖြတ်သည့် လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။

### ၉.၁၃.၁ ရည်ရွယ်ချက်များ

**ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာရည်ရွယ်ချက်များ**

၁။ တိုးတက်မှုနှင့် ရလာဒ်များကို ခန့်မှန်းအကဲဖြတ်ရန်။

၂။ အခက်အခဲများကြုံတွေ့ဖွယ်ရှိသည့် နယ်မြေ (Potential Problem Areas) များကို မီးမောင်းထိုးပြရန်။

၃။ ကုန်ကျစရိတ်သက်သာသည့် လုပ်ကိုင်နည်းစနစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်။

၄။ ပိုမိုထိရောက်မှုရှိပြီး စနစ်ကျသည့် လုပ်ကိုင်နည်းများကို ကျင့်သုံးရာတွင် စီမံကိန်း အကောင်အထည်ဖေါ်သူများကိုပံ့ပိုးကူညီရန်တို့ဖြစ်ပါသည်။

**အကဲဖြတ်ခြင်းဆိုင်ရာရည်ရွယ်ချက်များ**

စီမံကိန်း/လုပ်ငန်း၊ အစီအစဉ်တစ်ခုကို အကောင်အထည်ဖေါ် ဆောင်ရွက်ရာမှ ရရှိလာသည့်ကျိုးကြောင်းဆီလျော်မှု၊အခြေခိုင်ခြင်း (Validity)၊ထိရောက်မှုများ (Effectiveness) နှင့်လျော်ကန်သင့်မြတ်မှု (Worthiness) စသည့် အချက်များအပေါ် အခြေခံသော လက်တွေ့ သင်ခန်းစာများကို နောင်လုပ်ကိုင်မည့် အလားတူ လုပ်ငန်းများအတွက် ထုတ်ဖေါ် အသုံးချ သွားနိုင်ရန်။

လုပ်ဆောင်မှုများနှင့် ဆက်နွှယ်နေသည့် အကြောင်းတရားများ၊ အကျိုးသက်ရောက်မှု များနှင့် လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျ စီစစ်ရန် တို့ဖြစ်ပါသည်။

## ၉.၁၃.၂ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစနစ်/ နည်းလမ်း

သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရာတွင် လုပ်ငန်းကြီးကြပ်သည့်စစနစ် ( Monitoring System )သည် အောက်ပါအချက်အလက်များကို သုံးသပ်သွားမည်ဖြစ်ပါသည်။

၁။ ရေးဆွဲချမှတ်ထားသည့်စီမံကိန်းပါ အချက်အလက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်ရရှိသည့် အောင်မြင်မှုများနှင့် တွေ့ကြုံ ရသည့် အခက်အခဲအတားအဆီးများ၊

၂။ တာဝန်ယူဆောင်ရွက်မှုများ၏ အရည်အသွေး

၃။ ကုန်ကျမှုနှင့်အကျိုးရှိမှု၊

၄။ ဝင်ငွေနှင့်သုံးငွေ

၅။ သွင်းအားစုများ (ငွေကြေး၊ လူအင်အားနှင့်လုပ်ငန်းသုံး ပစ္စည်းများ စသည့်) ရရှိနိုင်မှုနှင့် အသုံးပြုမှု၊ ထို့အတူ အကဲဖြတ်သည့်စနစ် (Evaluation System)သည်လည်း စီမံကိန်း ကာလတစ်လျှောက်လုံးတွင် အကဲဖြတ် ခြင်း (၄)မျိုးကိုဆောင်ရွက်သွားပါမည်−

၁။ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း

၂။ စီမံကိန်းအလယ်အကဲဖြတ်ခြင်း

၃။ စီမံကိန်းအဆုံးအကဲဖြတ်ခြင်း

၄။ လုပ်ငန်းပြီးဆုံးပြီးနောက်အကဲဖြတ်ခြင်း

သစ်တောကဏ္ဍတွင် အကဲဖြတ်ခြင်းဖြင့် ချမှတ်ထားသော မူဝါဒများကို ပြန်လည်သုံးသပ်နိုင်မှုရှိပြီး၊ ဖွံ့ဖြိုးမှုလမ်းကြောင်းကို လိုအပ်ပါက ပြန်လည် တည့်မတ်ပေးနိုင်မည်ဖြစ်ပါ သည်။ ထို့ပြင် စီမံကိန်းဆိုင်ရာ အချက်အလက် များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေပါသည်။ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်း ဖြစ်စဉ်တစ်ရပ်တွင် စုဆောင်းရရှိသည့် စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ဆန်းစစ်ခြင်း ( Assessment) ဖြစ်နိုင် သည့် လုပ်ငန်းစဉ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Analysis)နှင့် လုပ်ငန်းအစီအစဉ်တစ်ခု ချမှတ်ဆောင်ရွက်ခြင်း (Action)တို့သည် စီမံကိန်းရေးဆွဲခြင်း အဆင့် အားလုံးတွင် ပတ်လည်ဆက်သွယ်မှုရှိပေသည်။ ဤသို့ စီမံကိန်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့်တိုးတက်မှု ပတ်လည် ဆက်သွယ်ခြင်းတွင် အကဲဖြတ်ခြင်းမှာ စီမံကိန်းပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်ကောင်းမွန်မှုကို ဖြစ်စေရန်အတွက် အရေးပါသော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ဤခရိုင်အတွင်း သစ်တော စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများတွင် စစ်ကိုင်းတိုင်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့၏ အနီးကပ် ညွှန်ကြားမှု

များဖြင့် ကြီးကြပ်စစ်ဆေးခြင်း ရည်ရွယ်ချက်များနှင့်အညီ လုပ်ငန်းမစတင်မီတွင် စနစ်တကျ စီမံချက်များ ရေးဆွဲစေလျှက် အစီအစဉ်အတိုင်း အကောင်အထည်ဖေါ် ဆောင်ရွက်လျှက်ရှိပါသည်။

စိုက်ခင်းတာဝန်ခံ တောအုပ်များ၊အထက်အရာရှိများသည် စိုက်ခင်းလုပ်ငန်းစဉ်များ စတင်ချိန်မှစ၍ အခါအခွင့်သင့်သလို ကွင်းဆင်းကြီးကြပ် စစ်ဆေးမှုများဆောင်ရွက်ပြီး လိုအပ်သော ကူညီပံ့ပိုးမှုများ ဖြည့်ဆည်းပေးခြင်း၊ တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ပေးခြင်းများ လုပ်ကိုင်ရပါမည်။ ယင်းသို့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်ပါဝင်သည့် အစီရင်ခံစာကို မပျက်မကွက် ဆင့်ကဲဆင့်ကဲ တင်ပြသွားရမည်ဖြစ်ပါသည်။ လုပ်ငန်းတိုးတက်မှုအခြေအနေကိုစဉ်ဆက်မပြတ် ကြီးကြပ်စစ်ဆေးသည့် အနေဖြင့် (၁၅)ရက် တစ်ကြိမ် တိုးတက်မှုကိုတင်ပြစေပြီးအားနည်းချက်များတွေ့ရှိပါက လိုအပ်သလို နည်းလမ်း ကောင်းများ ရှာကြံ၍ ညွှန်ကြားဆောင်ရွက်စေမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် လုပ်ငန်းအပေါ် စဉ်ဆက်မပြတ် ကြီးကြပ်စစ်ဆေးမှုအရ အားနည်းချက်များနှင့် အကဲဖြတ်သုံး သပ်ချက်များအပေါ် လိုက်နာပြုပြင်ဆောင်ရွက်ခြင်းတို့ကြောင့်လုပ်ငန်းရပ်တစ်ခုလုံးကောင်းစွာ တိုးတက် အောင်မြင်မှုရရှိမည် ဖြစ်ပါသည်။

## ၉.၁၃.၃ စီမံကိန်းကာလ အလယ်/ စီမံကိန်းကာလ အဆုံးတွင် အကဲဖြတ်ခြင်း

ယခုရေးဆွဲသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းကာလအလယ်ဖြစ်သော (၅)နှစ်တွင် တစ်ကြိမ်နှင့် စီမံကိန်းကာလ အပြီးတွင် တစ်ကြိမ်အကဲဖြတ်ရန် လိုအပ်ပေသည်။ စီမံကိန်းကာလ အလယ်ဖြစ်သော (၅)နှစ် အကြာတွင်အကဲဖြတ်ခြင်းဖြင့်မြန်မာ့သစ်တောမူဝါဒ၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်များ၏အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်နိုင်ပြီး လိုအပ်သည့်အတိုင်း စီမံကိန်း ဆောင်ရွက်မှုလမ်းကြောင်းကို ပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ချမှတ် ထားသော ရည်ရွယ်ချက်များကို လိုအပ်ပါက ပြန်လည်ပြင်ဆင်နိုင်ပြီး စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ စီမံကိန်းကာလပြီး ဆုံးသည့် အခါတွင် တစ်ကြိမ်အကဲဖြတ်ခြင်းဖြင့်ရေးဆွဲထားသည့် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို နှိုင်းယှဉ် သုံးသပ်ပြီးအား နည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်နိုင်မည်ဖြစ်ပါသည်။ ယင်းအချက်များကို သင်ခန်းစာယူ၍ နောင်ရေးဆွဲမည့် စီမံကိန်းတွင် ပိုမိုကောင်းမွန်စေရန်နှင့် ကျိုးကြောင်း ဆီလျော်ပြီး လိုက်လျောညီထွေရှိစေမည့် စီမံကိန်းကို အဖက်ဖက်မှပြည့်စုံအောင် ရေးဆွဲ ဆောင်ရွက်သွား နိုင်မည်ဖြစ်ပါသည်။ ယင်းသို့အကဲဖြတ်ခြင်း ဆောင်ရွက်ရာတွင် အောက် ဖော်ပြပါ အချက်များကို လိုက်နာ ဆောင်ရွက်ရပါမည်–

(၁) ရေရှည်ရည်မှန်းချက်များထားရှိခြင်း။

(၂) စီမံကိန်းတွင် ဆက်နွယ်နေမှုနှင့် ကျိုးကြောင်းဆီလျော်မှု၊ ထိရောက်မှုနှင့် လျော်ကန်သင့်မြတ်မှုတို့ကို အကဲဖြတ်စစ်ဆေးခြင်း။

(၃) တိုးတက်မှုနှင့်ရလဒ်များ၏ အကြောင်းရင်းများကို သုံးသပ်ရှင်းလင်း တင်ပြခြင်း။

(၄) ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုကို အလေးပေး ဆောင်ရွက်ခြင်း။

(၅) စီမံကိန်း အချက်အလက်များကိုစီစစ်ပြီး၊ ပြောင်းလဲမှုတစ်စုံတစ်ရာ ပြုလုပ်ရန် လိုအပ်ပါက ပြောင်းလဲရန် လိုအပ်သည့် အကြောင်းရင်းကို ဖော်ထုတ်ခြင်း။

(၆) ဆောင်ရွက်မှုနှင့် အောင်မြင်မှုတို့၏ အားနည်းချက်၊ အားသာချက်တို့ကို နက်နက်နဲနဲ၊ စေ့စေစပ်စပ် သုံးသပ်ပြီးရရှိသည့် သင်ခန်းစာများ ကို အစီရင်ခံတင်ပြခြင်း။

**၉.၁၄ အထွေထွေ**

သစ်တောဦးစီးဌာနသည် ကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများ ပါဝင်သည့် သစ်တော နယ်မြေနှင့်သဘာဝ နယ်မြေများကို အဓိကထား၍ စနစ်တကျစီမံအုပ်ချုပ်လျှက်ရှိပါသည်။ ယင်းဧရိယာများတွင် အမြဲတမ်းသစ်တော နယ်မြေမှာ မြန်မာနိုင်ငံဧရိယာ၏ ၁၅% နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁.၂% အသီးသီးရှိနေပြီး ဆက်လက်၍လည်း အမြဲတမ်း သစ်တောနယ် မြေကို ၃၀% နှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေကို ၁၀% အထိ တိုးချဲ့သွားရန် ရည်မှန်းဆောင်ရွက်လျှက်ရှိပါသည်။ ယခုရေးဆွဲသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံရှိ သစ်တော များနှင့် သဘာဝနယ်မြေများကို ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်ရေးအတွက်လည်းကောင်း၊ ၁၉၉၂ ခုနှစ်သစ်တောဥပဒေ၊ ၁၉၉၅ခုနှစ် သစ်တောနည်းဥပဒေနှင့် ၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ သစ်တောဝန်ထမ်းများအနေဖြင့် ဖော်ပြပါဥပဒေများ ဌာနဆိုင်ရာစည်း မျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မပျက်မကွက် လိုက်နာလျှက် ၁၉၉၅ခုနှစ် မြန်မာ့သစ်တောမူဝါဒ ရည်မှန်းချက်များအတိုင်း ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

## ၁၀။ မြေပုံနှင့်နောက်ဆက်တွဲများ

စစ်ကိုင်းခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင် အောက်ပါမြေပုံများအား ပူးတွဲတင်ပြပါသည်။

၁။ ခရိုင်အုပ်ချုပ်မှုပြမြေပုံ။
၂။ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဂထိန်းသိမ်းရေးနယ်မြေများ တည်နေရာပြမြေပုံ။
၃။ အလုပ်တိုက်နယ်၊ ခုတ်စဉ်၊ ခုတ်ကွက်စဉ်နှင့်လုပ်ကွက်စဉ်များတည်နေရာပြမြေပုံ။
၄။ သစ်တောဖုံးလွှမ်းမှုနှင့်မြေအသုံးချမှုပြမြေပုံ။
၅။ သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ။
၆။ တည်ထောင်ပြီးဌာနစိုက်ခင်းများ တည်နေရာပြမြေပုံ။
၇။ မြေယာအသုံးချမှု ဇုန်နယ်မြေခွဲခြားမှုပြမြေပုံ

**မှတ်ချက်။** ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ထားမှုမရှိသေး၍ ပုဂ္ဂလိကစိုက်ခင်း တည်နေရာပြမြေပုံ ပြုစုထားခြင်းမရှိပါ။

# စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၏ သစ်တောဖုံးလွှမ်းမှုပြမြေပုံ




**ရည်ညွှန်းချက်**

- ခရိုင်နယ်နိမိတ်
- မြို့နယ်နယ်နိမိတ်
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနယ်နိမိတ်
- ရွက်အုပ်ပိတ်တော
- ရွက်အုပ်ပွင့်တော
- တောနိမ့်
- အခြား
- ရေ

ဇစ်မြစ်- (FRA_ 2015 Data)

# စစ်ကိုင်းတိုင်းဒေသကြီး
# စစ်ကိုင်းခရိုင်
# မြေယာအသုံးချဇုံနယ်မြေခွဲဝေခြင်းများပြမြေပုံ




## ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်/မြို့နယ်နိမိတ်
- ကြိုးဝိုင်းနယ်နိမိတ်
- ကားလမ်း
- ရထားလမ်း
- လှည်းလမ်း
- မြစ်၊ချောင်း
- သစ်တောစိုက်ခင်းများဇုံ(ဌာန)
- သစ်တောစိုက်ခင်းများဇုံ(ပုဂ္ဂလိက)
- ရေဝေရေလဲထိန်းသိမ်းရေးဇုံ
- ဒေသထောက်ပံ့ရေးဇုံ

ရင်းမြစ်-
နယ်နိမိတ်- စကေး ၅၀,၀၀၀ UTM မြေပုံများ(၂၀၁၃ ခုနှစ်)

# စစ်ကိုင်းတိုင်းဒေသကြီး
# စစ်ကိုင်းခရိုင်
# အလုပ်တိုက်နယ်နှင့်ခုတ်စဉ်နယ်နိမိတ်များပြမြေပုံ




## ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်/မြို့နယ်နိမိတ်
- ကြိုးဝိုင်းနယ်နိမိတ်
- ကားလမ်း
- ရထားလမ်း
- လှည်းလမ်း
- မြစ်၊ချောင်း
- စိုက်ခင်းများအလုပ်တိုက်နယ်
- ရေဝေရေလဲအလုပ်တိုက်နယ်
- ဒေသထောက်ပံ့ရေးနှင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအလုပ်တိုက်နယ်

ရင်မြစ်-
နယ်နိမိတ်- စကေး ၅၀,၀၀၀ UTM မြေပုံများ(၂၀၁၃ ခုနှစ်)

# စစ်ကိုင်းတိုင်းဒေသကြီး
# စစ်ကိုင်းခရိုင်
# ဌာနမှတည်ထောင်ပြီးစိုက်ခင်းများပြမြေပုံ




## ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်/မြို့နယ်နိမိတ်
- ကြိုးဝိုင်းနယ်နိမိတ်
- ကားလမ်း
- ရထားလမ်း
- လှည်းလမ်း
- မြစ်၊ချောင်း
- သစ်တောဦးစီးဌာနမှတည်ထောင်ပြီးစိုက်ခင်းများ
- အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှတည်ထောင်ပြီးစိုက်ခင်းများ

ရင်းမြစ်-
နယ်နိမိတ်- စကေး ၅၀,၀၀၀ UTM မြေပုံများ(၂၀၁၃ ခုနှစ်)

# စစ်ကိုင်းတိုင်းဒေသကြီး
# စစ်ကိုင်းခရိုင်
# ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေနယ်နိမိတ်များပြမြေပုံ

မြောက်

စကေး ၁ လက်မ = ၇ မိုင်




## ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်/မြို့နယ်နိမိတ်
- ကြိုးဝိုင်းနယ်နိမိတ်
- ကားလမ်း
- ရထားလမ်း
- လှည်းလမ်း
- မြစ်၊ချောင်း

ရင်မြစ်-
နယ်နိမိတ်- စကေး ၅၀,၀၀၀ UTM မြေပုံများ(၂၀၁၃ ခုနှစ်)

# စစ်ကိုင်းတိုင်းဒေသကြီး
# စစ်ကိုင်းခရိုင်
# သစ်တောဘီနယ်အုပ်ချုပ်မှုပြမြေပုံ

မြောက်

စကေး ၁ လက်မ = ၇ မိုင်




## ရည်ညွှန်းချက်

| | |
|---|---|
| (အနက်ရောင်မျဉ်း) | ခရိုင်နယ်နိမိတ်/မြို့နယ်နိမိတ် |
| (အစိမ်းရောင်မျဉ်း) | ကြိုးဝိုင်းနယ်နိမိတ် |
| (အနီရောင်မျဉ်း) | ကားလမ်း |
| (+++++) | ရထားလမ်း |
| (-------) | လှည်းလမ်း |
| (အပြာရောင်မျဉ်း) | မြစ်၊ချောင်း |

ရင်မြစ်-
နယ်နိမိတ်- စကေး ၅၀,၀၀၀ UTM မြေပုံများ(၂၀၁၃ ခုနှစ်)

# စစ်ကိုင်းတိုင်းဒေသကြီး
# စစ်ကိုင်းခရိုင်
# အုပ်ချုပ်မှုပြမြေပုံ

မြောက်

စကေး ၁ လက်မ = ၇ မိုင်




## ရည်ညွှန်းချက်

- ခရိုင်နယ်နိမိတ်/မြို့နယ်နိမိတ်
- ကြိုးဝိုင်းနယ်နိမိတ်
- ကားလမ်း
- ရထားလမ်း
- လှည်းလမ်း
- မြစ်ချောင်း

ရင်းမြစ်-
နယ်နိမိတ်- စကေး ၅၀,၀၀၀ UTM မြေပုံများ(၂၀၁၃ ခုနှစ်)